# ရတနာပုံမနိဒါန်း

ဒဂုန်နတ်ရှင်

အဖုံးပန်းချီ ...... ဦးမျိုးဝင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမနှိပ်ခြင်း၊ ၁၉၇၆ ခု၊ အုပ်ရေ ၂၅,၀၀၀

ရန်ကုန်မြို့၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊
စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး ဦးထင်ကြီး
(မှတ်ပုံတင်အမှတ် ၀၄၈၀)က ထုတ်ဝေသည်။

စာပေဗိမာန် ပုံနှိပ်တိုက်အတွက်
ဂုဏ်ရောင်ပုံနှိပ်တိုက် (၀၁၁၆ မြ) ဦးကျော်ဝင်း
အမှတ် ၁၉၊ ၈၉ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က
ရိုက်နှိပ်သည်။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| အခန်း ၁ | မန္တလေးဟူသောအမည် | ၇ |
| | မြို့တော်သစ်တည်ရေးကို ထောက်ခံသူနှင့်ကန့်ကွက်သူ၊ ဘာကြောင့် မြို့တော်သစ်တည်ရသနည်း။ | |
| ၂ | ရတနာပုံ မြို့တည်နန်းတည် မင်းတရား | ၂၄ |
| | မြို့တော်သစ် တည်ဆောက်ခြင်း၊<br>မြို့တော်၏ အမည်၊<br>ချမ်းမြေ့အေးကြည် ရတနာပုံမနေပြည်၊ | |
| ၃။ | လက်ထက်တော်ကြီးနှင့် သာသနာရေး | ၄၃ |
| | ပိဋကတ်သုံးပုံ ပေထက်အက္ခရာတင်ခြင်း၊<br>ပိဋကတ်တော်များ ကျောက်ထက်အက္ခရာတင်ခြင်း၊<br>ပဉ္စမသင်္ဂါယနာတင်ခြင်း၊<br>မင်းတုန်းမင်းလက်ထက် သံဃာအစည်းအရုံးများ၊<br>ဓမ္မဝိနယအမိန့်တော် ပြန်တမ်းထုတ်ခြင်း၊<br>သာသနာပိုင်ဆရာတော် ပြန်လွန်တော်မူခြင်း။ | |

၄။ ရွှေမြို့တော်၏ လူမှုရေး စီးပွားရေး နှင့် — ၆၈
အထွေထွေ

ကုန်သွယ်စီးပွားရေး၊ ရပ်ကွက်များ၏အမည်၊
ရတနာပုံခေတ် မြန်မာပိုင် မီးသင်္ဘောများ၊
ရတနာပုံခေတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊

၅။ ကျောင်းကန်ဘုရားနှင့် စေတီပုထိုးများ — ၈၃

လက်ထက်တော်ကာလေး။
ကုန်းဘောင်မင်းဆက်၏ နိဂုံး။

# စကားချီး

ရတနာပုံမန္တလေး နေပြည်တော်၏ အကြောင်းအရာတို့နှင့် စပ်သက်၍ ခေတ်ဟောင်းပညာရှိ ပုဂ္ဂိုလ်ကြီးများသည် မြန်မာ့ ဂုဏ်သိန် မတိမ်ကောစေရန် ရည်ရွယ်လျက် မိမိတို့၏ မျက်မှောက် ခေတ် အဖြစ်အပျက် မျိုးစုံတို့နှင့်တကွ မြန်မာ့ရိုးရာ ဓလေ့ဘာသာ ယဉ်ကျေးမှု အဖြာဖြာတို့ကို နောင်လာနောက်သားတို့ သိရှိလေ့လာ မှတ်သားနိုင်ကြစေခြင်းအကျိုးငှာ မော်ကွန်း၊ ကျောက်စာ၊ လင်္ကာ သံပိုင်းစသော မှတ်စုမှတ်ရာ အဖြာဖြာတို့ဖြင့် ပြုစုရေးသား တင်ပြခဲ့ကြပါသည်။

ထိုမှတ်စုမှတ်ရာတို့မှာ များသောအားဖြင့် ပေစာ ပုရပိုက်စာ များဖြစ်သဖြင့် ရှိကြ၍ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိသည်မှာ လွန်စွာ နည်းပါးလှပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင် တော်ကြီး သုံးတွဲ၌လည်း မန္တလေးမြို့တော်၏ အကြောင်းကိုသာ ဖော်ပြသည်မဟုတ်။ ရောပြွမ်းတွေ့လာ အကြောင်းမျိုးစုံ ပါရှိနေ သဖြင့် ရွှေမြို့တော်၏ အကြောင်းသိကောင်းစရာ အဖြာဖြာတို့သည် များစွာပင်ကျန်ရှိနေပါသည်။ အချို့သံပိုင်း ကျောက်စာ မော်ကွန်း စာတို့တွင် ပါရှိသည်မှာလည်း ကဗျာလင်္ကာဖြင့်သာ ဖော်ပြထား သဖြင့် လူတိုင်းအဖို့ ဖတ်ရှုရန် လွယ်ကူလှမည်မဟုတ်ဟု ယူဆမိပါ သည်။ အချို့ မန္တလေးမြို့တော် အကြောင်းများနှင့် စပ်လျဉ်း၍ စပ်ဆိုင်သလို ကြားညှပ် ဖော်ပြထားကြသော ရာဇဝင်သမိုင်းနှင့် ဆောင်းပါး စာတိုမှတ်စုများတို့ တွေ့ရပါသည်။

မန္တလေးမြို့တော်၏ အကြောင်းကို စကားပြေနှင့် သီးခြား ရေးသားထားသော စာအုပ်မှာ ၁၃၀၀ ခုက ရေးသားသော ရတနာပုံ ဖိုးမှတ်စု၏ "မန္တလေးသမိုင်း" စာအုပ်သာလျှင် တွေ့ရှိသည်ဟု ထင်ပါသည်၊ အမှန်အားဖြင့် မင်းနှစ်ဆက်အုပ်စိုး၍ သွားသော မန္တလေး၏ ရှေးဖြစ် ကြောင်းရာတို့မှာ လောကီ လောကုတ္တရာ သိဖွယ်မှတ်ဖွယ်ရာ တွေးစရာ ဆွေးစရာတို့နှင့်တကွ ရေး၍ပင်မကုန်အောင် များလှပါသည်။ ထို့ကြောင့်ခေတ်သစ်သုခေသိပုဂ္ဂိုလ်တို့အား ခေတ်နှင့်လျော်သော မြို့တော်သမိုင်းသစ်ကို ပြုစုကြရန် ဤစာစောင်ငယ်ဖြင့် တိုက်တွန်းလိုပါသည်။ ကျွန်ုပ်တို့အဖို့မှာ မြို့တည်နန်းတည် မင်းများ၏ မျက်မှောက်ခေတ်ကို မကြုံလိုက်ရ သဖြင့်တကြောင်း၊ ရွှေမန်းမြို့တော်၏ သမိုင်းသစ်ကို ရေးသားပြုစုရန် အခါအခွင့်ကောင်း မကြုံသဖြင့်ရင်း၊ အ ကြောင်း ကြောင်းတို့ကြောင့် ရေးသားခြင်းမပြုရပါ။ သို့သော် ရတနာပုံနေပြည်တော်၏ အကြောင်းကို စာစောင်ဟောင်း များတွင် စိတ်ပါဝင်စားစွာနှင့် ဖတ်ရင်းမှတ်ရင်း အရှင်မဟာရဋ္ဌသာရပုဂ္ဂိုလ်ကျော်သည် အင်းဝမြို့တော်နှင့်တကွ ဘုရင်မိဖုရားနှင့် မြို့တော်နေလူအများတို့၏ စားဝတ်နေထိုင်ရေး ဆိုင်ရာ ရိုးရာယဉ်ကျေးမှု အစုစုတို့ကို ကဗျာငါးခု ပုဒ်ရေ ၄၀ ခုရှိသော "တံဆားဦးတည်မော်ကွန်း" ဖြင့် အကျဉ်းရေးသား ပြုစုခဲ့ကြောင်း တွေ့ရှိပါသည်။ ထိုမှတပါး ဇော ဆရာကြီးဦးပုည၏ မန္တလေးမြို့ကြောင်းကို အကျဉ်းချုံး ၆၅ ပုဒ် ပါသော "မန္တလေးဘွဲ့" မော်ကွန်းဖြင့် ပြုစုရေးသားခဲ့ကြောင်းတွေ့ရပါသည်။ သို့ဖြစ်၍ ထိုစာပေတို့ကို နောက်ခံထားပြီး စာပန်းချီသွားပုံကားတချပ်အနေဖြင့် ဤ"ရတနာပုံနိဒါန်း" စာကိုရေးသားပါသတည်း။

ဒဂုန်နတ်ရှင်

# မန္တလေးဟူသောအမည်

ရွှေးဖျားပုံယင်၊ မင်းနှင်နှင်ထို့၊ ဥကင်ဖွင့်ထိုက်၊ ကိန်း မကြိုက်သား၊ မကိုင်မန်းညာ၊ မြေမျက်နှာတက်၊ ဤမှာ ကားမြို့၊ ဤသို့ရွှေနန်း၊ ကြွင့်မှန်းလူလူ၊ စိုက်ထူပြီးကာ၊ သာ သနာကို၊ မွှာပစ္စယ၊ မြင်မျှသီးသီး၊ မြောက်ဖြီးစေရန်၊ နတ်ရှင့်ဝန်ဟု၊ ပြည့်သွန်အိပ်မက်၊ သိကြားဆက်သည်၊ မန်း နက်သန့်သို့ ရည်စူးတည်း။

ဝင်းသဒိုးဘုဒ္ဓာမဟာသက်တော်ရှည် ကင်းဝန်မင်းကြီး ရေး သားတော်မူခဲ့သော "ရတနာနန္ဒီမော်ကွန်း"ကို ဖတ်ရှုနေရင်း ဤစာပုဒ်ကလေးကို မြင်မိပါသည်။ ထိုအခါ၌ ခေတ္တမျှ ရပ်နားပြီး စဉ်းစားစဉ် စလေဦးပုညရေးသော မန္တလေးဘွဲ့ မော်ကွန်းကို သတိရပြန်ပါသည်။ မန္တလေးကို တရေးရေး မြင်ယောင်လာပါ သည်။ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော မန္တလေးနှင့်ဝေးခဲ့သည် မှာနှစ်ပေါင်း အတော်ပင် ကြာပါလေပြီ။ သို့ပါသော်လည်း ဘဝ ဇာတိ ဖြစ်ပေါ်ခဲ့သည့် ဘုမ္မိနက်သန် နေရင်းဌာနကို အဖန်ဖန် သတိရသျက် ခဏခဏပင် တွေးရင်း လွမ်းဆွေး တသမိပါသည်။ ထို့ကြောင့်ပင် ရတနာပုံမြေနေပြည်တော်နှင့် စပ်လျဉ်းသော ကဗျာ လင်္ကာ စာတိုပေစ ဂီတသမိုင်း စသည်တို့ကိုထပ်တလဲလဲ ကောက် ယူကြည့်ရှုမိပါသည်။

သက်တော်ရှည် ဝန်မင်း၏ အထက်ပါ မူရင်းစာတိုကလေးကို ကြည့်ရှုခိုက် စိတ်၌တွေးမိသည်မှာ မင်းတုန်း မင်းတရားကြီးသည်

ဘိုးတော်ဘုရားအစ ရွှေဘိုမင်းအလယ် ပုဂံမင်းဝယ် နောက်ဆုံး မင်းသုံးပါးတို့စံစားတော်မူခဲ့သော အမရပူရမြို့တော်တွင် ခည်းတော် ရွှေဘိုမင်းနှင့်အတူ စံနေတော်မူစဉ်ကပင် "မန္တလေး" ဟူသောအမည်ကို ရွှေစိတ်တော်၌ ဥပါဒါန်စွဲကပ်ခဲ့ဟန်တူသည်။ "မန္တလေး" ဟူသော အမည်ရင်းကား ဆဒ္ဒါန်ပေါက်မသေချာ ဘိုးတော်ဘုရင်သည် ရတနာပူရအင်းဝမြို့တော်မှ ပြောင်းရွှေ့၍ တောင်သမန်အနီး ထီးဖြူပင်ရအရပ်တွင် အမရပူရမန္တလဌာနီ ဟူသော အမည်ဖြင့် မြို့သစ်တည်ထောင် စံနေတော်မူခဲ့ပါသည်။ ထိုအမရပူရမြို့ကိုပင် မန္တလေးဟုခေါ်ကြပါသည်။

ဝဏ်မစွင့်မြို့ဘွားမင်း စာဆိုတော်နဝဒေးကြီး၏ ရခိုင်နိုင် မော်ကွန်းတွင် "အမရပူရ၊ ဘုံနန္ဒဟု၊ မြိန်မဘွမ်ကိုင်၊ ထီးနန်းစိုက်၍၊ တိုက်တာသိန်းနေ၊ ကိန်းတုငွေဘွင်၊ မြေရေမိုးထွတ်၊ ပြင်မျိုးသွတ်သည်၊ ဝိငင့်ဌာယီ၊ ပေါ်စဆီက၊ ဝဝိကာန္တတ်၊ မှန်မယုတ်ကိုး၊ ပေစုစ်လဲသိမ်၊ မြို့ဌာနိုပ်သား၊ ဂိရိဗ္ဗင၊ ဝေပူလသို့၊ ပဏ္ဍုမြားရောင်၊ ညီးညီးပြောင်သည်၊ ရွှေတောင်မဝေး၊ မန္တလေးမှ၊ တကွေး ထောင့်ချိုး၊ မြင်ထင်မိုးတား၊ ပုဆိုးကြီးအောက်၊ ကြက်ယက်မြောက်ဝယ်၊ ရွှေနောက် တောင်မြစ်၊ ဝန်းပြောင်ရစ်လျက်" ဟု စပ်ဆိုခဲ့ပါသည်။

ထိုစဉ် အချိန်အခါကပင် မန္တလေးဟူသော အစွဲအမှတ်သည် စင်းလုံးမင်းတို့နှလုံးသားတွင် ကပ်ငြိနေမည်ဟု ယူဆရပါသည်။ ထိုအစွဲအလမ်းသည် အိပ်မက်ထဲမှာပင် ဝင်ရောက်လာပြီးလျှင် ဘုရင်ဖြစ်သောအခါ ရတနာပုံမန်းမြို့ကြီးကို တည်ထောင်မည်ဟု သန္နိဋ္ဌာန်ပြုခဲ့ပါသည်။ ထိုအကြောင်းကို အစတွင် ဖော်ပြခဲ့သော ကင်းဝန်မင်းကြီး၏ ရတနာနဒီမော်ကွန်း စာပုဒ်ဖြင့် ထင်ရှားခဲ့ပါသည်။ ထိုမော်ကွန်းစာကိုဖတ်ရှုမိသော ခေတ်သစ် လူငယ်များ

သည့် မင်းတုန်းဘုရင်ကြီးအား အိပ်မက်ကို ယုံကြည်ပြီးလျှင် မြို့တော်ကြီးတခုကို တည်ထောင်တော်မူသည်ဟု အယူအဆများမကြပေလိမ့်မည်။ ထိုသို့ ပေါ့ပေါ့ဆဆ တွေးကြခြင်း မပြုမိကြစေရန် စိတ်၏ဥပါဒါန်ကို အနည်းငယ်ရှင်းပြလိုက်ပါသည်။

## မြို့တော်သစ်တည်ရေးကို ထောက်ခံသူနှင့်ကန့်ကွက်သူ

ထိုအချိန်တွင်မန္တလေးမြို့တော်ကြီး၏သဏ္ဍာန်သည်မင်းတုန်းမင်းတရား၏နှလုံးသားတွင် ထင်လျက်နေသောအရိပ်မျှသာဖြစ်ပါသေးသည်။မြို့တော်မြေနေရာပင် မပြုပြင်ရသေးပါ။မန္တလေးမြို့တော်ကြီးတည်ဆောက်ရန်စိတ်ကူးချိန်မှာပင် ဘုရင်၏နန်းတော်ကြီးထဲ၌ရှုပ်ရှုပ်သဲသဲ ဝေဖန်သံ ပြောဆိုသံတွေ မစဲမအောင်ကြား၍ နေရသည်ဟုသိရပါသည်။ထိုဝေဖန်ပြောဆိုကြသူများထဲတွင်ရဟန်းပညာရှိကြီးများ၊ အရာရှိ အရာခံ မှူးကြီးမတ်ကြီးများနှင့်တကွ ရပ်ရွာပညာ ပါရဂူကြီးများ ပါဝင်ခဲ့ပါသည်။ မင်းတုန်းမင်းတရားကြီးအဖို့မှာ ထိုဝေဖန်သံများကိုအကြိမ်ကြိမ် အဖန်ဖန် ပြန်လှန်စိစစ်စဉ်းစားမည်ဟု ယုံကြည်မိပါသည်။ ရှေးက ဝေဖန်သူများကလည်း မင်းတုန်းမင်းတရားကို ပေါ့ပေါ့ဆဆ တွေးဆတတ်သူ ဟူ၍၎င်း၊တဇွတ်ထိုး ထင်ရာ မြင်ရာ အကြောင်းအကျိုးမဲ့ပြုလုပ်တတ်သူဟူ၍၎င်း၊ ပညာမဲ့သူဟူ၍၎င်း ဤကဲ့သို့ကား အထင်အမြင်မသေးကြပါ။

မင်းတုန်းမင်း၏စိတ်နေစိတ်ထားနူးညံ့သိမ်မွေ့ခြင်း၊ ဗုဒ္ဓတရားတော်ကို ရိုသေလေးစားခြင်း၊ အကြောင်းအကျိုးဆက်စပ်၍ တွေးခေါ်မြော်မြင်ချက်ကြီးခြင်း စသည်တို့ကိုမူကား ကောင်းစွာရိပ်မိသိရှိကြပြီးဖြစ်ပါသည်။ မြို့တော်ကြီးတခုလုံး ပြောင်းရွှေ့၍ မြို့တော်သစ်တည်ဆောက်ရမည်မှာ အိမ်တလုံးကျောင်းတဆောင်တည်ဆောက်သကဲ့သို့ မလွယ်ကူကြောင်းကို သာမန်အတွေးအခေါ်ဖြင့်ပင် သိနိုင်ပါသည်။ ဘုရင်မင်းတရားကြီးကား မိမိ၏အ

ကြီးကိုမမျှော်ခဲ့ အချိန်အခါကိုသာစောင့်လင့်၍နေပေလိမ့်မည်။ ထို အချိန်အတွင်း၌ ထိုကိစ္စနှင့်ပတ်သက်ပြီး ဝေဖန်သံတို့သည် အသံမစဲ ထပွဲပွဲကြားလျက်သာ နေရပါသေးသည်။

အချို့ရှင်ရှင်ပညာရှိကြီးများက "အမရပူရမြို့တော်မှာ လူနေ အိမ်ခြေများပြီး မြို့ကျဉ်းလို့သား၊ ပြည့်ရန်စွယ်အန္တရာယ်များ လတ် တခေလာ မြင်သို့သား၊ လုံခြုံမှု မရှိလို့သား၊ ဒီလိုဖော်ယင် ဘာ ကြောင့် မြို့သစ်တည်ဆောက်ရမလဲ" ဟုဝေဖန်ကြသည်။ အချို့က လည်း "ဒို့နေတဲ့ အမရပူရမြို့တော်ကြီးဟာ ဗျာဒိတ်တော်နဲ့ ထိုက် သမိုင်းအရ တည်ထောင်ထားတဲ့ မြို့တော်ကြီးပဲ။ မြဝတီခင်းကြီး ကိုယ်တိုင် ချီးကျူးထားတဲ့ စာမှာ 'ရှုတိုင်းငယ်စိုး၊ မြရေညိုတောင် သနန်ကား၊ မြောင်ပတ်ရံဆီး၊ မီးစုံပွင့်မရှေ၊ ဗျာသိုက်ကယ်ရန်အောင် ချွေတဲ့၊ မန်းခေါင်ဇွဲမြေညှာမော့မှာ၊ ဘိုးတော်ပြည်ကြီး' လို့ တွေ့ရပါတယ်။ အမရပူရဟာမန်းမြို့အစစ်ပါပဲ၊ နောက်ထပ်ပေါ်တဲ့ မန္တလေးဟာ ဒုတိယမန္တလေးဖြစ်မှာပေါ့။ ဘာထူးသေးလဲ" ဟု ပြောရာ ထိုစကားကိုထောက်ခံသူတဦးက "မှန်ပါတယ်။ ရှေးပညာ ရှင်ကြီးတွေက မင်းဝံထောင်ညွန့်အဆုံး မြေခုံသန့်လျက်စွန်းဝယ် တည်ထားသော ရတနာပူရအဝမြို့မှ မန္တလေးနှင့် တပြေးတည်း မြေညီရာအမရပူရမြို့တော်ကို ဘိုးတော်ဘုရားတည်ဆောက်သည်ဟု ဆိုကြပါတယ်။ ဒီအကြောင်းကို လက်ဝဲသုန္ဒရ အမတ်ကြီးက ဘိုး တော်ဘုရား၏ မုဒ္ဒါဘိသိက် မော်ကွန်းပုဒ်ရေ ၃ တွင် 'ရွှေဥဒါန် တော်ဖြင့်ချိန်သော်ယခု၊ သုံးလူရိုက်ရာ၊ စက်နှစ်မြွာထား၊ ညာဆန် မှဝေး၊ မန္တလေးဝယ်၊ တည်ရေးချိန်ထောက်၊ ရောက်ပေပြီဟု၊ ပြောင်းချီသိမ့်၊ အောင်မြေရှာ၍၊ ရေထုပြောကျယ်၊ အောင်ပင်လယ် ဟု၊ စပ်နွယ်မဝေး၊ မန္တလေးနှင့်၊ တပြေးတည်းသာ၊ စည်မျက်နှာ သို့၊ ပမာခဲ့နှိုင်၊ ဝိရိဥ္စာ၊ ပုံနှုန်းကျသား' လို့ စပ်ဆိုထားခဲ့ပါတယ်" ဟု ရှုတ်ဆိုပြီး ထောက်ခံပါသည်။

ဤကဲ့သို့ ရပ်ရွာပညာရှင်ကြီးငယ်တို့က ဝေဖန်ပြောကြသော အသံများအပြင်၊ ရဟန်းပညာရှိကြီးအချို့က မြို့သစ်တည်မည်ဆိုသည့်ကို ကန့်ကွက်ပြောဆိုကြသောအသံများ ကြားသိရပါသည်။ ကန့်ကွက်ကြသော ရဟန်းပညာရှိများတွင် ဘုံကျော်ဆရာတော်ဘုရားကြီးသည် အပြင်းထန်ဆုံးဖြစ်ပါသည်။ ဆရာတော်ကြီး၏အကြောင်းပြချက်မှာ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲမှ ယမ်းခိုးယမ်းငွေ့များပင် မငြိမ်းသေး။ အင်္ဂလိပ်မျက်နှာဖြူတို့နှင့် စစ်ပြေငြိမ်းရေးပင် မလုပ်ရသေး။ အမရပူရမြို့ပေါက်သည့်ဒဏ်ကို ငြီးသူတို့ အလူးအလဲခံရဆဲအချိန်ဖြစ်သည်။ မင်းတုန်းမင်းသည် နောင်တော်ပုဂံမင်းကိုနန်းချ၍ ကောဇာသက္ကရာဇ် ၁၂၁၄ ခု တပေါင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့တွင် အမရပူရ ရွှေနန်းကိုသိမ်းမြန်းခဲ့သည်။ (ထိုအချိန်က မင်းတုန်းမင်း၏အသက်မှာ ၃၈ နှစ်၊ ခုနစ်လနှင့် ၂၃ရက် မျှရှိသေးသည်။)

ထိုအချိန်က မြို့ပေါက်သည့်ဒဏ်ချက်သည်လည်း မြို့သူမြို့သားအများပင်ခံရ၍ ဒဏ်ချက်မပျောက်တတ်သေး။ ယခုရွှေနန်းရပြီး၍ သုံးနှစ်မျှသာ ကြာသေးသည်။ မြို့သစ်ကို တဖန် တည်မည်ဆိုလျှင် မသင့်တော်ဘူး ဟူ၍ရင်း အကြောင်းပြပါသည်။ ထိုအကြောင်းပြချက်တွင် စစ်ဘေးစစ်ဒဏ်နှင့် ထကွ မင်းပြောင်းမင်းလွှဲ မြို့ထောင်ဖရိုဖရဲ ဖြစ်ရသည့်ဒဏ်ချက်မှာ သေးငယ်လှမည် မဟုတ်ပါ။ ထိုဒဏ်ချက် မသေးငယ်ကြောင်း တွေးမိသည်မှာ ထိုအချိန်က စလေဆရာကြီး ဦးပုညကိုယ်တိုင် ဆင်းရဲဒဏ်ကိုခံလိုက်ရသဖြင့် ဆရာကြီးရေးသော လှေအလှူခံ မေတ္တာစာတွင်

အထက်စကား၊လှေ၄ါးရင်းတတိကို၊ ဉာဏ်မျက်စိမနော
နှင့်၊ လှန်လှော၍ကြည့်ရာတွင်၊ ဝတ္ထုငွေစ၊ လှေခမ္ဘဆိုလျှင်၊
ဖျင်တိုအထွာ၊ သပြာတရွေး၊ ဆံတမွေးမျှ၊ ပေးစရာမပေါ်၊
ရွှေမြို့တော် စန်းကျင်၊ ရှာဖြန့်လျှော်ထည်း၊ လွှချင်ဘူနတ္ထိ၊

ကြက်ကြွက်တွေအောင် ထောင်းထွာသာ ရှိတော့သည်၊ ထိ ရင်းစွဲဒါယကာ၊ သင်္ဂါချို့၊ ထိုသူတို့လည်း၊ မြို့ပေါက် မှာမျောကြရှုံ၊ ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်၊ ဒါးပတ် လွှာချင်း၊ ထောင် ရက်ချန်၊ ရေရက်မှုန်ရှင်၊ ကာပ်ကျန်ခွဲတော၊ ဖွတ်တို့အများကို၊ လှူစေသိုသောဝတ္တုနိပါတ်၊ ဝိဋကတ် ကို၊ လျှာပြွတ်အောင် ဟောသော်လည်း၊ ဟောရင်းသာ မနေကြတော့ပဲ” စသည်ဖြင့် ဖေါ်ပြထားသည့် အတိုင်း မြင်ပေလိမ့်မည်။ စသေဦးပုညသည် ကိုယ်တွေ့ကြုံရသူ တဦးဖြစ်၍ စေ့ချက်ကို စုံသင်စွာဖော်ပြသည်ဟု ယုံကြည်ဖွယ်ဖြစ်ပါသည်။

သုံးကျော် ဆရာတော်ကြီး၏ အမြင်မှာ မြို့တော်ကို ခဏခဏ မပြောင်းသင့်။ မကြာခဏ ပြောင်းကြရလျှင် အိုးခွက်စသောင်းပင် ကျန်တော့မည် မဟုတ်ကြောင်း မြင်တော်မူပါသည်။ ထို့ကြောင့် ဝင်“မြို့ဘည်နန်းတည်မင်း ဟုအခေါ်ခံချင်စိတ်ပိနေသည်။ နန်း ဆက်သုန်းယိမ့်မည်”ဟု မိန့်တော်မူခြင်း ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီးကား မှန်သည်ဟု ယူဆထားချက်ကို ဝှက်ကွက်အားနာခြင်း မရှိ၊ ထိတ်သန့်ခြင်းမရှိ။ မည် သူ့ကိုမဆို တိဘိ ချက်ကျ ဖွင့်ထုတ်ပြော ပြတော်မူလေ့ရှိပါသည်။ ထိုဘန့်ကွက်ချက်အတိုင်းပင် မန္တလေးမြို့ ကြီးတည်ဆောက်ပြီး၍ ဆရာတော်ဘုရားကြီးများအတွက် ကျောင်း ကြီးများ အသစ်ဆောက်လုပ်ပြီးသဖြင့် ဘုံကျော်ဆရာတော်ကြီးကို ပင့်ရာ လိုက်ပါတော်မမူသည့်အပြင် “နင်တို့နန္တလေးကိုငါမလိုက်၊ လူဆိုဘာ သူများအကဲ့ရဲ့ လက်ညှိုးထိုးမခံရအောင် နေထိုင်ရမြဲဖြစ် သည်။ နင်ဘို့မြို့မှာ ဘုရားကပင် လက်ညှိုးထိုးခံရသောမြို့ဖြစ်သည်” ဟု အမိန့်ရှိကြောင်း ထသင့်စကားကြားမိပါသည်။ ဘုရားလက် ညှိုးထိုးဟု ဆိုခြင်းမှာ မန္တလေးတောင်ပေါ်ရှိ ရပ်တော်မူဗျာဒိတ် ပေး ဘုရားရှင်ဆုတော်ကြီးကို ဆိုလိုပါသည်။

ဘုံကျော်ဆရာတော်ဘုရားကြီးကဲ့သို့ ကန့်ကွက်ကြသော ဆရာ တော်ကြီးများမှာ ခင်မကန်ဆရာတော်၊ ကျော်အောင်စံထားဆရာ

တော်နှင့် ပြည်ဆရာတော်တို့ ဖြစ်ကြပါသည်။ ရေကျော်ရှိ လူပုဂ္ဂိုလ်ထဲမှ ကန့်ကွက်သူ အချို့တို့တွင် ပညာရှိကျော်ဝန်မင်းနှင့် တကွ အိမ်ရှေ့မင်းသားတို့ပါဝင်ကြသည်။ အိမ်ရှေ့မင်းက တုံကျော်ဆရာတော်ဘုရားကို လျှောက်ထားရာတွင် "တပည့်တော်များသည်း အရှင်ဘုရားကဲ့သို့ မြို့သစ်အမြန်တည်ဆောက်ရန် မလိုသေးပါ" ဟု လျှောက်ထားကြောင်းသိရပါသည်။ ထိုမှတပါး ဗေဒင်ကိန်းခန်း အရကန့်ကွက်သော ပုဏ္ဏားပညာရှိကြီးမှာ ပင်ရောဟိတ်ဦးရာမ ဖြစ်ပါသည်။ ဦးရာမသည် ဗေဒင်ကိန်းအရ ထာဝရ ဇော်မ စသော ကိန်းများကိုတွက်ချက်ပြီး ကန့်ကွက်ပါသည်။ ကန့်ကွက်ချက်မှာ ပြင်းထန်လှသဖြင့် ဆရာကြီးရာမကို အပြစ်ပေးပြီး ဗန်းမော်သို့ ပို့လိုက်ပါသည်။

ဆရာကြီးရာမ၏ ဟောချက်မှာ "ဟောကိန်းအရ မနှောယှဉ် နန်းတော် တည်ဆောက်လျှင် နန်းတော်ကို မိုးကြိုးခလိမ့်မည်" ဟု ဟော၍ ကန့်ကွက်ခြင်းဖြစ်ပါသည်။ ထိုဟောချက်အတိုင်းပင် သက္ကရာဇ် ၁၂၂၀ ပြည့် ကဆုန်လပြည့်ကျော် ၁၁ ရက် သောကြာနေ့ အချက်တီးကျော် ၅ မောင်းအချိန်တွင် မိုးသည်းစွာရွာပြီးလျှင် ပြာသာဒ်ထီးဖျား ရွှေနန်းပြာသာဒ်တော် လက်ဝဲဖက်အရှေ့ခွန် လက္ခ တိုင်ထစ် သည်မတိုင်ထစ် ကျွန်းတိုင်ထစ်များကို မိုးကြိုးခပါသည်။ ထိုသို့ မိုးကြိုးခပြီးနောက် ဆရာကြီးရာမကို ဗန်းမော်မှ ပြန်ခေါ်ယူတော်မူပြီးလျှင် "မောင်မင်း ဟောကိန်းတော့မှန်ပြီ၊ သို့သော် မြို့တော်ကို ဆက်လက်တည်ဆောက်ရမည်။ ထို့ကြောင့် ယတြာတူးများကို ဖန်တီးပေးရမည်" ဟု အမိန့်ရှိသဖြင့် ယတြာတူးများစီမံပေးရကြောင်းသိရပါသည်။

ထိုကဲ့သို့ တဖက်မှ ကန့်ကွက်သူများရှိသကဲ့သို့ တဖက်မှထောက်ခံသူ လူပညာရှိ ရဟန်းပညာရှိများရှိကြပါသည်။ ထောက်ခံသူ ရဟန်းပညာရှိကြီးများတွင် သာသနာပိုင် ဆရာတော်မှစ၍သင်ရှား

သော တံဆိပ်တော်ရ ညောင်ကန်ဆရာတော်၊ ကတိုးဆရာတော်၊ ပုသိမ်ဆရာတော်၊ ခွေးချိုဆရာတော်၊ တိလောကဂုရု ဝိဘင်္ဂါဒိ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်တို့ ဖြစ်ကြပါသည်။ ထိုဆရာတော်ကြီးများမှာ ထောက်ခံချက်ကို သွင်းစာဖြင့် ထွင်းအပ်ကြရပါသည်။ ထိုကဲ့သို့ကန့်ကွက်သူ ထောက်ခံသူတို့ဖြင့် ဆူပူသွပ်ရှားလျက် စကားအမျိုးမျိုး အယူအဆအမျိုးမျိုးဖြစ်နေကြသော်လည်း မင်းတုန်းမင်းတရား၏ စိတ်ထားမှာ တစိုးတစိမျှ ပျောင်းအိ ပျော့ခွေ စိတ်လက်မလျော့ခဲ့ပါချေ။

ဘုရင်ကြီးကား ပြင်းပြလှသော စိတ်ဓာတ်ဖြင့် ရွှေမန်းတောင်ခြေတွင် မန္တလေးမြို့သစ်တည်ဖို့ကိုသာ တယူသန်ဆုံးဖြတ်ချက် ချထားပြီးဖြစ်ပါသည်။ နန်းတိုင်ကို မိုးကြိုးသည်ပင် နိမိတ်ဘောင်းတိတ်ကောင်းထင်လျက် စိတ်မပျက်ပဲ ဆက်လက်၍ စီမံတော်မူပါသည်။ နူးညံ့သော စိတ်နှလုံးအတွင်းမှ ခိုင်မာတည်မြဲသော အမြူတေစိတ်ရှိသူ "အာကာသောကျား"ဟူ၍ သာ ချီးကျူးသင့်ပါသည်။ လူရော ရှင်ပါ ထက်ဝဲလက်ျာညွှပ်လျက် ဝေဖန် ပြောဆိုနေကြသောအသံများတွင် မင်းတုန်းဘုရင်ကြီး၏ မျက်မှောက်ခေတ်တွင်ကြားခဲ့ရသောအသံများမှာပါ။ ခေတ်သစ်ဖြစ်သော ယခုအချိန်တိုင်အောင် သမိုင်းကွက်ကို ကြည့်ပြီး မင်းတုန်းမင်းအား ဝေဖန် နေကြသံများကို ကြားရပါသည်။

ထိုကဲ့သို့ ဝေဖန်သံရေယဉ်ကြောတွင် မျှောလျက်နေသောမင်းတုန်းမင်း၏ ပညာခြေကို ကြားဖြတ်ဝေဖန်သံ အသစ်တခုအနေဖြင့် ဝေဖန်ရမည်ဆိုပါလျှင် ထိုဘုရင်ကြီးကား လူများစုထင်မြင်နေကြသလို ဘာသာရေး တယူသန်ကြီးကား စင်စစ်မဟုတ်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် အခြားသော လောကီရေးရာကိစ္စအဝဝတို့တွင်လည်း မင်းတရားကြီးသည် ထိုတယူသန်စိတ်မျိုးဖြင့်သာလျှင် စနစ်တကျ ဆောင်ရွက် ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

မင်းတရား၏ ထယူသန်စိတ်မှာ ဘာသာရေး ထုပ်ဆောင်ရာ၌ပင် ရှေးမြန်မာဘုရင် အဆက်ဆက်တို့ ဆောင်ရွက် လှူဒါန်းခဲ့ကြသော ကုသိုလ်တော်များနှင့် လုံးဝမတူ။ တမူကွဲပြားလျက် ထူးထူးခြားခြား ဘာသာရေး ကုသိုလ်ကြီးများကို ပြုလုပ်ခဲ့ကြောင်း တွေ့ရပါသည်။ သာသနာရေးကိစ္စကို ဆောင်ရွက်ရာတွင် သာသနာဝန်ဆောင် ရဟန်းပုဂ္ဂိုလ်တို့အား အထူးသဖြင့်ပိနည်းတော်နှင့်အညီ ဆောင်ရွက်ကြရန် စနစ်တကျ စီမံ ခန့်ခွဲခဲ့ပါသည်။

ရဟန်းတော်များကို ပစ္စသနုဂ္ဂဟာအားဖြင့် လှူဒါန်းထောက်ပံ့ရာ၌ ရွှေမြို့တော် လေးဖြင်လေးရပ်ရှိ ကျောင်းတိုက်စေ့ တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်ခုစ၍ စာချ ဆရာတော်များကို အချိုးကျ လှူဒါန်းရာ၌ပင် လွန်စွာ စည်းစနစ်ကျလှသဖြင့် ဆရာတော်ကြီးများပင် ခြီးမွမ်းခဲ့ကြပါသည်။ အလှူတော်ဆန်များကို စာရင်းဇယားနှင့် အချိုးကျဝေငှလှူဒါန်းရာတွင် အုပ်ချုပ်ရေးမှူးဖြစ်သော ဆရာတော်မှာ မန္တလာရာမဆရာတော်ကြီး ဖြစ်ပါသည်။ ထိုဆရာတော်ဘုရားကြီးကို မန္တလေး သံဃာအစည်းအရုံးကြီးမှ ရွေးကောက်တင်မြှောက် ထားခြင်း ဖြစ်ပါသည်။ လွန်စွာစည်းစနစ်ကျလှသဖြင့် ကျေနပ်သူ များလှပါသည်။

ဆန်အလှူတော်ဝေငှခြင်းနှင့်ပတ်သက်၍ ဖြစ်ရပ်ကလေး တခု ပေါ်ပေါက်ခဲ့သည်ကို တင်ပြလိုပါသည်။ ပစ္စည်းဝတ္ထု ဝေငှရာ၌ အများနှင့်ဆက်ဆံရသောကြောင့် တဖက်က ကျေနပ်သော်ငြား အခြားတဖက်က ဆူပွက်သံများ ဖြစ်ပေါ်လာ တတ်သည်မှာ ဓမ္မတာ တခုကဲ့သို့ပင် ဖြစ်ပါသည်။ ထိုကဲ့သို့ ဆန်ဝေငှနေစဉ် ဘုရင့်ရှေ့တော်သို့ ပစ်စာတစောင် ရောက်လာခဲ့ပါသည်။ ထိုပစ်စာတွင် "မာဒယံ-မခါသံသုပ္ပတဲ့ သာမမုဖုန်း၊ ဒ-သောငယ်ထန်၊ ထ-ဘော မိုလျှံထို့ ဖျာတော်မှန် ဆန်တဝက်ကို၊ မုန်းဗှက်ထို့ထား"ဟု ပါရှိပါသည်။ ထိုပစ်စာကို အကြောင်းပြု၍ ဘုရင့်

အမိန့်ဖြင့် နန်းတော်တွင်းသို့ တံသိပ်တော်ရ ဆရာတော်ကြီးများ စေ့စုံအလင့်ပင့်ရှိ၍သော အခည်းအဝေးကြီးသစ္စာ ကျင်းပရန် ပင့် လျှောက်၍ ထိုကိစ္စကို ရှင်းကြရပါသည်။

မန္တလာဆရာတော်ကြီးမှာ ထာဝရနိရန္တရဗိုလ်ဖြစ်၍ ထိုကိစ္စကို ရှင်းလင်းရာ၌ ယခင်နှစ်များက ဆွမ်းဆန်ကို စာရင်းအရ တိကျ အောင် မဝေငှလှူဒါန်းနိုင် ခဲ့သော်လည်း ယခုနှစ်မှာ စာချဆရာ တော်များတို့၏ ပိဋကသာသဖြင့် တိုက်ရှိ သံဃာများနှင့် ကိုက်ညီ အောင် အချိုးကျဆန်ကိုးလျှော့၍ ဝေငှရကြောင်း ရှင်းပြပါသည်။ ထိုအခါမှ ဆရာတော်ကြီးများ ကျေနပ်သွားပါသည်။ ထိုကိစ္စ ပြီး သောအခါ မန္တလာဆရာတော်က "ဒီလေသံနဲ့ ဒီလိုစာဟာ ဗန်းမော်သာလျှင်ရေးတတ်သည်၊ ဗန်းမော်အတော်ရှုပ်တာပဲ"ဟု မိန့်တော်မူရာ ဗန်းမော်ဆရာတော်က "ဒီစာကို ဗန်းမော် ရေး သည်ဖြစ်စေ၊ မည်သူပဲ ရေးရေး အများသံဃာ အရှုပ်အထွေးတွေ ရှင်းသွားတာပေါ့"ဟုဖြေကြားကြောင်း ကြားဘူးပါသည်။အလှူ တော်ကို စနစ်တကျ လှူဒါန်းပုံကို တင်ပြခြင်း ဖြစ်ပါသည်။

တာကြောင့် မြို့သစ်တည်ရသနည်း

မင်းတုန်းဘုရင်၏ ကာယသန့်ဝါသနာနှင့် ပတ်သက်၍ ဘာသာ ရေးတွင် ထူးခြားစွာ လှူဒါန်းပုံတို့ကို မင်းတုန်းမင်း၏ အလှူ တော် စာရင်းတွင် ကြည့်ရှုပါက ကောင်းစွာ အကဲခတ်နိုင်ပါလိမ့် မည်။ မင်းတရားကြီးသည် မြန်မာနိုင်ငံကို တဝက် တပိုင်းမျှသာ အုပ်ချုပ်နေရသော်လည်း အနည်းငယ်မျှ စိတ်မပျက် လျှော့ကျခြင်း မရှိ၊ မိမိလက်ဝယ်ရှိသော နယ်ပယ်ကို တိုးတက်ဖွံ့ဖြိုးစေရန် အစဉ် ထစိုက် အားသွန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ အင်္ဂလိပ်ပိုင် အောက်မြန်မာပြည်နှင့် ကုန်သန်းရောင်းဝယ်ရေးများကို ထပ်နိုင် သလောက် ဆက်သွယ်သည့်ဖြစ် ရွှေတိဂုံစေတီတော်ကြီးကိုပင် ထီး

တော်သစ်တင် ကျင်းပခဲ့ပါသည်။ ထိုအချိန်ကား ခရစ် ၁၈၇၃ ခု၊ အောက်တိုဘာလ၊ သီတင်းကျွတ်ပွဲတော်မှီ အချိန် ဖြစ်ပါသည်။ ထီးတော်တင်ပွဲသို့ ကိုယ်စားတော်အဖြစ် မြန်မာ အရာရှိကြီးများကို စေလွှတ်ခဲ့ပါသည်။ ရွှေထီးတော်ကြီး၏ တန်ဖိုးမှာ ကျပ်ငွေ ခြောက်သိန်းငါးသောင်းတန်သည်ဟု ဆိုပါသည်။ ထီးတင်ပွဲတော်ကို လာရောက်ကြသော ပရိသတ်ကြီးမှာ ထိုးဥက ရန်ကုန်လူဦးရေ၏ နှစ်ဆမျှ ရှိကြောင်း၊ ရင်ပြင်တော်ပေါ်တွင် နေ့စဉ်လူသုံးသောင်းမျှ လာရောက်ကြောင်းကို "ဂရေးဇ်ရာဇဝင်"က ဖော်ပြထားပါသည်။ ထိုအချိန်က ပွဲတော်ကြီးသို့ ထီးပြုသောင်းချက် ထက်ရောက်ခဲ့သော အိန္ဒိယဘုရင်ခံ သောဒ်ဘွဲ့ရ အား(က) မေယို သည် မော်လမြိုင်မြို့မှအဆင့် ကပ္ပတီကျွန်း ပို့ဗလဲယားမြို့အရောက်တွင် ဓားထိုးခံရ၍ သေဆုံးခဲ့ပါသည်။

အင်္ဂလိပ်ပိုင်နယ်အတွင်း၌ရှိနေသော ရွှေတိဂုံစေတီတော်အား ထူးထူးခြားခြား ထီးတော်တင်ပွဲကြီးကို စည်ကားစွာ ပြုလုပ်ခြင်းအတွက် အင်္ဂလိပ် အရာရှိကြီး များဝင် အံ့အားသင့် သွားကြောင်း သိရပါသည်။ ထိုသို့ ထီးတင်ပွဲ ပြုလုပ်ခြင်းမှာ မင်းတုန်းမင်းသည် သာသနာရေးကိစ္စတခုအတွက်ကြောင့်သာမဟုတ်၊ တိုင်းပြည်ရေးကိစ္စအတွက် တဖက်တလမ်းကြံစည်မိ၍ ထိုသို့ပြုလုပ်ခြင်း ဖြစ်ကြောင်း ထူဆနိုင်ပါသည်။ အင်္ဂလိပ်တို့သည် ထိုထီးတင်ပွဲ ပြုလုပ်လိုက်ခြင်းဖြင့် မင်းတုန်းဘုရင်အား နိုင်ငံရေးပရိယာယ်ကို စည်းမျဉ်းနားလည်ကြောင်း ရိပ်မိကြပါသည်။ ထိုအချိန်က ဟံသာဝတီ ပဲခူးနယ်ကို အင်္ဂလိပ်များလက်မှ မင်းတုန်းမင်းက ပြန်လည်ရရှိရန် စကားကမ်းလှမ်းထားချိန် ဖြစ်သည်။ ထီးတင်ပွဲတွင် ပဲခူးနှင့် ရန်ကုန်မှ လာရောက်ကြသော မြန်မာ လူထုပရိသတ်၏ အခြေအနေကို သိရှိရသောအခါ မင်းတုန်းမင်းသည် ထိုနယ်ပယ်ကိစ္စကို ဆက်လက်

အ Earl Mayo

ဆောင်ရွက်ရန် စိတ်အားတက်ကြွလာပြီးလျှင် နည်းအမျိုးမျိုးဖြင့် အင်္ဂလိပ်တို့နှင့် ဆက်သွယ်ပါသည်။

ထို့ကြောင့် ဘုရင်ကြီးသည် ဘာသာရေး တယူသန်မှုသာ မဟုတ်၊ နိုင်ငံရေး၊ လူမျိုးရေး စသော အရေးအခင်းများကိုလည်း စနစ်တကျ စီစဉ်၍ ဖြစ်မြောက်အောင် ဆောင်ရွက်တတ်သော အလေ့အထရှိကြောင်း သိရပါသည်။ အမရပူရတွင် မင်းသား ဘဝနှင့် နေစဉ်အချိန်ကပင် မြန်မာပိုင် ရခိုင်နှင့် တနင်္သာရီတိုင်း များကို အင်္ဂလိပ်တို့ သိမ်းပိုက်ထားကြောင်း သိရှိထားသည့်ပြင် ထိုအချိန်ကပင် ခမည်းတော် ရွှေဘိုမင်းနှင့်အတူနေရ၍ တိုင်းပြည် အရေးအခင်းများကို စိတ်ပါဝင်စားလာခဲ့သည်ဟု ယူဆရပါ မည်။ ထို့နောက် နောင်တော် ပုဂံမင်းကိုနန်းချ၍ ဘုရင်အဖြစ်နှင့် အမရပူရမှာ နန်းတက်ချိန်ကပင် အင်္ဂလိပ်လက်သို့ ပါသွားသော နယ်များကို ပြန်လည်ရရှိနိုင်ရန် နည်းလမ်းများရှာဖွေသည်။ ထို့မှ တပါး ရန်သူကို ဆက်လက်ခုခံနိုင်ရန် နေပြည်တော်ကို ပြုပြင်ဖို့ ကိစ္စများကိုလည်း နေ့ညအား ကြိုးစားကြံစည်ခဲ့သည်။

အမရပူရမြို့သစ်သည် အမှန်စင်စစ် အလွန်ကျဉ်းမြောင်း၍ မြို့မျက်နှာသုံးဖက်တွင် မြစ်ရေများပတ်လည်ဝိုင်းလျက် ရှိနေသည်။ အရှေ့ဖက်မျက်နှာမှာ တောင်ပင်သယ်ကန်၊ ဇယားကန်၊ ခဲဘင်း ကလာကန်၊ တောင်ဖက်မျက်နှာတွင် ဒုဌဝတီမြစ်၊ သာယာကုန်း၊ သရက်မော်၊ ထက်သိမ်းအင်း စသည်ဖြင့် ဝိုင်းထား၍ မြို့နေရာ လွန်စွာ ကျဉ်းမြောင်းခြင်းကြောင့် မင်းတုန်းမင်းသည် လွန်စွာ စိုးရိမ်မိသည်။ ထို့ကြောင့်ပင် မန္တလေးမြို့သစ်ကို တည်ထောင်ရန် အကြံပြုခြင်းဖြစ်ပါသည်။

အင်္ဂလိပ် တို့ကလည်း မင်းတုန်းမင်း၏ ဥာဏ်ပညာ အရည် အချင်းကို သိရှိရိပ်မိပြီးဖြစ်ကြ၍ ထီးတင်ခွဲ ကိစ္စကို ၁၈၇၀ ပြည့်

နှစ်ကပင် ထီးတော်ကို ရန်ကုန်သို့ပို့ရန် စီစဉ်ပြီးဖြစ်သော်လည်း ထိုနှစ်က အိန္ဒိယဘုရင်ခံ၏ သဘောတူချက်ကို စောင့်ဆိုင်းရသည် ဟု အကြောင်းပြပြီး ထိုကိစ္စကိုခွင့်ပြုဖို့ အမျိုးမျိုး စဉ်းစားကြပါ သည်။ နောက်ဆုံးတွင် အခြေအနေအရ တနှစ်ကြာမှထီးတော် တင်ပွဲ ပြုလုပ်ရန် ခွင့်ပြုပါသည်။ ဘုရင်မင်းတရားကြီးသည် ဘာ သာရေးကို လေးစားလှသော သန္တာရှိသည်ကား မှန်ပါသည်၊ သို့သော် နိုင်ငံတော်အရေးအတွက် တဖက်က ဘာသာရေးဖြင့် ပူးတွဲဆောင်ရွက်ထားသည်ဟု ထင်တွယ်ဖြစ်ရပါသည်။

အခြားဖြစ်ရပ် တခုမှာ သက္ကရာဇ် ၁၂၃၆ ခုနှစ်က အိန္ဒိယ ပြည်ရှိ မဟာဗောဓိပင်ကို မျှားစွာသော အလှူအတင်တော်များ လှူဒါန်းရန် မြောင်လှမ်းစား ဝန်ထောက်မင်းကြီး သီရိမဟာဇေ ယျာသူတို့၏ သံအဖွဲ့အား အိန္ဒိယသို့ စေလွှတ်တော် မူခဲ့ပါသည်၊ ထိုသို့စေလွှတ်ခြင်းမှာ မဟာဗောဓိ အလှူတော်ကိစ္စ တရပ်တည်း အတွက်သာ မဟုတ်ပါ။ ထိုအချိန်က အင်္ဂလိပ်စစ်ဌာနမှူးကြီးများ နှင့် ကရင်နီနယ်မြေ ကိစ္စ အရှုပ်အထွေး ပြဿနာကို အိန္ဒိယ ဘုရင်ခံနှင့် တွေ့ဆုံ ရှင်းလင်းစေရန် ကိစ္စနှင်ရပ် ပူးတွဲ ပါရှိခဲ့ ပါသည်။ မင်းတရားကြီး၏ အစီအစဉ်မှာ ကရင်နီ နယ်မြေကိစ္စ ကား အထူးအရေးကြီးသောကိစ္စဖြစ်၍ အိန္ဒိယဘုရင်ခံနှင့် တွေ့ဆုံ ရမှသာလျှင် ကျကိစ္စပြီးမည် ဖြစ်သဖြင့် မြန်မာ သံအဖွဲ့ကို စေလွှတ် သည်။ ထိုသို့စေလွှတ်ရမည့် အချိန်တွင် အခြား အရေးပါသော ထိစ္စတရပ်မှာ ဟံသာဝတီနယ် ရန်ကုန်တိုက်ရှိ မြန်မာတို့၏ ထက် ရှိအခြေအနေကိုသိသိသဖြင့် ရွှေတိဂုံထီးတော်တင်ပွဲ ပြုလုပ်သကဲ့ သို့ မဟာဗောဓိ အလှူတော်ကိစ္စကိုလည်း ပူးတွဲဆောင်ရွက်ခြင်း ပင် ဖြစ်သည်ဟု ယူဆတွယ် ဖြစ်ပါသည်။

ဤသို့ဆောင်ရွက်ခြင်းဖြင့် အင်္ဂလိပ်ပိုင် နယ်ဖြစ်သောဟံသာဝတီ ရန်ကုန်တပိုက်ရှိ မြန်မာလူမျိုးတို့၏ မျိုးချစ်စိတ်ဓာတ်သည် မင်း

တုန်း ဘုရင်ကြီး၏ မဟာဓေဝီ အလှူတော်ကိစ္စ တရပ်ကြောင့် ပွဲနွေးထကြွလျက် ရှိနေကြကြောင်းကို သွေးတိုးစမ်းသကဲ့သို့ ရိပ်မိနိုင်ပါသည်။ ထိုအချိန်က ရန်ကုန်မြို့တွင် ထုတ်ဝေလျက်ရှိသော မြန်မာသံတော်ဆင့် သတင်းစာ ၁၂၃၆ ခု နတ္တော်လဆန်း ၁၁ ရက် ခရစ်နှစ် ၁၈၇၄ခု ဒီဇင်ဘာလ ၁၉ ရက် စနေနေ့ထုတ်တွင် ထိုအလှူတော် အကြောင်းကို အကျယ်တဝင့် ရေးသားဖော်ပြထားကြောင်း တွေ့ရပါသည်။ သတင်းကောက်နုတ်ချက်မှာ "ဒိဗ္ဗ်ိယဘုရင်ခံ မင်းမြတ်ထံ ရာဇသံပဏ္ဏာ လက်ဆောင်တော်များနှင့် တကွရာဇမဟာမိတ်ပြုလုပ်တော်မူရန် စေလွှတ်တော်မူ၍ စကြာယာဉ်မှန်စီးသဘော်ာထောင်ကို စီးနင်းလျက် နတ္တော်လဆန်း ၆ ရက်နေ့တွင် ဤပုံသာဝတီ ရန်ကုန်မြို့သို့ ဆိုက်ရောက် လာသည်။ + + + ၁၀ ရက်နေ့ နံနက်တချက်တီးကျော် အချိန်သို့ရောက်လျှင် မဟာဓေဝီပင်သို့ လှူဒါန်းတော်မူရန် ကုသိုလ်တော် အရပ်ရပ်ကိုလည်း ရန်ကုန်မြို့မနှင့်တကွ ကြည့်မြင်တိုင် ပုဇွန်တောင် ဗိုလ်တထောင် ပန်းဘဲတန်း လမ်းမ လမ်းသေး ဟူသမျှတို့က ဘုန်းတော်ကြီးလှသော ဘုရားကုသိုလ်တော် ဖြစ်သည်နှင့်အညီ ၁၀၀ ကုန် ၅၀ ကုန် ရွှေတုံးရှုနှန်း ထူ ဆန်းအံ့ဖွယ်ကြီး ပြုလုပ်၍ ဘုံကိုးဆင့်ရှိသော ပြာသာဒ်၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၊ ဘုံငါးဆင့်ရှိသော ပြာသာဒ် ထက်နတ် ဝေဇယန်ကဲ့သို့ အတန်တန် ဖန်ဆင်းပြီးလျှင် ပျော်ရွှင်ကသိလျက် နတ်ပန်းချီပန်းပုဘို့စံတု၍ မပိုင်သော သဇင်နိုင်မနော်နတ်တို့နှင့် ကိုယ့်အရပ်က ကိုယ် နုပျို သာယာအောင် ကောင်းမွန်စွာအသီးသီး သံတံတားတော်ကြီးကခင်းကျင်း၍အရာရှိ အထူးရှိ အမင်းမင်းတို့နှင့် ဖြည်းညှင်းသာယာ ပေထရာအောက် ထမ်း ရန်ကုန်မြို့ ဆိပ်ကမ်းက အံ့ခန်းရှုဘွယ်၊ ထဆောင်နှင့် တဆောင်ကို ဘုံရောင်ချင်းပြိုင်တွယ်သို့၊ အသွယ်သွယ်ဝေးမနီး၊ တူရိယာသံစုံတီး၍ ကာလသွီးကာလသား၊ ပျော်ပါးဘုန်း၊ မြေတုန်သုသု၊ ရန်ကုန်မြို့သမ်းတာလျှောက်မှာ စခန်းထောက်ညှိခံနှင့်

လှူရန်တင် ပြာသာဒ်စုများလည်း၊ ထူးအားနှင့်လူထု၊ အလံချွန်း ရှက်လုမျှ ဆိုင်းအစု ဝိုင်းအစု သိုင်းအမှုအသီးသီး၊ တခေါင်း အောက်မြေကြီးမှာ၊ နိသျှည်းမှုတမူ၊ပြာသာဒ်ပေါင်းဆေးဆူဆူနှင့် ကုသိုလ်ဟူ ထိုပွဲမှာ၊ အနဲနဲခြားလှချေသည်”

ဤသတင်းစာ၏ ဖော်ပြချက်အရ ဆိုပါလျှင် မင်းတုန်းဘုရင် ကြီး၏အပေါ်တွင် မြန်မာလူထုတရပ်လုံးက ချစ်ခင်မြတ်နိုးလျက် ရှိနေကြကြောင်း သိရပါသည်။ ဘုရင်မင်းတရားကြီး၏ ကုသိုလ် တော် အလှူအတင် ရတနာပစ္စည်းများမှာလည်း နိုင်ငံခြား သားတို့ အံ့အားသင့်လောက်အောင်ပင် တန်ဖိုးရှိလှပါသည်။ ထိုအလှူပစ္စည်းစာရင်းမှာ မဟာဓမ္မဗာဝိကျောက်စာတွင် ထွင်းထု ဖော်ပြထားပါသည်။ ကျောက်စာပါ အလှူပစ္စည်းစာရင်းမှာ “မဟာဗုဒ္ဓဟော၊ ရွှေညောင်တော်မြတ်အား၊ လှူဒါန်းပူဇော်ရန် စိန်လုံးရေ ၅၁၁၊ မြလုံးရေ ၃၁၁၊ ကျောက်နီလုံးရေ ၃၉၆၆၊ ပုလဲလုံးရေ ၆၂၃ တို့မှတပါး အထူးထူးတုန်သော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ထီး၊ တံခွန်၊ တန်ဆောင်၊ မြူတာ၊ ပန်း ကုံး၊ ပန်းခိုင်စသော ဒေယျဓမ္မဒါတဗ္ဗ တို့ကို စီမံခင်းကျင်း၍” စသည်ဖြင့် တန်ဖိုးကြီးလှသော ရတနာများကို လှူဒါန်း ထား ကြောင်း သိရပါသည်။

ထို့ကြောင့် မင်းတုန်းမင်းတရားကြီး၏ စိတ်နေ စိတ်ထားနှင့် တကွ လူမျိုးရေး စီးပွားရေး နိုင်ငံတော်အရေး ဘာသာရေး စသည်တို့တွင် ဆောင်ရွက်ဖော်ချုပ်ပုံတို့မှာ ခေတ်နှင့် လျော်ညီ စွာ သင့်မြတ်လှသည် ဟူသော ဝေဖန်ချက်အသစ်တခုကို တင်ပြ လိုက်ရပါသည်။ ရတနာပုံမြို့တည် နန်းတည် မင်းတရားကြီး နှင့် စပ်လျဉ်း၍ရင်း၊ ရွှေနန်းမြို့ကြီးတည်ဆောက်ခြင်းနှင့် ပတ် သက်၍ရင်း၊ ဝေဖန် ရေးသားထင်မြင်ချက် အမျိုးမျိုး ပြောကြား

ကြသည့်မှာ အထက်က ဖော်ပြပါရှိသည့် ဝေဖန်ချက်များမှတပါး ခေတ်သစ်ပညာရှင်တို့၏ ဝေဖန်သံများကိုလည်း အခါအခွင့်ကြုံ တိုင်းသိပင် ကြားသိနေရဆဲ ဖြစ်ပါသည်။ ထိုသော် နန်းမြို့ တော်ကြီးကား အောင်မြင်စွာ တည်ဆောက်ရန် စီစဉ်ဆုံးဖြတ်၍ ပြီးစီးခဲ့ပါလေပြီ။

# ရတနာပုံမ မြို့တည် နန်းတည် မင်းတရားကြီး

ထောက်ခံသူများ ရှိတန်သရွေ့ ရှိသော်လည်း၊ တန့်တွက်သံများ တညံ့ညံ့အကြားမှဝင် မြို့တော်သစ်တည်ရေးကို မဖြစ်မနေ စီစဉ်ဆောင်ရွက်ခဲ့သော ရတနာပုံမ ပထမမြို့တည် နန်းတည် မင်းတရားကြီးဟု သမိုင်းတွင် ကျော်ကြားသည့် မင်းတုန်းဘုရင်မင်းမြတ်ကြီး အကြောင်းကို နှောင်းလူတို့ သိသင့်သိထိုက်သမျှ သိရှိထားကြစေရန် အဓိကအားဖြင့် ရှေ့ဆက်ပြီး ညွှန်ပြရန်အတွက် သမိုင်းအကျဉ်းအားဖြင့် ဖော်ပြလိုပါသည်။ ဘုရင်မင်းမြတ် ကြီးသည် သက္ကရာဇ်ကား ၁၁၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် အင်္ဂါနေ့ နေ့နှစ်ချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူခဲ့သည်။ ဇာတာတော်အရ ဆိုပါလျှင် စဉ်နက္ခတ် ၂၁ လုံး ၁ ပါဒ် ၁၁ ဇီဝနာ ပြိဿတွင် သောကြာ၊ မေထုန်တွင် တနင်္ဂနွေ၊ ကြင့်တွင်အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ သိမ်တွင် ကြာသပတေး၊ တူတွင်လင်္ဂ၊ မကာရတွင် ထနင်းသာ၊ စနေဖြိုဟ်ယှဉ်လျက် ဖွားမြင်တော် မူပါသည်။ ခမည်းတော်မှာ ရွှေဘိုမင်း၊ မယ်တော်မှာ ရွှေဘိုမင်း၏ တောင်ဆောင်တော်၊ ပုဂံမင်းရိုး၊ သာယာဝတီမြို့အဝင် ပဒေသာတိုက်စား မိဖုယား ဖြစ်ပါသည်။

မင်းသားဘဝနှင့် နေထိုင်ရစဉ် ခမည်းတော် ရွှေဘိုဘုရင်လက်ထက်နှင့် နောင်တော် ပုဂံမင်းတို့ လက်ထက်က "သိရိမဟာဓမ္မရာဇာ" ဟူသောဘွဲ့တော် "သိရိမဟာ သီဟသူရဓမ္မရာဇာ" ဟူသော ဘွဲ့တော်များကို ရရှိခဲ့ပါသည်။ ထို့ပြင် မြို့စားအဖြစ် မင်းတုန်းမြို့ကို အပိုင်စား ပေးသနားတော် မူခြင်းကို ခံယူရသဖြင့် မင်းတုန်းမင်းသားဟု ခေါ်စမှတ် ပြုကြပါသည်။ ထိုကဲ့သို့ မင်းသားကြီးများ၏ အဆောင်အရွက်တို့နှင့်တကွ ချီးမြှောက်ခြင်း ခံရစဉ်က အမရပူရ လွှတ်တော်တွင် တရားစီရင် ဆုံးဖြတ်ရာ၌ ဦးဆောင်ပြုလုပ်ရသဖြင့် ရာဇသတ် ဓမ္မသတ်နှင့်တကွ လောကီရေး လောကုတ္တရာရေး ဗဟုသုတများကို လေ့လာဆည်းပူးပြီးလျှင် အဂတိလေးပါး မလိုက်စားပဲ တရားစီရင် ဆုံးဖြတ်ခဲ့ပါသည်။

သက္ကရာဇ် ၁၂၁၄ ခုနှစ်သို့ ရောက်သောအခါ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသော အာဏာပိုင် ဘဝသို့ ရောက်၍ အမရပူရနန်းမှာ စံမြန်းရသည်။ မင်းအဖြစ်နှင့် လေးနှစ်ခန့်မျှ စံမြန်းပြီးနောက် ၁၂၁၈ ခုနှစ်တွင် မန္တလေးမြို့တော်သစ်ကို တည်ဆောက်ရန် အကြံဖြစ်ပေါ်လာ၍ မှူးမတ် ပညာရှိများ ရဟန်း ပညာရှိကြီးများနှင့် တိုင်ပင်ပါသည်။ ထိုသို့ တိုင်ပင်ပြီးနောက် ထိုနှစ်အတွင်း တပို့တွဲလဆန်း ၄ ရက်နေ့တွင် မန္တလေးမြို့ နေရာကို မြို့ပြင်တိုင်းထွာ လုပ်ဆောင်စေပါသည်။ ထိုခုနှစ်ကား သာသနာတော် ငါးထောင်၏ တဝက်အမှီ သာသနာနှစ် ၂၄၀၀ ကိုချိန်၍ "သာသနာတဝက် မင်းကောင်းတဆက်" ဟူသော စကားနှင့် အညီ စီမံခြင်း ဖြစ်ပါသည်။ ထိုမှ နောက် ကောဇာ သက္ကရာဇ် ၁၂၂၁ ပြည့် ဒုတိယဝါဆိုလဆန်း ၆ ရက် သောကြာနေ့တွင် နန်းမြို့တော်ကြီးကို "လေးကျွန်း အောင်မြေ" ဟု သမုတ်တော် မူခဲ့ပါသည်။

မင်းတုန်းမင်းတရားသည် မန္တလေးမြို့တော်ကိုတည်ထောင်ရာဝယ် မြို့တော်ကြီး ပြီးစီးသည်တိုင်အောင် အလိုတော် အတိုင်း

မင်းသားဘဝနှင့် နေထိုင်ရစဉ် ခမည်းတော် ရွှေဘိုဘုရင်လက်ထက်နှင့် နောင်တော် ပုဂံမင်းတို့ လက်ထက်က "သီရိမဟာ မင်္ဂလာဇာ" ဟူသောဘွဲ့တော် "သီရိမဟာ သီဟသူရဓမ္မရာဇာ" ဟူသော ဘွဲ့တော်များကို ရရှိခဲ့ပါသည်၊ ကိုဖြင့် မြှောင်းတိုက် မင်းတုန်းမြို့ကို အပိုင်စား ပေးသနားတော် မူခြင်းကို ခံယူရသဖြင့် မင်းတုန်းမင်းသားဟု ခေါ်ဝေါ်ကြပါသည်။ ထိုကဲ့သို့ မင်းသားကြီးများ၏ အဆောင်အရွက်တို့နှင့်တကွ ချီးမြှောက်ခြင်း ခံရစဉ်က အမရပူရ လွှတ်တော်တွင် တရားစီရင် ဆုံးဖြတ်ရာ၌ ဦးဆောင်ပြုလုပ်ရသဖြင့် ရာဇသတ် ဓမ္မသတ်နှင့်တကွ လောကီရေး လောကုတ္တရာရေး ဗဟုသုတများကို လေ့လာဆည်းပူးပြီးလျှင် အဂတိလေးပါး မလိုက်စားပဲ တရားစီရင် ဆုံးဖြတ်ခဲ့ပါသည်။

သက္ကရာဇ် ၁၂၁၄ ခုနှစ်သို့ ရောက်သောအခါ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသော အာဏာပိုင် အဝသို့ ရောက်၍ အမရပူရ နန်းမှာ စံမြန်းရသည်။ မင်းအဖြစ်နှင့် လေးနှစ်ခန့်မျှ စံမြန်းပြီးနောက် ၁၂၁၈ ခုနှစ်တွင် မန္တလေးမြို့တော်သစ်ကို တည်ဆောက်ရန် အကြံဖြစ်ပေါ်လာ၍ မှူးမတ် ပညာရှိများ ရဟန်း ပညာရှိကြီးများနှင့် တိုင်ပင်ပါသည်။ ထိုသို့ တိုင်ပင်ပြီးနောက် ထိုနှစ်အတွင်း တပို့တွဲလဆန်း ၄ ရက်နေ့တွင် မန္တလေးမြို့ နေရာကို မြို့ဖြိုင်တိုင်းထွာ လုပ်ဆောင်စေပါသည်။ ထိုခုနှစ်ကား သာသနာတော် ငါးထောင်၏ တဝက်အမှီ သာသနာနှစ် ၂၄၀၀ ကိုချိန်၍ "သာသနာတဝက် မင်းကောင်းတဆက်" ဟူသော စကားနှင့် အညီ ဓိပ်မြိုင်း ဖြစ်ပါသည်၊ ထိုမှ နောက် ကောဇာ သက္ကရာဇ် ၁၂၂၁ ဖြည့် ဒုတိယဝါဆိုလဆန်း ၆ ရက် သောကြာနေ့တွင် နန်းမြို့တော်ကြီးကို "ရွှေနန်း အောင်မြေ" ဟု သမုတ်တော် မူခဲ့ပါသည်။

မင်းတုန်းမင်းတရားသည် မန္တလေးမြို့တော်ကိုတည်ထောင်ရာဝယ် မြို့တော်ကြီး ပြီးစီးသည့်တိုင်အောင် အလိုတော် အတိုင်း

ချောချောမောမောဖြင့် ပြီးစီးသွားရခြင်း မဟုတ်ပါ။ အများနှင့် တယောက် ဆိုသလို ထိုထိုသော ရဟန်းပညာရှိ လူပညာရှိတို့ ထံမှ မြို့သစ်ကြီး မတည်ဖြစ်အောင် ကန့်ကွက်မှု များစွာပင် ရှိခဲ့ပါသည်။

မင်းတုန်းမင်းတရား ကြီးကား ပညာဗဟုသုတ ကြွယ်ဝသည် နှင့် အမျှ အတွေးအခေါ် ဉာဏ်ပညာ ကြီးမားလှသူ ဖြစ်သည် အတိုင်း မြို့တော်ဟောင်းဖြစ်သော အမရပူရကား ကြာရှည်စံမြန်း ရန် မသင့်သော ဌာနဖြစ်ကြောင်းကို ကောင်းစွာ သိရှိတော်မူပြီး စိတ်တော်ကို တချက်တည်း ဆုံးဖြတ်ထားပါသည်။ မင်းတရား ကြီးသည် အမရပူရမြို့ဟောင်း၌ စံနေတော်မူစဉ် ၁၂၁၇ ခုနှစ် ဝါခေါင်လအတွင်း၌ အင်္ဂလိပ်သံတမန် ဖယ်ယာသည် လက်နက် အပြည့်အစုံ တပ်ဆင်ထားသော သင်္ဘောကြီးဖြင့် တောင်သမန် အင်း အတွင်းသို့ ရောက်အောင် ဝင်လာပါသည်။ ရေပြည့်နေချိန် ဖြစ်၍ သင်္ဘောသည် နန်းတော်အပေါ်က မိုးနေသကဲ့သို့ရှိသည်၊ ထိုအချိန်က အင်္ဂလိပ်လူမျိုး များသည် ရေတပ်ကို အင်အားပြ လျက် နယ်ချဲ့ နေကြောင်းကို မင်းတုန်းမင်းတရားကြီး ကဲ့သို့ နိုင်ငံရေးကို ဗဟုသုတ ကြီးမားသူများ သိကြပြီးပင် ဖြစ် ပါသည်။

ထိုအကြောင်းအပြင် အမရပူရ မြို့ခံမြို့ကွက် ကျဉ်းမြောင်းကဲ့သို့ အခြား အကြောင်းအရာ များကိုလည်း မင်းတုန်းဘုရင်ကြီး စဉ်း စားတော်မူမိပါသည်။ အမရပူရ မြို့ဟောင်းကိုမူကား စွန့်ရမည် ဖြစ်မည် ဟူသော ဆုံးဖြတ်ချက်ကို သာမန် တွေးတောခြင်းဖြင့် ပေါ့ပေါ့ဆဆ ဆုံးဖြတ်တော်မူသည် မဟုတ်ပါ။ ဤနေရာတွင် ဤ နိဒါန်း စာအုပ်ငယ်၌ စုံလင်စွာဖော်ပြ၍ မဖြစ်နိုင်ခြင်းကြောင့် ချန်ခြင်းခဲ့ပါသည်၊ မင်းတုန်း ဘုရင်မင်းမြတ်၏ တွေးခေါ်ဉာဏ် အမြင်ကား ဒေလဆရာကြီး၏ ယိုးဒယားနိုင် မော်ကွန်းတွင် အမွှမ်းတင်ထိ သကဲ့သို့ပင် သိစေလိုပါသည်။ ဘုရင်တို့ ကျင့်ဝတ်ကို မြှတ်သည့်ပြင် ရင်ဝယ်သားအလား တိုင်းသူ ပြည်သား ပို့အား

တောင်းစားနေလိုသော စေတနာမှန်ရှိသူ မှန်ပါသည်။ မိမိကိုယ်တော်တိုင် ဗဟုသုတ အမြာမြာကို ရှာမှီးသကဲ့သို့ လူအများအား သုတ ရှိကြစေရန် ဆေးကျမ်း ဓာတ်ကျမ်းများကိုပင် ဘာသာပြန်စေခြင်း အသစ်ပြုပြင် ရေးသားစေခြင်း များကို တိုက်တွန်း အားပေးခဲ့ပါသည်။

မင်းတရာကြီးသည် အထူးသဖြင့် ဗုဒ္ဓသာသနာတော်ကို လွန်စွာကြည်ညို လေးစားရင်း ရှိသော သာသနာပြု မင်းဖြစ်သည့်အလျောက် တိုင်းတပါးနှင့် စစ်ဖြစ်ခြင်းကို လိုလားသော မင်းမဟုတ်သည့်ပြင် ငြိမ်းမှာနှင့် ကမ္ဘာကို သဏ္ဍာဝါမခြား မျိုးတပါးမထင် လူနှင့်လူချင်းပင် ဟု စိတ်တွင်စွဲယူထားကြောင်း ထင်ရှားပါသည်။ သတိတရား လက်မလွတ်သော မင်းဖြစ်၍ စစ်နှင့် ပတ်သက်ပြီး မလွဲမရှောင်သာသောအခါ အကြောင်းပေါ်ပေါက်စေကာမူ အေးချမ်းစွာ ဖြေရှင်းနိုင်သော နည်းပရိယာယ်များကို ဖန်တီး၍ထားကြောင်း သိရပါသည်။ ထိုမှတပါး မိမိထံပါးတွင် ခစားကြသော မှူးကြီးမတ်လျာ ပညာရှိတို့၏ အတွင်းစိတ်ဓာတ် အနေအထားနှင့်တကွ ဉာဏ်ပညာစွမ်းရည် များကို ကောင်းစွာ ခွဲခြားသိရှိထားသဖြင့် ဆက်ဆံရာ၌ယ် အလိုက်သင့်စွာ ဆက်ဆံလေ့ရှိပါသည်။

ပညာဉာဏ် ပါရမီ ရင့်သန်သည့်အလျောက် သည်းခံတတ်သော သဘောလည်းရှိပါသည်။ သည်းခံတတ်သည်ဆိုသော်လည်း မိမိကြံရွယ်ရင်းကို အသမြောက် အောင်မြင်သည် အထိ သည်းခံစောင့်ဆိုင်း၍ ပြုလုပ်တတ်ခြင်းကို ဆိုလိုပါသည်။ ဤနေရာ၌ ရေးစွင့်ကြုံခိုက် ဖြစ်သောကြောင့် မင်းတုန်းဘုရင်၏ သည်းခံစိတ်ကလေးများကို ပေါ်လွင်အောင် တင်ပြလိုပါသည်။ ဘုရင်ဖြစ်ပြီး၍ မိဖုရားခေါင်ကြီး ရွေးချယ်ရာမှာပင် မိခိစိတ်ကြိုက်ကို ဘုရင်စိတ်ချုပြင့်အလိုမလိုက်ပဲ တိုင်းပြည်နှင့်နန်းတွင်းရေးများကို ငဲ့ကွက်ပြီး အများအကြိုက် အများကြည်ညို လေးစား သူကိုသာ ရွေးကောက်တော်မူခဲ့ပါသည်။ ထိုမိဖုရားခေါင်ကြီးတား အမရပူရ

ဒုတိယမြို့တည် ရွှေဘို မင်းတရားကြီး နှင့် သီရိပဝရတိလောက မဟာရတနာ ပဒုမာဒေဝီ တို့မှ မွေးဖွားသော နန်းကျဘုရင် ပုဂံမင်း၏ နှမတော်ရင်း သီရိပဝရတိလောကရတနာ မင်္ဂလာဒေဝီ မင်းသမီး ဖြစ်ပါသည်။

ထိုမင်းသမီးမှာ မင်းတုန်းမင်းနှင့် မောင်နှမတော်စပ်နေ၍ မင်းတုန်းမင်းထက် သုံးနှစ်မျှ အသက်ကြီးသဖြင့် အစ်မတော်ဘုရားဟု မင်းတုန်းမင်းက ခေါ်လေ့ရှိပါသည်။ သက်တော် ၄၂ နှစ်မျှ ရှိသော ဘုရင့်သမီးတော်မှာ တိုင်းရင်းစာပေ ပါဠိစာပေနှင့် တကွ နိုင်ငံခြားစာပေကို ကောင်းစွာ လေ့လာတတ်မြောက်သူ မင်းသမီးချော တပါးဖြစ်၍ နန်းတွင်းသူအများက လေးစား ကြည်ညိုခြင်းခံရသည်၊ မင်းတုန်းဘုရင်သည် အစ်မတော် မင်းသမီးကြီးအား စွဲမက်လွန်း၍ မဟုတ်၊ အုပ်ချုပ်ရေးတွင် အဆင်ပြေမှုကို ရှုမြင်သဖြင့် တိုင်းပြည်က အထူးလေးစားသူကို အရယူရမည့်ကိစ္စတရပ် ဖြစ်လာသောကြောင့် ထိုမင်းသမီးကို ခက်ခဲစွာပင်သည်းခံကြိုးစား၍ မိဖုရားအဖြစ် မြှောက်ခဲ့ရပါသည်။

မင်းတုန်းမင်းတရားသည် စာပေနှင့် ကဗျာအပြင် သုခုမ အနုပညာရပ်များဖြစ်သော ပန်းချီပန်းပုတို့ကိုလည်း အနုပညာမျက်လုံးဖြင့် ကြည့်ရှုဝေဖန် တတ်ပါသည်။ ကုန်းဘောင်ဆက် ရာဇဝင်အရ အင်္ဂလိပ်ပန်းချီဆရာ ဂရန့်အား ဆင်ဖြူတော်ပုံကို ဓာတ်ပုံနှင့်မခြား ပုံတူရေးဆွဲပေးသဖြင့် ဆုလာဒ်များ ချီးမြှင့်ခဲ့သည်၊ ထို့ပြင် အီတလီ လူမျိုး ပန်းချီဆရာ နှစ်ဦးအား နန်းတွင်း၌ ပန်းချီလုပ်ငန်းများ ထုင်ကိုင်စေရန် လခဖြင့်ငှါးထားပါသည်၊ အချိန်ရသမျှ ပန်းချီရုပ်ပုံများကို စေ့စေ့ ကြည့်ရှုဝေဖန်လေ့ရှိကြောင်း သိရပါသည်။ ထို့မှ တပါး ကဗျာ လင်္ကာ ထိုသည်း ကောင်းစွာ ကျွမ်းကျင်တော်မူကြောင်းသိရပါသည်။

မင်းတရားကြီးသည် ကဗျာလင်္ကာနှင့် တကွ ပန်းချီပန်းပု အနုပညာများကိုလည်း ဝါသနာရှိလှသဖြင့် ဦးပုညနှင့် မင်းကြီး ဦး

ကောင်း (နောင်ခါ ကင်းဝန်မင်းကြီး ဖြစ်မည့်သူ)ကို မကြာခဏ အိမ်ပန်ဝင်စေ၍ ကဗျာလင်္ကာနှင့် စပ်လျဉ်းသော ပညာရပ်များကို ဆွေးနွေး တိုင်ပင်လေ့ရှိကြောင်း သိရပါသည်။

## မြို့တော်သစ် တည်ဆောက်ခြင်း

ယဉ်ကျေးသော ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ရာဇဌာနီ မင်းနေပြည်ဟု ခေါ်ဆိုအပ်သော အုပ်စိုးသည့် ဘုရင်မင်းများ စံနေတော်မူရာ မြို့တော်နှင့်တကွ ထီးနန်းတည်ဆောက်ပုံတို့ကို အမှတ်အသား ပြုလုပ်ထားကြသော မြို့တော်သမိုင်းများ ရှိကြသည်။ မြန်မာတို့၏ ဒေသဖြစ်သော မြန်မာနိုင်ငံတော် မှာလည်း သရေခေတ္တရာအစ တကောင်း၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ရတနာသိင်္ဃ၊ အမရပူရနှင့်တကွ မန္တလာပူရ မန္တလေးမြို့တော်တိုင် အောင် အစဉ်အဆက် အုပ်ချုပ်တော်မူခဲ့ကြသော ဘုရင်မင်းများ၏ ထီးနန်းစိုက်ရာ မင်းနေပြည်တော်များ၏ အမှတ်အသား မြို့ပြ သမိုင်းများ ရှိခဲ့ကြပါသည်။

မြန်မာ့ရိုးရာ အယူအဆမှာ မြို့တည် နန်းတည် ဘုရင်များသည် ရာဇဝင်သမိုင်းတွင် ထင်ရှားကျော်ကြားသည်ဟု ယူဆကြပါသည်။ မင်းတုန်းမင်းသည် ထိုကဲ့သို့ မြို့တည်နန်းတည်မင်းတပါးဟု အခေါ် ခံချင်လှသဖြင့် ရတနာပုံနန်းမြို့ကို တည်ထောင်သည် မဟုတ် ကြောင်း ရှင်းလင်းခဲ့ပါပြီ။ မည်သို့ပင်ဖြစ်စေ မြို့တော်ကြီးကား ဘုရင်မင်းမြတ်၏ နှလုံးသား စိတ်ပန်းချီကားချပ်နှင့် တထပ်တည်း မားမားမတ်မတ် ထူးထူးခြားခြားကြီး တည်ဆောက်၍ အောင် မြင် ပြီးစီးခဲ့ပါသည်။

ဤနေရာ၌ မားမားမတ်မတ်ဟု ဆိုရသည်မှာ ရွှေမန်းမြို့တော် သည် မြန်မာ့ရာဇဝင်တွင် ရှေးယခင် ဘုရင်မင်းများ တည်ထားခဲ့ သော မြို့တော် နန်းတော်များနှင့် မတူ၊ တမူဆန်းပြား ခန့်ညား ကြီးကျယ်သော နန်းမြို့ကြီး ဖြစ်ခြင်းကြောင့်ဟု ဆိုရပါသည်။ ထို

"ဆိုချက်" ၏ အဓိပ္ပါယ်အသားမှာ ထိုခေတ်အချိန်က မျက်မြင်ကိုယ်တွေ့ဖြစ်သော ပါဠိပညာရှိကြီး စလေဦးပုည၏ "ရတနာနဒီဘွဲ့မော်ကွန်း" ပင် ဖြစ်ပါသည်။ ဆရာကြီး၏ အမြင်မှာ၊

အဝန်းကိုးရွာ၊ မဏ္ဍိမာဟု၊ ကဿာနုဂိရ်၊ မြေဇယ်ဒွိ၊
သိန်းဆယ်သထုံ၊ ရွှေဘုံဘွေ၊ ရိမဒ္ဒဆက်၊ ရှေးကကျော်
သောဝင်း၊ ဘေးစောလောင်းကို၊ ရှိညောင်းရွှေစည်၊ မြို့
နန်းတည်သား၊ ခိုင်ကျည်ကြီးကျယ်၊ အုံ့စဖွယ်ဟု၊ ကျွမ်း
ဝယ်အာဂုံ၊ လာဗျည်းတုံထည်း၊ ဘုမ္မဒ္ဒသိရ်၊ ဒေသခေါ်
ဟာ၊ နိုးနွှာခေါ်သော်၊ ယူဇနာဖွဲ့နည်း၊ အပြည်းပြည်းထည့်၊
လှည်းတံပိုးပြန့်၊ တာအခန့်ကို၊ ရှည်ဒွန့်တယူ၊ ဇနာဟူ၍၊
လူဥပဒေ၊ များလတ်သည့်ကြောင့်၊ မကြည့်မလင်၊ ဒွိပာ
ဝင်ခဲ့၊ မျက်မြင်ကိုယ်တွေ့၊ ဆိုသရွေ့လည်း၊ ဘုန်းဖော့
မြတ်စွာ၊ တို့ထွက်ချာ၏၊ ရတနာပုံမ်၊ အာရုံရှုမြင်၊ ရွှေ
ပြည်တော်နှင့်၊ စံသော်လက္ခဏာ၊ ထိကောင်းလှာ၏။

ဟု ဆိုသဖြင့် ဆရာကြီး မြင်သည့်အတိုင်း တင်ပြသည် ဟု ယူဆ
ဒိပါသည်။

ဤမော်ကွန်းစာ၏ အဆိုမှာ သီဟိုဠ်ပြည်၊ ဘထုံပြည် မှစ၍ အရေခေတ္တရာနှင့် အရိမဒ္ဒနာ ပုဂံပြည်ကြီးများကို တည်ထောင်ခတ် မူခဲ့ကြသော ရှေးမင်းများ၏ နန်းမြို့တော်များမှာ ကျွမ်းဂန်အလိုအားဖြင့် အုံ့စဖွယ်ကြီးကျယ်လှသည် ဟု အဆိုရှိပါပြားသည်းနှိုတဖြစ်ဘွယ်ရာ အကြောင်းများကြောင့် ယုံမှားဘွယ် ရှိပါသည်။ ယုံမှားမိသောအကြောင်းမှာ ရှေးက ဝေါဟာရယူဇနာတွက်ပုံမှာ အချို့ကျမ်းဂန်အရ လှည်းတံပိုးတစ်ထောက်လျှင် တာထပြန်ဟု ဆိုကြသောကြောင့် ယူဇနာဖွဲ့လျှင် တင်သလောက် မကြီးကျယ်လှပေ။ ယူဇနာ ဆိုသည်မှာအည်း တကျောင်းတဂါတာ တရွာတပုဒ်ဆန်း ဆိုသကဲ့သို့ လူ့စည်းမျဉ်းဥပဒေအရ သူ့အယူနှင့်သူ့အသ ခေါ်ချင်သလိုခေါ် ပြောချင်သလို ပြောဆိုကြခြင်းသာ ဖြစ်သည်။ ထို့

ကြောင့် ဗျာဒိတ်ရှိခဲ့သော ကြီးတွေ့နေရသော မင်းတုန်းဘုရင်၏ နန်းမြို့သော်ကြီး ကား အံ့ဘွယ်သောစစ်ကြီး ဖြစ်ပါသည်ဟု ဆိုပါသည်။ ယို့ကြောင့် မားမားမတ်မတ် ဆိုသောစကားအတိုင်း ဖြစ်ကြောင်း တင်ပြပါသည်။ ထူထူခြားခြားဆိုသော စကားအရမှာ မင်းတုန်းမင်းတရား၏ စိတ်နှလုံးသားတွင် အကွင်းသားအထင်းသား ပေါ်ပေါက်နေသော ဌာနကြီးခုနစ်ခု တပြိုင်နက်ထင်မြင်နေခဲ့ခြင်းကို အထင်အမြင်နှင့် ဟပ်အောင် တထင်ထင်းရှပ်လုံးဖော်ခဲ့ခြင်းကို ဆိုလိုပါသည်။ မင်းတရားကြီး၏ ရွှေစိတ်တော်တွင် ထင်မြင်လာသော ဌာနကြီး ခုနစ်ခုမှာ ၁။ ရွှေမြို့တော် ၂။ သုဓမ္မာစရပ်တော် ၃။ မဟာလောကမာရဇိန်စေတီတော် ၄။ သိမ်တော် ၅။ မဟာအတုလဝေယံတိုက်တော် ၆။ ပိဋကတတ်တိုက်တော် ၇။ ကျုံးတော်ကြီး တို့ဖြစ်ပါသည်။

ထိုဌာနကြီး ခုနစ်ခုကား မန္တလေး နန်းမြို့တော်ကြီး၏ သမိုင်းဝင် ကျက်သရေတော်ဆောင်ကြီးများပင် ဖြစ်ပါသည်။ ဘုရင်မင်းတရား၏ ကြည်လင်သော မနောကြေးမုံပြင်တွင် ဗောဓိပင်ခုနစ်ပါးတရားတော်ကိုမြင်သဖြင့် ဤဌာနကြီးများကို အစဉ်လိုက် ထင်လာတော်မူသည်မှာ အံ့ဘွယ်ရာဟုပင် ဆိုရပါမည်၊ အချို့က သာသနာပြု မင်းမြတ်ဖြစ်၍ သာသနာစောင့်နတ်ကြီးများ သတိပေး လှုံ့ဆော်ကြသည်ဟု ယုံကြည်ကြပါသည်။ အချို့ကလည်း သာသနာတဝက်မင်းကောင်းတဆက် ဟူသော ဆိုက်ထဘောင်အရ သာသနာငါးထောင်၏ တဝက်ဖြစ်သော ၂၅၀၀ သာသနာနှင့် ကိုက်ညီအောင် သာသနာတော်နှစ် ၂၄၀၀ ကို ချိန်မှန်းပြီး မင်းတရားကြီးကျန်းကျန်းမာမာ ရှိတော်မူစဉ် အချိန်မှီပြီးစီးအောင် အမြန်တည်ဆောက်ခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

မင်းတရားကြီးရည်မှန်းချက်အတိုင်း သာသနာတော်နှစ် ၂၄၀၀ နှင့် တွက်စစ်၍ လေးထောင့်စပ်စပ် အကွက်ချအပ်သော မြို့တော်၏

အလျားအနံမှာ တဖျက်နှာလျှင် တာ ၆၁၀ စီ လေးမျက်နှာ တာ ၂၄၈၀ ရှိပါသည်။ ထိုနန်းမြို့ကျက်သရေဆောင် ခုနစ်ဌာနကို တပြိုင်တည်း အုတ်မြစ်ချ၍ တပြိုင်တည်း တည်ဆောက် စေကြောင်းကို လယ်ကိုင်းမြို့စား သေနတ်ဝန် သတိုးမဟာသုမေဓ ရေးသားသော မြပုခက်တင်မော်ကွန်းချင်းတွင်၊

"ရှင့်ဘိုးတော်ရင်း၊ ငြိမ်းထက်မင်းလျှင်၊ နန်းခင်းမြေကြန်၊ ချင့်ပေတန်လျာ၊ ရွှေဥဒ္ဒကစိုက်ကြူး၊ အစဉ်ထူးဖြင့်၊ မြို့ဘုံးစေတီ၊ သိဂ်ီလျှံဓောင်း၊ သိမ်-ကျောင်း-သုမဓမ္မာ၊ ရွှေဝါအမြဲဘ်၊ ပိဋကတ်တိုက်၊ သမိုက်မြိမှန်၊ ခုနစ်ဌာန်ကို ဆော်ဘန်ဆောင်စည်၊ တပြိုင်တည်က" စသည်ဖြင့် စပ်ဆိုခဲ့ပါသည်။

သမိုင်းဝင် ဌာနကြီး ခုနစ်ခုကို သက္ကရာဇ် ၁၂၂၁ ခု ကဆုန်လဆန်း ၁၃ ရက်နေ့ ညဉ့် ၂ ချက်တီးကျော် (၁၄ ရက် တနင်္ဂနွေနေ့သို့အဝင်) နာရီပြည့် ၂ ပါဒ်အချိန်တွင် အမြောက်သံ အချက်ပေးသဖြင့် ကြားသည်နှင့်တပြိုင်နက် ဌာနကြီးခုနစ်ခုကို အုတ်မြစ်ချ၍ တည်ဆောက်ကြရပါသည်။ ထူးထူးခြားခြားဟူသော အထက်က ဖော်ပြချက် အတိုင်း အဆိုပါ ၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်နေ့ ညဉ့် ၃ ချက်တီးကျော် (၇ ရက် တနင်္လာနေ့အဝင်) ၄ နာရီ ၂ ပါဒ်အချိန်တွင် ရတနာပုံမ ရွှေမြို့တော်၏ တံခါး ၁၂ ရပ်ကို တည်ဆောက်တော်မူပါသည်။

အဆိုပါ တံခါး ၁၂ ရပ်တို့မှာ ၁။ လွန်ကဲ ၂။ ဦးထိပ် ၃။ သောင်းညွှတ် ၄။ ကျွန်းလုံးယူ ၅။ ကျော်မိုး ၆။ ရန်နည့် ၇။ စည်ရှည် ၈။ ထင်ရှား ၉။ စည်သာ ၁၀။ လေးသိန်း ၁၁။ ကြေးမုံ ၁၂။ နန်းဦး ဟူ၍ အမည်သညာနှင့် တကွ ထင်ရှားစွာ တည်ဆောက်ခဲ့ပါသည်။ တံခါး ၁၂ ရပ်နှင့် ပတ်သက်၍ အမှတ်တရ ရှိကြစေရန် စာဆိုတော်ကြီး တဦးဖြစ်သော တဘက်ဆွဲ

ရွာစား မင်္ဂလာဆိမ်တော်ပါ မဟာမင်းလှမင်းထင်သင်္ယာ ဦးမြ ချစ် ရေးသားသော ကျာ့ဘွဲ့တပုဒ်မှာ ဤသို့ ဖြစ်ပါသည်။

ရတနာပုံရွှေမြို့တော် တံခါး ၁၂ ရပ် ကျာ့ဘွဲ့

လေးဒိပါမြေမြ၊ မန်းဗွေညာ၊ ရတနာ့ပုံတိုင်း ဝတ်စိုင်း တည့် ရွှေးပြဗ္ဗာ၊ သေနင်္ဂယ်မှာလေ၊ ဒွါရာသွန်ကဲ၊ ဦးထိပ် ဆောင်းညွှတ်၊ ထမွတ်၊ ကျွန်းသုံးယူ၊ ကျော်မိုးရွှေတူ၊ ဇမ္ဗူ ရန်နည်ကဲပါလို့ခလား။ ကြေးမုံခေါ်မြ၊ မကွဲတည့်စည်ရှည် မှာ၊ သညာ ထင်ရှား၊ တံခါးတော်မြတ်စည်သာ။ လေး သိန်း ရတနာငယ်လေ၊ သိင်္ဂါနန်းဦး၊ စေရှင်စနဲ့၊ ရွှေစွင် ဆောင်ငယ်မှာ၊ ပြာသာဒ်စိန်ရောင်၊ ထိမ်တောင်တိမ်မဲညွန့် ကူးပါလို့လေး။ ရာဇငယ်ဖူးပါလို့၊ ရှိဦးငယ်လှယ်ကာ ညီလာခံနန်းတော့သည်။ ရာသက်တော်ရှည်ကြောင်း၊ သွန်း လောင်းငယ်ညောင်ရေ၊ အောင်ဇေယျနန်းတော့သည်။

ဤတဲ့သို့ သမိုင်းဝင် အမှတ်အသား အဆောက်အအုံ များကို နောင်လာနောက်သားတို့ မမေ့ပျောက်ခြင်းမရှိ၊ အထူးထူးသိကြ စေရန် ကဗျာ လင်္ကာ ဂီတ သည်တို့ဖြင့် ရှေးစာဆိုကြီးများ ရေး မှတ်ခဲ့ ရှိကြပါသည်။ ရတနာပုံမန်းမြို့နှင့် ပတ်သက်၍ သမိုင်း ထွက် အမှတ်အသားများ၊ ကျောက်စာဟောင်းများ ရှိကြပြီးပင်ဖြစ် သော်လည်း၊ ကဗျာ လင်္ကာ ဂီတ စာပေ တို့ဖြင့် သက်ဆိုင်သလို အကြောင်းအရားလျော်စွာ သီကုံးစပ်ဆိုခဲ့ ရှိသည်မှာ မြန်မာ စာဆိုကြီးတို့၏ စေတနာသဘောတရပ်ဟုပင် ယူဆမိပါသည်။ ပစ္စင် တံခါးအကြောင်းကို စာဆိုတော် မောင်မောင်လေးက "မြတ် ဘုန်းတော်ပန်း၊ ပိသက်စိမ်သာတဲ့၊ ရတနာပြည်ရွှေဘုံက၊ ဆယ်နှိ တုံသန်း၊ ရွှေပစ္စင်၊ တံခါးတော်စိန်ဒုရင်နှင့်၊ ဘယ်ရာစင်မကြီးဘူး အောင်သု၊ ထူးတဲ့ပြည်မန်း"ဟု စပ်ဆိုခဲ့ပါသည်။

ရွှေမန်း မြို့တော်ကြီး၏ အကြောင်းအရာတို့မှာ မှတ်၍မကုန် ရေး၍မပြီး အံ့ခြီးဘွယ်အခန်းခန်းတို့ဖြင့်အဆန်းထကျယ် လွန်စွာ သာယာဘင့်တယ် လှပါသည်၊ ထို့ကြောင့်ပင် စာဆိုပုဂ္ဂိုလ်ကြီး များကလည်း အသီးသီး မိမိတို့အမြင်ကို ထင်ထင်ရှားရှား မှတ် သားမိကြစေရန် ကဗျာလင်္ကာတို့ဖြင့် သီကုံးစပ်ဆိုခဲ့ကြခြင်း ဖြစ် ပါသည်။

ထူးထူးခြားခြား မှတ်သားဘွယ်တရပ်မှာ နန်းမြို့ပတ်လည်တွင် လေးထောင့်စပ်စပ် ကျုံးကြီးပတ်လျက် တည်ရှိနေခြင်း ဖြစ်ပါ သည်၊ မြန်မာရာဇဝင်တွင် ရှေးမင်းများသက်ထက်တော်က မြို့နန်း တည်ရာ၌ မြို့အင်္ဂါ ခုနစ်ပါးအတိုင်း ကျုံးသုံးထပ်ထားသည် ဟု စာဆိုသာ ရှိပါသည်။ ပလိပ်စားချောင်း အဖြေတွင် "ဒုဋ္ဌ ရေ ကျုံး ညွန်ကျုံး အခြောက်ကျုံး ကာရံ၍ ခဲယဉ်းသောမြို့" စသည် ဖြင့်၎င်း၊ မြေဘူးဘာမိုင်းတွင် တမြိုင်နက်ထူးသော ကိုးဌာနကို ဖော်ပြရာ၌ "မြို့မပတ်လုံး ကျုံးသုံးထပ်တဌာန" ဟု ဖော်ပြခဲ့သဖြင့် ရေကျုံး၊ ညွန်ကျုံး၊ အခြောက်ကျုံး ဟူ၍ သုံးမျိုးမှာ စာဆိုသာရှိ ပါသည်၊ မင်းတုန်းမင်းတရားကြီး ပြောင်းရွှေ့လာခဲ့သော အမရ ပူရ မှာပင် မန္တလေးကဲ့သို့ ကျုံးခလေးဖက် ပြည့်စုံအောင် ထင် ထယ်သော ရေကျုံးရှိသည်ကို မတွေ့ရပါ။

ထို့ကြောင့် ရွှေမန်းကျုံးတော် ကြီးကား ထူးခြားချက် တရပ် ဖြစ်ပါသည်။ ဤကျုံးတော်ကား ရန်သူကိုကာကွယ်ရုံမျှ မဟုတ် ပါ။ မြို့နန်း၏ ကျက်သရေကို ဆောင်စေသော ရေကန်ကြီး ရှုခင်း မျိုးကဲ့သို့ ဖွံ့ဖြိုးသောအသရေကိုလည်းဆောင်၍ နေပါသည်။ တမြိုင် နက် ပန္နက်ချသော သတ္တဌာန အင်္ဂါအဝင်တရပ်ဖြစ်၍ စာဆိုကြီး တို့၏ မှတ်စုများတွင် ကဗျာ လင်္ကာ တို့ဖြင့် ပါဝင်ကြရပါသည်၊ အထူးမှတ်သားဘွယ်ကောင်းသောမှတ်ချက်ကလေးတခုကို စလေ ဆရာကြီး၏ ရတနာနုဒီမော်ကွန်းပိုဒ်တွင်၊

သိဘာပတ်လည်၊ ရံဒုံးသည်လည်း၊ မျက်ချည်ရှုမြင်၊ အယ်ပြည်တွင်မှ၊ လေးခွင်ထုတ်ခတ်၊ ရေရဟတ်ဖြင့်၊ မပတ်စတောင်း၊ အင်းမြစ်ချောင်းကို၊ ခနောင်းလဘက်၊ ကျုံးရေဘွက်၍၊ မြို့တံစိ၊ သုချဉ်ခဲ့၊ ပါရမီအဆုံ၊ပြည့်လောက် လုံသည်၊ ရွှေဘုံဥာဏ်၊ နန်းပြည့်ရှင်၏၊ ရဋ္ဌင်မင်္ဂလာ၊ထပြည် သာသည်၊ ယထာဝါဒီဂုဏ်ထူးတည်း'' ဟု တွေ့ရပါသည်။

ဆရာကြီး၏ မော်ကွန်းစာ အဆိုအရ အအယ် တိုင်းပြည် တွင်မှ လေးခွင်လေးရပ် ညှပ်လျက်တည်သော ကျုံးပတ်လည်နှင့် မြို့ထော်ဟူ၍ မရှိခဲ့ဘူးကြောင်း သိရပါသည်။ ထိုကျုံးတော်ကြီးနှင့် စပ်ဆက်၍မှတ်ချက်အဖို့အထွာကလေးမှာ ထိုမော်ကွန်းစာ၌ပင် ဤသို့ထင်ပြပါသည်။

ပတ်လျောက်ရင်ကိုး၊ ခက်ဆစ်ကျုံးလည်း၊ မြစ်ထုံး ဇလုဘ်၊ ရေတိုက်လျက်၊ ဥဿဘတတွန်၊ နက်ကျယ်ဝှန် သည်၊ ရွှေပြွန်လွှတ်စွန့်၊ မြှည်သန့်နှင့်၊ မတန့်လျှာဖျား တန့်ခနားတည့်၊ ပဒ္ဒမ္မာမြဲ၊ မျက်ရှင်ထဲ၌၊ ဥရဲပုဏ္ဍာက ထိုတိုင်းပြသည်၊ သဗ္ဗကိရိယာ၊ ရေဖွယ်ရာသို့၊ ရွှေကြာ ဖက် ငါး၊ အပါးပါးလည်း၊ဘုန်းအားဘုန်းကံ၊ ဘုန်းစီမံသည် ထောက်ခံကုသိုလ်နိုင်ဖြိုးတည်း။

ထိုစာပိုဒ်အရ ကျုံးထော်၏ အကျယ်အလျား ရေသားရေနေ အထွေထွေကို သိစေလိုသဖြင့် "ဥဿဘတတွန်၊ နက်ကျယ်ဝှန် သည်''ဟု ဆိုပါသည်။ တဥဿဘမှာ တာ ၂၀ နှင့် ညီမျှသဖြင့် ပေ ၂၁၀ ဟုမှတ်ရပါသည်။ ထို့ကြောင့် ကျုံး၏အကျယ် ပေ ၂၁၀၊ ကျုံးဘေးမြစ်လမ်း အကျယ်လည်း ပေ ၂၁၀၊ စောက် အနက်ကား ၁၅ ခအာင် (၂၂ ပေခွဲ) ရှိကြောင်း သိရပါသည်။ ရွှေမြို့ထော်ကြီး တည်ဆောက်၍ ပြီးစီးသော အချိန်က နန်းမြို့သိမ်း ပွဲတော်ကြီးကို ဤကျုံးအတွင်း ရေသဘင်ပွဲကြီးကျင်းပပြီး ထိန်း

တော် မူခဲ့ကြောင်း သိရပါသည်။ ထိုကျုံးတော်ကြီးအတွင်း ကြာမျိုး ငါးပါးဖြင့် တင့်တယ်လှပစွာ ဖုံးတီးထား၍ ကျုံးရေကို တန့်ဂလျှင် နှင့်ကြိမ်ဘျူ ပြောင်းလဲပေးသဖြင့် ကျုံးရေမှာ အမြဲ ကြည်လင်၍သာ နေခဲ့ပါသည်။ ကျုံးတော်ကြီး အတွင်းဖက် တာ ၂၀ (ပေ ၂၀၀) အကွာတွင် ၁၈ တောင်မြင့်သော အုတ်မြို့ရိုးကြီးမှာ ကျုံးတော်၏ နောက်ခံရှုခင်းသာကြီးပင် ဖြစ်ပါသည်။ ထိုအုတ်မြို့ရိုးကြီးပေါ်တွင်ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ဦးလေးခု၊ ဘုံငါးဆင့်ရှိသော ပြာသာဒ်ငယ် ရှစ်ခုတို့ကို မားမား စွင့်စွင့် တင့်တယ်စွာ တွေ့မြင်ရပါသည်။


## မြို့တော်၏အမည်

ရွှေမြို့တော်ကြီးပြီးစီး၍ မြို့တော်၏အမည်ကို "ရတနာပုံ"ဟူ၍ ၎င်း၊ နန်းမြို့တော်ကို "လေးကျွန်းအောင်မြေ" ဟူ၍၎င်း၊ ရွှေနန်း တော်ကို "မြနန်းစံကျော်" ဟူ၍၎င်း သမုတ်တော် မူပါသည်။ မင်းတုန်းမင်းတရားကြီး၏ အလိုဆန္ဒတော်အတိုင်း "ရတနာပုံ" မြို့တော်ဟု သမုတ် ထားသော်လည်း မန်းသူ မန်းသား တို့က "မန္တလေး"ဟူ၍သာ ခေါ်ဝေါ်ခဲ့ကြသဖြင့် ယနေ့တိုင် ရတနာ ပုံမြို့တော်မှာ မန္တလေးဟု တွင်လျက်ရှိနေပါသည်။ ရွှေမန်းမြို့နေ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အာဘော်အရမှာ ရွှေမြို့ တော်တွင်း ကျက်သရေမင်္ဂလာ ပြည့်စုံစွာရှိခြင်းကြောင့် "ရတနာ ပုဏ္ဏ ရတနာပုဏ်"ဟု ဇာတ်ကြီးသတ်ဖြင့် ရေးသားတော်မူခဲ့ရှိပါ သည်။ သို့သော် မင်းတုန်းမင်းတရားကြီး၏ ပြည်သုံးငွေ ဒင်္ဂါး များတွင် "ရတနာပုံ"ဟု ပါရှိနေသောကြောင့် တိုင်းပြည်က ထိုအတိုင်းပင် ရေးသားကြပါသည်။ သာသနာပိုင် ဆရာတော် ကြီးနှင့် တပည့်တပန်း အနည်းငယ်တို့သာလျှင် "ရတနာပုဏ်"ဟု ရေးသားကြောင်း သိရပါသည်။

မြန်မာနိုင်ငံတော်၏ ရာဇဝင်သမိုင်း တလျှောက်တွင် မြန်မာ ဘုရင်တို့ တည်ထောင် စိုက်ထူတော် မူခဲ့သော မြန်မာ့ မင်းနေ

ပြည်တော်ဟောင်း များအား နန်းမြေဒေသ များကိုပင် ရှာဖွေတွေ့ရှိရန် ခဲယဉ်းလှပါသည်။ နောက်ဆုံး နန်းဘည့် မြို့တည်မင်းဖြစ်သော မင်းတုန်းဘုရင်၏ ထီးရိပ်နန်းရာများပင်လျှင် ယခုအခါ စုံလင်စွာ မတွေ့မြင်နိုင်တော့ပါ။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ်ပိုင် စိုးမိုး အုပ်ချုပ် ခဲ့ကြသော လူမျိုးကြီး တမျိုး ဖြစ်ကြောင်းကို မြန်မာ့ သမိုင်းဟောင်း များမှတပါး ခိုင်လုံသော အခြားအထောက်အထားကြီးများကို ထာဝစဉ်တင်ပြနိုင်ရန် လွယ်ကူမည် မဟုတ်ပါချေ။


ထိုအခြေအနေကို ရိပ်စားမိသော ရွှေမန်းမြို့သူမြို့သား များနှင့်တကွ မြန်မာပြည်အရပ်ရပ်မှ မြန်မာပညာရှိကြီးများ၊ တော်လှန်ရေး အစိုးရအဖွဲ့ဝင်များ စုဝေးတိုင်ပင်ကြပြီးလျှင် မြန်မာသက္ကရာဇ် ၁၃၂၁ ခု ကဆုန်လပြည့်ကျော် ခုနစ်ရက်နေ့က "ရွှေနန်းရာပြည့်နှစ်ပွဲတော်ကြီး"ကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထိုအချိန်တွင် နှစ်တရာအတွင်း မေ့ပျောက် ပျက်စီးယိုယွင်း နေကြသော နန်းမြို့ဟောင်းနှင့် သက်ဆိုင်ရာ အဆောက်အအုံနှင့်တကွ ရှေးဟောင်း ဝတ္ထုပစ္စည်းများကို ပြန်လည်စုဆောင်းခဲ့ကြပါသည်။ တော်လှန်ရေး အစိုးရ၏ အကူအညီဖြင့် ဒုတိယကမ္ဘာစစ် အတွင်းက ရန်သူများ ဖျက်ဆီးပစ်ခဲ့သော နန်းမြို့အဆောက်အအုံ အချို့ကို အသစ်မွမ်းမံပြန်လည် တည်ဆောက်ခဲ့ကြပါသည်။ မန္တလေးမြို့ ကိုလည်း ပြုပြင်မွမ်းမံ ကြပါသည်။ ဤသို့ဖြင့် ကုန်းဘောင်ဆက်၏ မင်း ၁၁ ဆက်မြောက် မင်းတုန်းမင်းတရားကြီး တည်ထားတော် မူခဲ့သော ရတနာပုံမ နန်းနေပြည်ကြီးကို နောက်နှောင်းစဉ်လာ မြန်မာ လူမျိုးတို့အဖို့ မျိုးရိုးဂုဏ် ကျက်သရေကို ဆောင်လျက် ညွှန်ပြနိုင်ကြပေလိမ့်မည်။ ရွှေမန်းမြို့ကြီး တည်ထောင်ပြီးစက မျက်မှောက်ခေတ်ကို ကြုံတွေ့လိုက်ရသော စထေသရာကြီး ဦးပုည ကိုယ်တိုင် ရွှေမြို့တော်ကြီး၏ သာယာကြည်နူးဘွယ် ကျက်သရေရှိပုံတို့ကို အာရုံခံစားမိပါသဖြင့် ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။




မော် ကွန်း တိုင်၊
မြို့တည် သက္ကရာဇ်
ရေး ထိုး ထား
သည်။



နန်းတော် တောင်မျက်နှာမှ မင်္ဂလာတံခါး ဟုလည်း ခေါ်သော
ကျော့်မိုးတံခါး




အရှေ့ ပွဲတက်ဆောင်နှင့် မြေနန်းပြာသာဒ်တော်ကြီး




ရွှေပိန်းချ နန်းဆောင်တဆောင်




ရွှေကျောင်းတော်ကြီး




မင်းတုန်းမင်း၏ ကုသိုလ်တော်စေတီနှင့် အတုမရှိကျောင်းတော်ကြီး




မန္တလေးတောင်တော်နောက်ခံလျက် စန္ဒာမုနိဘုရားမှ ကျောက်စာဂူနှင့်
ကျောက်စာတိုင်များ



ရတနာပုံမ်ခေတ်က သုဓမ္မာစရပ်



ရတနာပုံမြို့ခေတ် မှူးကြီးမတ်ကြီးတဦး၏ အိမ်တော်



ဤတောင်ဥယျာဉ်၏ နွေရာသီစံအိမ်တော်တွင် နန်းစွန့်ကြောင်း သီပေါမင်း
လက်မှတ်ရေးထိုးရသည်

## ရတနာပုံ မန္တလေးမြို့တော်ဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်
## (လူးတားညှပ်)

သုံးသိန်း သုံးသောင်း လေးထောင်ထိပ်၊ နှစ်ကျိပ်ရှစ်ဆက် မဟာဝင်၊ အတိတ်ဖြစ်ဖျက်ကမ္ဘာထွန်းအောင်၊ ဘယ်ဆာဇဝင် မစံမြန်း၊ လေးဆယ့်ရှစ်ရပ် ပြာသာဒ်ရံသည်၊ နတ်ပိသုကာ သစ်လင်းဖန်သည့်နန်း။

(လူးတားညှပ်) ရှစ်သောင်း လေးထောင်၊ နှစ်ပြန်ဆောင်သား၊ ရန်အောင်မပယ်၊ မြမြင့်မိုရ်ဝယ်၊ ရေညိုခွေချပ်၊ ဂဟေထပ်သျှက်၊ မြေပ်ခန်းဝါ၊ ကွဲ့ပမာသို၊ မန္တဘူထပတ်၊ မြတ်ဥက္ကာ[illegible]သည်း၊ လူနတ်ခြီးပင့်။ လွှတ်ဝဲ့သဏ္ဌာန်၊ ဘုံဗိမာန်ဝယ်၊ ဝေယံကြွင်နှ်၊ သိကြားနန်းသွံ၊ တသန်းခြည်ရောင်၊ သုံးဘိုက်လောင်သည်၊ အခေါင်သေဌမန်းတည့်လေး။ ပိသုနိုဋ္ဌင့်ပန်း တည်သည့်နန်း။

(တေးထပ်ဆက်) ရေယဉ်နဝရတ် နန်းတန့်ထို၊ ရွှေဘုံဝမ္ဗိ ရံကာသန်း၊ ပြည်ကြီးမွန်ဘောင်လောင်ကမန်း၊ ရွှဲတောင် ရွှေနန်း ကျက်သရေ၊ ရွှေလောင်းရွှေသွေ့ ထွေထွေရှက်၊ တောဇော်ရွှေစက်ရေ လက်ျာရစ်ခွေ၊ ရတနာဘုမ္မိ ထိုင်းဌာနေ၊ သမိုင်းစာခွေ ထိန်ထိန်လှစ်လို့၊ နေဇုန္ဒရာဇ်နတ်သျှင် ခေတ်ပေ၊ အုံ့မျှီးသာစွထွေ၊ ရွှေနန်းစံဆက်၊ မဏ္ဍဒေလိုး ပုံတောင်းစက်ရွှေဆိုက်ပွဲခံလို့လေး။

ဤသို့ကဲ့ မမေ့နိုင်လောက်သော မှတ်ထမ်းကဗျာပြင့် ခြီးကျူးခဲ့ပါသည်။ ရွှေမန်းမြို့ကို ထိုအချိန်ကာလ မျက်မှောက်ခေတ် ရှိထိုက်ကြသော စာဆိုပညာရှိကြီးများ၏ မှတ်တမ်း ကဗျာတို့မှာလည်း များစွာပင်ရှိကြပါသည်။ မင်းနေပြည်ဖြစ်သော ရွှေမန်းမြို့တော်၏ အကျယ်အဝန်းမှာ အရှေ့နှင့်အနောက် ဆယ်မိုင်ခန့်၊

ထောင့်နှင့်မြောက်ပိုင်း မိုင်လေးဆယ်ခန့် ရှိကြောင်းကို မှတ်တမ်းဟောင်းများအရ သိခဲ့ကြပါသည်။ မျက်မြင်အားဖြင့် မြို့တော်အရှေ့ဘက်မှာ ရှမ်းတောင်တန်းနှင့် ဆက်သော တောင်ရိုးကြီး၊ အနောက်ဘက်မှာ ဧရာဝတီမြစ်ကြီး၊ တောင်ဘက်မှာ ဒုဋ္ဌဝတီမြစ်ငယ်၊ မြောက်ဘက်မှာ မန္တလာမြစ်၊ ဤကဲ့သို့ နယ်သတ်မှတ်ခြင်း ရှိသည်ကို တွေ့ရပါသည်။

ရွှေမန်းမြို့တော်နှင့် ပတ်သက်၍ ရှုကွက် မြင်ကွင်းတို့နှင့် တကွ ထဲဖြစ်အပျက် အဖုံဖုံတို့မှာ ရေးလို့ ကုန်နိုင်ဘွယ်မရှိဟု ပေါ်ပြခဲ့ပြီး ဖြစ်ပါသည်။ သမိုင်းသစ် ပြုစုလိုသော သုတေသီတို့အတွက် မန်းမြို့တော်နှင့် စပ်လျဉ်း၍ အထောက်အထားပြု နိုင်သော ကျောက်စာတို့မှာ မန္တလေး တောင်ပြုံးကြီးရပ် လှည်းထောက် ဘုရားကျောက်စာ၊ သက္ကရာဇ် ၆၃၀ ပြည့်ထိုး မန္တလေး ရွှေကျီးမြင့် ဘုရားကျောက်စာ၊ ၈၆၃ ခုနှစ်ထိုး မန္တလေး မင်းတဲရပ် ရတနာ မဉ္ဇူဘုရားကျောက်စာတို့ ဖြစ်ကြပါသည်။

## ရှုမ်းမြအေးကြည် ရတနာပုံနေပြည်

ဤအချိန်ကား ရွှေမန်းမြို့တော်ကြီးတွင် လူနေရာရှင်ပေါ ကြက်ပျံမကျ လွန်စွာ စည်ကားလှသဖြင့် အရပ်လေးမျက်နှာမှ ကူးသန်း ရောင်းဝယ်ရန် ရောက်လာကြသော ကုန်သည်ပွဲစားများနှင့် တကွ တောင်ရိုးတောင်တန်းနေ ပြည်ထောင်စုသား လူမျိုးစုံတို့ တွေ့ဆုံ ပျော်မြူးရာ ဌာနကြီး ဖြစ်ပါသည်။ စနစ်တကျ အကွက်ချလျက် တနှစ်နှင့်ခုနစ်လကြာမျှ တည်ဆောက်ပြီးစီးခဲ့သော မြို့တော်ကြီးမှာ ထိုအခါက လူသံ စကားသံ ညံနေသည့်ပြင် ဇာပြန်ပွဲ တရားပွဲ နတ်ပွဲ ဇာတ်ပွဲတို့ဖြင့် ရှိတ်ရှိတ်သဲသဲ စည်ကားလှပါသည်။ နန်းမြို့ပြင်ဖက် လေးမျက်နှာတွင် ရပ်ကွက်ကြီး ၅၄ ခုကို စနစ်တကျ နေရာချထား ပြီး ဖြစ်ခြင်းကြောင့် လူနေအိမ်ခြေတို့မှာ မြို့ကြီးရပ်ကြီး အသရေကို ဆောင်လျက်ရှိကြပါသည်။

ရွှေမန်းမြို့တော်အဝန်းသုံးရှိ လူဦးရေမှာ မင်းတုန်းမင်းတရား လက်ထက်မှစ၍ ၁၂၄၅ ခု သီပေါမင်း လက်ထက်တိုင်အောင် အကာငှလေးသန်းခြောက်သိန်းခုနစ်သောင်း ရှစ်ထောင်တရာ့ကိုး ဆယ်(၁၄,၆၇၈,၁၉၀)မျှ ရှိကြောင်း မှတ်တမ်းဟောင်းများအရ သိရပါသည်။ ရပ်ကွက်ကြီးများမှာ မင်းနေပြည် ဖြစ်ခြင်းကြောင့် ထီးနန်းဆံသော အမည်များဖြင့် သမုတ်ထားပါသည်။ အချို့ ရပ်ကွက်များ၏ အမည်များမှာ အောင်နန်းရိပ်သာ၊ ချမ်းအေးသာစံ၊ တုလွတ်ရန်ရှောင်၊ ပုလဲငွေရောင်။ ရွှေတုန်းမှိန် စသည်ဖြင့် လွန်စွာ ဝင်စိတ်နှလုံးချမ်းမြေ့ဘွယ် ယဉ်ကျေးသိမ်မွေ့လှပါသည်။ နေချင့်စဖွယ် အမည်များဖြစ်၍ ရပ်ကွက်နှင့် ဓာတ်သက်မှာ စပ်ဆက်မိသကဲ့သို့ မှတ်ထင်ရပါသည်။ ရပ်ကွက်နေတို့၏ စိတ်နေစိတ်ထား သဘောထားများမှာ မုံဒွါဝါဒီများ ဖြစ်သည်အားလျော်စွာ ယဉ်ဝါးသိမ်မွေ့လှပါသဖြင့် မန်းသူမန်းသားတို့၏ အပြုအမူကို အတုယူဘွယ်ဟုပင် အစဉ်အလာ ပြောကြားကြပါသည်။

ရွှေမြို့တော်ကြီးမှာ မြို့ခံလူထုအဖို့ တခုတည်းသော အကျိုးသာလျှင် မဟုတ်ပါ။ နိုင်ငံတော်အတွင်း အမြို့မြို့ အရွာရွာက လာသမျှ စီးပွားရေးသမား များအား မြို့တွင်း၌ ရောင်းဝယ်ဖောက်ကားရာဝယ် လွယ်ကူစေရန် ကုန်းလမ်း ရေလမ်း စသည်ဖြင့် လမ်းအသွယ်သွယ် ဖောက်လုပ် ထားပါသည်။ မြို့တွင်းအလျောက်တွင် "မဟာနန္ဒီ–ဍုန္ဒဒိစစ်" ဖြစ်သည်ဟု ဆိုကြသော ရွှေတချောင်းမြောင်းကြီးသည် မတ္တရာမြစ်နှင့် ဆက်သွယ် ထားသဖြင့် စီးပွားရေးသမား ကုန်သည်ပွဲစားတို့ နေ့ညမဟူ ရောင်းဝယ်ဖောက်ကားရန် စုန်ဆန်သွားလာ နေကြသော လှေသမ္ဗန်တို့ဖြင့် လှုပ်ရှား၍နေပါသည်။

ထို့ကြောင့် ရွှေမြို့တော်ကြီးမှာ မြို့ခံနှင့် အာဂန္တု၊ ရပ်ဝေးရပ်နီးတို့ လာရောက်၍ စုကြသဖြင့် လူထုကြီး၏ အုတ်အုတ် ကျက်ကျက် အသံဗလံသည် နေ့ညဉ့်မဟူ ညံလျက်သာနေမည်ဟု ထင်

ဘွယ် ရှိပါသည်။ ထိုလှုံ့သံဆူညံနေသည့် အထဲတွင် ဥဩသံ မစဲအောင် သဲသဲမဲမဲ ကြိုးပမ်းလုပ်ကိုင်နေကြသော စက်ရုံကြီးများ ကိုလည်း တွေ့နိုင်ကြပါသည်။ ရွှေမြို့တော်ကြီး၏ အနီးတဝိုက်တွင် အစုလိုက်အပုံလိုက် မြင်ရသော ပေါ်းပုံကြီးများနှင့်တကွ ဆန် စက်ကြီးများကို တွေ့ကြရပါသည်။ ထိုမှတပါး မဲနယ်စက်ရုံကြီး များ၊ ဖန်ချက်စက်ရုံကြီးများ၊ အထည်စက်ရုံကြီးများ၊ သကြားစက် ချည်မျှင်စက်၊ အိုးခွက်ပန်းကန်စက်များ၊ လက်နက်စက်ရုံ ကြီးများ နှင့် သစ်စက်ကြီးများသည်လည်း မြစ်ချောင်းကမ်းနား တဝိုက်တွင် အထုပ်များလျက် ရှိကြပါသည်။

ကုန်ထုတ်ကုန်သွင်းလုပ်ငန်းမှာ ဖော်ပြခဲ့သော ရေလမ်း ကုန်း လမ်းတို့မှာတွက်ဝင်မစဲ ထဖွဲ့ဖွဲ့ဖြစ်ပါသည်။ "ရွှေတချောင်းမြောင်း တော်" ဟူ၍၎င်း "ရွှေလောင်းမြောင်းတော်" ဟူ၍၎င်း မန်းမြို့ တော်၏ ကျက်သရေဆောင် ကုန်သွယ်ရေး မြို့တွင်းရေမြောင်းကြီး တွင် လှေလောင်းကြီးငယ်တို့မှာ ကုန်သွယ်ကုန်ပို့ လုပ်ငန်းသမား များဖြင့် ပြည့်ကြပ်လျက်ရှိပုံမှာ ကုန်းလမ်းများတွင် ဝန်တင်လှည်း ထသွယ် လှည်းယဉ်ငယ်တမျိုး မြေကျင်ခရီးသွား တို့ဖြင့် တိုးဝှေ့ သွားလာကြဘိသကဲ့သို့ ရှိလေတော့သည်။

ထိုရွှေတချောင်းခေါ် ရွှေလောင်းမြောင်းတော်မှာ မင်းတုန်း မင်းတရားကြီး လက်ထက်တော်တွင်မှ တူးဖောက်သော ရေလမ်း မဟုတ်ပါ။ သက္ကရာဇ် ၁၁၅၇ ခုနှစ်ကပင် ဘိုးတော်ဘုရင် မင်း တရား ဆည်ဖို့တူးဖောက်ခေါ်မူခဲ့ခြင်း ဖြစ်ပါသည်။ ထိုအ ကြောင်းကို အောင်ပင်လယ်ကန်ကျောက်စာတွင် "တော၏ကျက် သရေ၊ တောင်အခြေကို၊ ရစ်ခွေစီးဝင် သွားလေသော မတ္တရာ မြစ်ကို ကျောက်အတိ ဆည်ထားပိတ်ဆို့အင်သော ရွှေတချောင်း မြောင်းတော်"ဟူ၍ ဖော်ပြပါရှိပါသည်။ ထိုမှနောက် ၁၁၉၉ ခု နှစ် ရွှေဘိုမင်းလက်ထက်တော်တွင် ရေမြောင်းကြီး တိမ်ကောနေ ပြန်သဖြင့် ထပ်မံပြန်လည်ဆည်ဖို့ တူးဖော်ရပြန်ပါသည်။ မင်းတုန်း

မင်း လက်ထက်မှာ မြို့တွင်းဆိပ်ကမ်း များကို သာယာအောင် ပြုပြင်ထားကြောင်း သိရပါသည်။

ထိုကဲ့သို့ ခေါင်းတိုင်တအူအူ မီးခိုးတလူလူဖြင့် ဆူဆူညံညံ စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလျက်ရှိနေသော မင်းနေပြည်တော်ကြီး၌ ခိုလှုံနေထိုင်ကြရသော မြို့သူမြို့သားတို့အဖို့မှာ ရွှေမရှား ငွေမရှား စီးပွားသမ်းပွား ကောင်းသဖြင့် ရောင်းလိုက် ဝယ်လိုက် လှူလိုက်တန်းလိုက် ပေးလိုက်ကမ်းလိုက်ဖြင့် ပေးမကုန် လှူမခန်း ဖြစ်ကြပါသည်။ ကိုယ့်မင်း ကိုယ့်ချင်း ကိုယ့်လူမျိုးနှင့် ကိုယ့်တိုင်းပြည် ညီညီညွတ်ညွတ် နေထိုင်လုပ်ကိုင် စားသောက် ကြရသည်မှာ လူတိုင်းလူတိုင်းအဖို့ အကျေနပ်ကြီး ကျေနပ်၍ နေကြမည်မှာလည်း ယုံမှားဖွယ်မရှိပါ။ မင်းနှင့်ပြည်သူ ကြည်သာ၍ လွန်စွာ မျှတကြသဖြင့် အစစ ကျေနပ်ကြမည်မှာလည်း အမှန်ဟု ဆိုရပါမည်။

ထိုမှတပါး ဥတုအာဟာရ သပ္ပါယ မျှကြသဖြင့် ဝဝလင်လင် ရုပ်ရေကြည်လင်သဖြင့် အမြဲရွှင်လျက်ရှိကြပေသည်။ ထွတ်လင်စွာ စီးပွားဥစ္စာရှာဖွေလျက် လွတ်လပ်စွာ နေထိုင်စားသောက်ရသဖြင့် အရသာမျိုးစုံကို အာရုံရှိသလောက် မြိုင်ကြရပြီး လွန်စွာ စည်းစိမ်ရှိကြပေမည်။ ထို့သို့ဖြင့် မြို့တော်ကြီးတခုလုံးသည် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးကို အမှူးထားလျက် မိဘနှစ်ပါးအုပ်စီးသော ထမိပေါက် အိမ်ထောင်ကြီးကဲ့သို့ ညီညွတ်မျှတစွာ ရှိကြပြီးချွင် မင်္ဂလာကျက်သရေ ရွှန်းရွှန်းဝေပါစေသည်။ မိဘရင်းနှင့် တူသော မင်း မိဖုရား နှစ်ပါးသည်လည်း ၁၁၆ ဆောင်သော ရွှေနန်း အဆောက်အအုံတွင် နေထိုင်ကြလျက် နန်းတွင်းသူ နန်းတွင်းသား တို့နှင့်မခြား မြို့သူမြို့သားတို့အား တရားသဖြင့် ဆုံးမပဲ့ပြင် ကယ်တင် ထောက်ပံ့လျက် မေတ္တာကရုဏာအနှံ့ ဖြန့်ခဲ့ပါသည်။

ထိုကဲ့သို့ ဘုရင်မင်းမြတ်ကြီးသည် ထူးကဲ ကောင်းမွန်လှသော စိတ်ဓာတ်ကို ကိုယ်တွေ့ကြုံခဲ့သူ စလေဆရာကြီး ဦးပုည က "ယိုးဒယားနိုင်မော်ကွန်း" အပိုဒ် ၇၇ တွင်၊

"လေးကျွန်းဥတ္တရ၊ မင်္ဂလာမှတ်သည်၊ မန္တလာပီတာ၊ တို့ထွတ်ချာကား၊ ရတနာပုံ၊ ပြည့်စုံကဲလွန်၊ မြို့ဗိမာန်ထက်၊ တံခွန်လွင့်လွင့်၊ ဘုန်းပန်းပွင့်၍၊ ကိုးဆင့်ပဒ္မ၊ မိုးနှိုက်ထူ လျက်၊ မင်းမူမင်းကျင့်၊ သင့်သည်၍သာ၊ တစ်လေ့လာ သည်၊ သဗ္ဗာယကာရိ၊ တန္တိမေ့မေ့၊ သုံးဆောင်လေ့၏။ ဤရွှေတားလျော်၊ ဤမတော်ပယ်၊ ဘောင်ဇနည်း၊ ရွှေဉာဏ် ကုလျက်၊ ပြစ်မြူမဖုံး၊ အမြိုက်သုံး၏၊ ဆုံးဆုံးပြတ်ပြတ်၊ သင့် လျော်ပတ်သား၊ ဆေးမြတ်မိုဒ်၊ နှစ်လီစက်စုံ၊ လှည့်ပြားတုန် ထည်း၊ နှသုံးဉာဏ်တော်၊ ချင့်နိုင်းကျော်မှ၊ မြေပေါ် ကောင်းကင်၊ စံပယ်ရှင်၏၊ ဖြူစင်နဂုံရုံ၊ ပြဟ္မစိုရ်ကား၊ ရွှေ ကိုယ်တော်လုံး၊ တရားတုံပုံ၊ ပတ်ကုံးလူ့ခေတ်၊ ပြောရာ ဖြစ်ရှင့်" ဟူ၍ စပ်ဆိုခဲ့ပါသည်။

# လက်ထက်တော်ကြီးနှင့် သာသနာရေး

ဗုဒ္ဓဝါဒီသာသနာပြုမင်းများ အစဉ်ထစိုက် အုပ်စိုး၍ လာခဲ့သော မြန်မာနိုင်ငံတွင် သာသနာရောင်သည် အစဉ်ထွန်းပြောင်၍နေခဲ့သည်ဟု ဆိုမှတ်ပြုခဲ့ကြပါသည်။ သာသနာတော် ပြုစုရာတွင် ရာဇဂုဏ်ပြလျက် အမည်နာမ ကြီးကျယ်စေလိုသော ဆန္ဒဖြင့် ဆောင်ရွက်ခဲ့ကြသော ဘုရင်အချို့ကို ရာဇဝင်တွင် မြင်တွေ့ရသည်ဟု ရှေးပညာရှင်တို့ ဆိုမိန့်သံ ကြားဘူးပါသည်။ သို့သော် မင်းတုန်းဘုရင်မင်းမြတ်ကား ဗုဒ္ဓသာသနာတော်ကို အသက်နှင့် ထပ်တူ ကြည်ညိုလေးစားတော်မူသဖြင့် သူမတူအောင် ထူးကဲသော စေတနာဖြင့် ဆောင်ရွက်တော် မူပုံတို့မှာ ယနေ့တိုင် ထင်ရှားလျက် ရှိပါသည်။ ထို့ကြောင့် ကုန်းဘောင်ဆက်တွင် ၁၀ ကြိမ်မြောက် မင်းတုန်းဘုရင်လက်ထက် မှာကဲ့သို့ ရှေးက ဗုဒ္ဓသာသနာတော် ဖွံ့ဖြိုးခြင်းမရှိခဲ့ဟု ဆိုကြပါသည်။ မင်းတုန်းမင်းတရား စိုးစံသည့် ကာလကို လက်ထက်တော်ကြီးဟု ခေါ်ဆိုကြပါသည်။

မန္တလေးမြို့တွင် ပရိယတ္တိ စာသင်ကျောင်းတိုက်ကြီး ပေါင်း ၁၇၉ တိုက်ရှိ၍ ထိုကျောင်းတိုက်များအတွင်းရှိ ဘုန်းကြီးကျောင်းများမှာ ၁၀၂၇ ကျောင်းမျှ ဖြစ်ပါသည်။ ထိုကျောင်းတိုက်ကြီးများတွင် သီလဝန္တ၊ ပညာဝန္တ၊ သိက္ခာကာမ ဖြစ်တော်မူကြကုန်

သော မဟာဇေရိကျော် ဆရာတော်တုန်းကြီးပေါင်း ၁၀ မျှရှိပါသည်။ ထိုပုဂ္ဂိုလ်ကျော်ကြီးများမှာ ဘုရင့်တွဲတံဆိပ်တော် "ရာဇာဓိရာဇဂုရု" ဘွဲ့ရ ပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။ ထိုဆရာတော်ကြီးများကိုမှီချက် စာချဆရာတော် ၃၀၀၀ နှင့်အတူ နေ့ပါ ညပါ မပျက် နေ့စဉ် စာပါလိုက်ကြသော စာသင်ရဟန်းတော် ပေါင်းမှာ ခြောက်သောင်းကျော်မျှရှိ သာသနာပိုင်မှာ ရွှေဘိုမင်း လက်ထက်က သာသနာပိုင်ဖြစ်သော ဆရာတော် ဦးညေယျကိုပင် တတိယမြောက် သာသနာပိုင် တံဆိပ်တော်အပ်လှူ၍ အုပ်ချုပ်စေကြောင်း သိရပါသည်။ ထိုစဉ်အခါက မြန်မာနိုင်ငံလုံးရှိ သံဃာတော်ပေါင်းမှာ ၆၉၀,၀၁၇ ပါးမျှရှိပါသည်။ သာသနာမှာ ပါဝါရောင်ဆင်း ရွှေနှယ်ဝင်းသဖြင့် နတ်မင်းကြီးထိုဌာနီ နှင့် တူလှသည် ဟုဆိုပါသည်။ ထို့ကြောင့် ခုနစ်ဌာနဝင် သုခမ္ဗာစရပ်မော်ကွန်းသံပိုင်း၌ "အောင်မြေပျံ့မွှေး၊ မန္တလေးဝယ်၊ စွေးစွေးရောင်ကွန့်၊ ရွှေထောင်ညွန့်ထက်၊ ဝေယန့်ချက်တည့်၊ နတ်မင်းပြည်နှင့်၊ နှိုင်းရည်ထပ်တူ၊ မြို့သစ်ကြီးထူလျက်" စသည်ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။

သာသနာတော်ကို ကြည်ညိုကြသော မင်းပရိသတ်၊ ရဟန်းပရိသတ်နှင့် သူတော်သူမြတ်အပေါင်းတို့သည် နှစ်ထောင်းအားရတွယ် လွန်စွာ သာယာသင့်တယ် ကြည်နူးဘွယ် ကောင်းသော မြို့တော်ကြီးအကြောင်းကို အမျိုးမျိုး ဖြီးကျူးကြပါသည်။ သာသနာတော်ကို သဒ္ဓါလွန်ကဲလှသော ကင်းဝန်မင်းကြီး ကိုယ်တိုင်ပင် ဤမျှသောက် သာသနာဖွံ့ဖြိုးသော အချိန်အခါမျိုးသည် ဤမင်းတရားလက်ထက် ဤမြို့မန်းတော်၌သာ ကြုံရသည်ဟု ဥဒါန်းကျူးခဲ့ပါသည်။ "ဤဘဝကမ္ဘာ၊ စကြာ ဤတည်း။ ကျွန်းလည်း ဤသာ၊ မြန်မာ ဤနန်း၊ ဤရွှေနန်းမူ၊ ဦးစွန်းတင်ထိုက်၊ မကိုင်ရွတ်များ၊ ဘုရားအရိယာ၊ သာသနာခေတ်၊ တည့်ရာဖြစ်ရှင့်"။ ဤကဲ့သို့ သူတော်ကောင်း ပညာရှင်ကြီးများ ဖြီးကျူးခြင်းကို ခံယူရသည့်မှာ ရွှေမန်းမြို့၏ ထူးခြားချက်တရပ်ပင် ဖြစ်ပါသည်။

ဤကဲ့သို့ သာသနာတော်းစည်ကားဖွံ့ဖြိုးခြင်းမှာ "သာသာနည္ နာမေတံ ရာဇာနံ နိဿာယ တိဋ္ဌတိ"ဟု ဆိုသဖြင့် တော်သာသနာမ ဤသာသနာတော်မည်သည့်အား၊ ရာဇာနံ သာသနာကို ကြည်ညိုသောမင်းတို့အား၊ နိဿာယ အမှီပြု၍၊ တိဋ္ဌတိ တည်၏ ဟုသိရပါသည်။ မင်းတုန်းမင်းတရား၏ လွန်ကဲလှသော စေတနာ သဒ္ဓါတရား၏ အင်အားဟုပင် ဆိုရပါမည်၊ သံဃာတော်တို့အား ပစ္စည်းလေးပါးဖြင့် လှူဒါန်းထောက်ပံ့သည့်ပင်လျှင် အံ့ဘွယ်တရပ် ဖြစ်ပါသည်။ မန္တလေးမြို့အတွင်းရှိ ကျောင်းတိုက်များသာမက ယခင် ကစံနေခဲ့သော အမရပူရမြို့က ကျောင်းတိုက်များ အတွက်လည်း လှူဒါန်းပါသည်၊ မန္တလေးနှင့် အမရပူရရှိ ကျောင်း များကို စုပေါင်းလိုက်လျှင် ကျောင်းတိုက် ကြီးပေါင်း ၂၁၇ တိုက် ကျောင်းပေါင်း ၁၄၄၂ ကျောင်း ဆရာတော်ကြီးများနှင့် တကွ ရဟန်းသာမဏေပေါင်း ၁၅၃၆၆ ပါး ရှိပါသည်။

ထိုသံဃာတို့ အတွက် ဆွမ်းဆန် ပေါင်းရေပေါင်း ၂၀,၄၉၂ တင်းကို လစဉ် လှူဒါန်းပါသည်။ အဆိုပါ မြို့နှစ်မြို့ရှိ သံဃာ များအတွက်သာမကသေးပါ။ တောလတ် ကျေးရွာတို့၌ သီတင်း သုံးတော်မူကြသော ဂဏပါမောက္ခ၊ ဂဏစရိယ ဂိုဏ်းအုပ်မထေရ် ကြီးပေါင်း ၂၀၄ ပါးနှင့် အနီးအပါး သံဃာများ၊ စစ်ကိုင်း တောင်ရိုးရှိ သံဃာတော် ၆၀၀ နှင့် သီလရှင်များ အတွက် သက်နိုးပရိက္ခရာများကို လစဉ် လှူဒါန်းပါသည်၊ ထိုကဲ့သို့ နှန်း ထက်စနှစ်ကစ၍ လစဉ် ဆက်လက်လှူဒါန်းခဲ့သည်မှာ ၁၂၃၀ ခု နှစ်အထိ ဖြစ်ပါသည်။ မင်းတုန်းဘုရင်၏ ကုသိုလ်တော် စာရင်း အရ ကုန်ငွေပေါင်းမှာနှစ်ဆယ့်နှစ်ကုဋေ့ခြောက်သန်း ဖြစ်သည်ဟု သိရပါသည်။

### ပိဋကတ်သုံးပုံ ပေထက်အက္ခရာတင်ခြင်း

မင်းတုန်းဘုရင်မင်းတရားသည် ဒါနကုသိုလ်တော် အမျိုးမျိုး ကို လှူဒါန်းပြီးနောက် စမ္ပဒါန ဖြစ်သော တရားအလှူတော်

ကြီးအတွက် ပိဋကတ်သုံးပုံကို စနစ်တကျ အသစ်ဖြစ်စေရန် ပေထက် အက္ခရာတင်ပြန်ပါသည်။ ထိုကိစ္စတွင်ကိုယ်တိုင်ပင် ပိဋကတ်တန်ဆောင်းတော်ကြီးသို့ကြွ၍ "ခေဥယျာမွှာတိ သီရိပဝရာလင်္ကာရ မွေသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" သာသနာပိုင်ဆရာတော်ကြီးနှင့်အတူ တံဆိပ်တော်ရ ဆရာတော်ကြီးများက ကူညီလျက် စာကူးစာရေးများကို ကျနသေချာစွာ ကူးယူစေပါသည်၊ ထိုသို့ ကူးယူရာတွင် ဘုရင်မင်းတရားကြီးထံသို့ ဆက်သွင်းရမည့် စာမူများဖြစ်၍ တာဝန်ခံစာကူးအရာရှိနှင့် သံဃာတော်ကြီးများသည် ပုဒ်မ၊ သဝေ၊ မတိမ်းရအောင် အထပ်ထပ် ကြည့်ရှုသုတ်သင် ပြင်ဆင်ပြီးမှ ဆက်သွင်းကြရပါသည်။

ထိုဆက်သွင်းသော စာမူများကို ဘုရင်ကြီး၏အပါး လုပ်ငန်းခွင်တွင် ရှိနေကြသော စာတည်းအရာရှိ ပညာကျော်ကြီး များနှင့်တကွ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၀ ပါးတို့က တဖန် စာမူများကို ပုဒ် ပါဒ် အက္ခရာ တိကျစွာဖြစ်စေရန် ထပ်မံ၍ စစ်ဆေးကြရပါသည်။ စာစစ် ဆရာတော်ကြီး ဆယ်ပါးမှာ ၁။ အင်းကန်ဆရာတော် ၂။ မိတ္ထီလာဆရာတော် ၃။ ပန့်ကျီဆရာတော် ၄။ စည်ပုတြာဆရာတော် ၅။ ခင်းတဲဆရာတော် ၆။ မောင်းထောင် ဆရာတော် ၇။ ပုခန်းကြီး ဆရာတော် ၈။ လေးလင်းဆရာတော် ၉။ မကွရာဆရာတော် ၁၀။ သင်ဆိပ်ကြီး ဆရာတော် ထိုဆရာတော်ကြီးဆယ်ပါးအပြင် အထူးယုံကြည်စိတ်ချရသော ငယ်ပေါင်း ပညာကျော်ကြီးများဖြစ်သည့် တောင်သာ မြို့စား ဒိသာပါမောက္ခဆရာ၊ ကျောင်းမြို့စား ရတနာ လှေကားတော်မှူး၊ သံတော်ဆင့် မင်းထွဲသီရိဇေယျသူ စသော ပုဂ္ဂိုလ်ကျော်ကြီးများက ထိုကြပ်မတ်စစ်ဆေးပြီး စာမူများကို နောက်ဆုံး အနေဖြင့် အက္ခရာ၊ ပဒ၊ ဝါကျများကို ဆုံးဖြတ်နိုင်ရန် အထောက်အထားဖြစ်သော ကစ္စည်းကျမ်း၊ မောဂ္ဂလာန်၊ ဥဏ်၊ ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ သုတ္တနိဒ္ဒေသ၊ အဘိဓာန်ဋီကာ စသော

ဂန္ထန္တရတို့နှင့် တိုက်ဆိုင်ပြီး ကဏ္ဍ၊ ကားလုံး စသော ဌာန်း ဆိထိသ၊ နိဂ္ဂဟိတ၊ ဒီဃ၊ ရဿ စသော ပုဒ်တို့ကို ပုဒ်မ ပုဒ်သေး မကျန် သုတ်သင်ပေးရပါသည်။

ထို့ပြင် အထပ်ထပ် ကြိတ်မတ်ရေးကူးပြင်ဆင်ကြရာ၌ တာဝန် ယူရသော ရဟန်းတော်များမှာ ကျမ်းကြီးများကို ပါဠိတော် အဋ္ဌ ကထာ စသည်ဖြင့် ခွဲဝေပြီး တာဝန်ယူကြရပါသည်။ မင်းတရား ကြီး ကိုယ်တိုင် သုတ္တန်ပါဠိတော် အဋ္ဌကထာကြီးများကို ကြိတ် မတ်ရန် တာဝန်ယူပါသည်။ အဘိဓမ္မာပါဠိတော် အဋ္ဌကထာ ကြီးများကို တောင်နန်းမတော် မိဖုရားခေါင်ကြီးက တာဝန်ယူ ကြိတ်မတ်ရပါသည်။ ဝိနည်းပိဋကတ်တော်များကို အိမ်ရှေ့ နန်း လျာ မဟာဥပရာဇာက တာဝန်ယူရပါသည်။ ဤကဲ့သို့ ပေထက် အက္ခရာတင်ရာ၌ ထိုမျှလောက် စေ့စပ်စွာ ကြိတ်မတ်ပြုပြင်ရ သည်မှာ ထိုစာမူများကို ကျောက်ထက်အက္ခရာတင်ရန် ရည်ရွယ် ရင်း ရှိပြီးဖြစ်ခြင်းကြောင့်ဟု သိရပါသည်။

## ပိဋကတ်တော်များ ကျောက်ထက် အက္ခရာတင်ခြင်း

သာသနာတော်သက္ကရာဇ် ၂၄၀၄ ခုနှစ် ကောဇာသက္ကရာဇ် ၁၂၂၂ ခု တန်ဆောင်မုန်းလတွင် ပိဋကတ်သုံးပုံကို ပေထက် အက္ခရာတင်ခဲ့ပါသည်။ ထိုပိဋကတ်တော်များကား သီဟိုဠ်ကျွန်း စတုတ္ထအကြိမ် သင်္ဂါယနာတင်ခဲ့ပြီးနောက် ထေရဝါဒ အရ ကူး ယူခဲ့ခြင်းဖြစ်ပါသည်။ ထိုပေမူပိဋကတ်တော်များကို သာသနာ တော် အနွန့်ရှည်သမျှ တည်တန့်စေရန် ရည်သန်လျက် ကျောက် ထက် အက္ခရာတင်၍ ပဉ္စမသင်္ဂါယနာ အဖြစ်တင်ရန် ဘုရင်ခင်း မြတ်ကြီး ရည်သန်ခဲ့ရင်းအတိုင်း ကျောက်ထက်၌ရေးကူးရန် စီမံ ပြန်ပါသည်။

ထိုစီမံကိန်းအရ မန္တလေးအရှေ့ဖက် စကျင်ကျောက်တောင် ကြီးမှ သလင်း ကျောက်ပြားကြီးများကို အသင့် ရေးကူးနိုင်ရန်

စီမံပါသည်။ ထိုကျောက်ထက် အက္ခရာတင်ရာဝယ် ကြည့်ကြပ် အုပ်ချုပ်တော်မူကြသော ရဟန်းပညာရှိကြီးများမှာ တောင်နန်းမတော် မိဖုရားကြီး၏ ဆရာဖြစ်သော ရာဇာဓိရာဇဂုရု ဘွဲ့ရ "ဇာဂရာဘိဝံသ"ဒက္ခိဏာရာမဘိုက် ဘုရားကြီးဆရာတော်၊ သေနတ်ဝန်ကြီး၏ ဆရာဖြစ်သော တံဆိပ်တော်ရ "နရိန္ဒာဘိသိရီ" ဆရာတော်၊ တံဆိပ်တော်ရ သုမင်္ဂလသာမိသီရိဆရာတော်တို့ နှင့် ထက္ခ ခန်းပတ်မြို့စား အတွင်းဝန်ကြီး မဟာဥဇနာ၊ ယောမြို့စား မင်းကြီး မင်းသုမဟာစည်သူ၊ သံတော်ဆင့် မိုင်းကိုင်း မြို့စား မဟာသီရိဇေယျသူ၊ သံတော်ဆင့် နေမျိုးရာဇစည်သူ တို့ ဖြစ်ကြပါသည်။

အထက်ပါ ပုဂ္ဂိုလ်ကြီးများ၏ အစီအစဉ်အရ ဝိနည်းပါဠိကျမ်း ပါဠိတော်ကို ကျောက်ပြားချပ်ရေ ၁၁၁ ချပ်ဖြင့် ရေးကူးပါသည်။ အဘိဓမ္မာခုနစ်ကျမ်းကို ကျောက်ပြား ၂၀၀ ပြားဖြင့် ကူးသည်။ သုတ္တန်ပိဋကတ်ပါဠိတော်ကို ချပ်ရေ ၄၀၁ ပြားတို့၌ ကူးယူပါသည်။ စုစုပေါင်း ကျောက်ပြားချပ်ရေ ၇၂၉ ချပ် ရှိပါသည်။ ထိုပိဋကတ် ကျောက်စာတော်များကို မန္တလေးတောင်ခြေရင်း ကုသိုလ်တော်ဘုရားဟု ခေါ်ကြသော လောကမာရဇိန်စေတီတော်ကြီး၏ ပတ်လည်ဆက်ဝန်းကျင်၌ ကျောက်စာတော် တခုလျှင် အုတ်ပြာသာဒ်တခု တခုစီဖြင့် တည်ထားပါသည်။ ထိုကဲ့သို့ ရေးကူးပြီး၍ နေထားတကျ တည်ထားပြီးသော သက္ကရာဇ်မှာ ၁၂၃၀ ပြည့်နှစ် တဆုန်လဆန်း ၁၄ ရက် ဖြစ်ပါသည်။ ထိုသို့ ကျောက်ထက်အက္ခရာ တင်ပြီးသောအခါ သင်္ဂါယနာ တင်ပွဲကြီး ကျင်းပရန် ဆင်ခြင်တော်မူသောအခါ ရှေးအထက်ကာလက ပထမအကြိမ်မှစ၍ စတုတ္ထအကြိမ်အထိ ထေရဝါဒသင်္ဂါယနာတင်တော်မူခဲ့ကြသော သာသနာပြု အဇာတသတ်မင်း၊ ကာဠာသောကမင်း၊ သီရိဓမ္မာသောကမင်း၊ ဝဋ္ဋဂါမဏိမင်း စသော မင်းမြတ်ကြီးများကို မင်းတရားကြီး သတိရတော်မူပါသည်။ ထိုမင်းများကဲ့သို့ ပဉ္စမမြောက် သင်္ဂါယနာတင်ရန် စိမံတော်မူပါသည်။

ဆဋ္ဌမသင်္ဂါယနာတင်ခြင်း၊

ဆဋ္ဌမမြောက် သင်္ဂါယနာတင်ပွဲတော်ကြီး ကျင်းပရန် မြန်နန်း တော်ကြီးမြို့တွင် ခမ်းနားကြီးကျယ်သော 'အဆောက်အအုံ'ကြီး ကိုဖန်တီး ဆောက်လုပ် စေပါသည်။ ထို့နောက် အချိန်အခါ ကောင်းကို ရွေးချယ်ပြီးလျှင် သာသနာတော်သက္ကရာဇ် ၂၄၉၇ ခု ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် နေ့တွင် ဝိနည်းပိဋကတ်တော်မှ စတင်၍ ဆင်ယင်ကျင်းပပါသည်။ ထို့နောက် သုတ္တန် အဘိဓမ္မာ စသည်ဖြင့် ပိဋကတ်သုံးပုံကို ဆရာ တော်ကြီးများ ကိုယ်တိုင် အရှင်သံဃာတော် ၂၅၀၀ နှင့် တကွ အတူညီညွတ် နှုတ်တိုက် အာဂုံရွတ်ဖတ် လျှောက်တင်ကြသည်မှာ တော်သလင်းလပြည့်ကျော် ၁၄ ရက်အထိ ခြောက်လတိတိ ကြာ ရှိပါသည်။ သာသနာပြု ဆရာတော်ဘုရားကြီးများမှာ ထိုဆဋ္ဌမ သင်္ဂါယနာတင်ပွဲကြီးကို အောင်မြင် ထမြောက်စွာ ဆောင်ရွက် တော်မူကြရသဖြင့် လွန်မင်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်တော် မူကြသောကြောင့်၊

“တဒါ ပန ဇိနစက္ကံ နဘော စန္ဒောဝ ပါကဋံ”

ဟူသော ဂီတိ ဂါထာတော်ကို ဥဒါန်းကျူးမိကြသည်ဟု ဆို ပါသည်။ အင်္ဂလိပ်မှာ “အလင်းရောင်ကို အလိုရှိကြသော ကြောင့် နေနှင့်လ ကို တောင့်တကုန်သော ကမ္ဘာဦးသူတို့ ကဲ့သို့ ရှိရှာကာင်းမြောင်း ခေါင်းထောင်၍ ထကြကုန်၏” ဟု ဆိုခြင်း ဖြစ် သည်။ အဓိကရ သာသနာ့ကိစ္စကြီးတရပ် အထမြောက် အောင် မြင်ခြင်းဖြင့် များစွာသော ရဟန်းသူမြတ်ကြီးများမှာ ကိုယ်စိတ် ရွှင်လန်း ပီတိဖြန်းလျက် ဝမ်းပန်းတသာ ရှိတော်မူကြသည်ဟု ဆို ပါသည်။ ထိုဆရာတော်ဘုရားကြီး များထဲတွင် တိပိဋကပါရဂူ ကြီး တဆူ ဖြစ်တော်မူသော မန်လည်ဆရာတော်ဘုရားကြီး ပါ ဝင်ကြောင်း သိရပါသည်။ ထိုစဉ်အချိန်က မန်လည်ဆရာတော်

မှာ မဟာသေရီကြီးအဖြစ်သို့ မရောက်ရှိသေးပါ။ သက်တော်အားဖြင့် ၃၀၊ ဝါတော် ၁၃ ဝါမျှသာ ရှိသော မြေ့ခမိုးယ စေ့ချ ဆရာတော်မျှသာ ဖြစ်ပါသည်။

မန်လည်ဆရာတော်သည် ပဥ္စမမြောက် သင်္ဂါယနာ ပွဲတော်ကြီးတွင် ကိုယ်တိုင် ပါဝင်သင့်ခဲ့ရသဖြင့် နေ့စဉ်နှင့်အမျှ သာသနာ့ ကိစ္စတွင် သဒ္ဓါကြည်ညိုဖွယ်များ တဖွားဖွား တက်ကြွလျက် သာသနာပြု မင်းတုန်းမင်းတရားကြီး၏ ကျေးဇူးကြီးမားပုံတို့ကို တွေးပြီး တစိမ့်စိမ့် သာဓုခေါ်မိကြောင်း သိရပါသည်။ ထို့ပြင် မင်းတုန်းဘုရင်ကို နေမိဇာတ်တော်ပါ မဃဒေဝ မင်းကြီး ကဲ့သို့ ယူဆလျက် သာသနာ့ အကျိုးဆောင်ကြီး ဟု ယုံကြည်ခဲ့ပါသည်။ ထိုယုံကြည်ချက်ဖြင့် ထိုအချိန်မှစ၍ ဆရာတော်၏စိတ်၌ ဝင်စားလျက်ရှိသော ဂရုဏ် စေတနာတို့သည် ကဗျာလင်္ကာ အဖြစ်သို့ ပြောင်းလဲလာပြီးလျှင် "မဟာသုတကာရီမဃဒေဝလင်္ကာသစ်" ကို စတင် ရေးသားပါသည်။ ထိုသို့ ရေးသားကြောင်းကို ဆရာတော်၏ "မဃဒေဝ လင်္ကာသစ်" နိဒါန်း၌၊

> ရတနာပုံ၊ နေပြည်ဓိပတိ၊ မန်းဂိရိနိက်၊ အာဒိကမ္မိက်၊
> ဗျာဒိတ်သိက်ခ၊ နန်းတည်စသား၊ ပဥ္စမသင်္ဂါယနာတင်၊
> ဘုရင်မင်းဖျား၊ မင်းတရား၏၊ ထင်ရှားပဥ္စာ၊ ဤလင်္ကာ
> ကို၊ ဦးစွာပထမ၊ ရေးစီစလည်း၊ စာချစာပို့၊ ကိစ္စတို့ဖြင့်
> ဆုံးဆို့ခရောက်၊

သည်ဖြင့် ဖော်ပြ ပါရှိပါသည်။ ဤလင်္ကာပိုဒ်အရ ဆရာတော်မှာ ထိုလင်္ကာကျမ်းကြီးကို စတင်ရေးရသော်လည်း စာချဆရာတော်ဖြစ်၍ တပည့်ရဟန်းများကို စာချစာပို့ ပြုလုပ်နေရသောကြောင့် အချိန်များစွာမရသဖြင့် လင်္ကာကျမ်းကြီးကို ရေးရင်းပင် ရပ်နားထား လိုက်ရပါသည်။

ထိုကဲ့သို့ ရပ်နားထားလိုက်ရသော်လည်း ဆရာတော်၏ စိတ်တွင်းမှာ စွဲလမ်းရင်းဆဲဖြစ်၍ ထိုလင်္ကာကို ဆက်လက်ရေးသားရန်

သတိရလျက်ပင်ရှိနေကြောင်းသိရပါသည်။ ထိုမျှလောက်စိတ်ဝါ ဒွင်စားရသည့်မှာ သချာတော် ငယ်ရွယ်စဥ် စာသင်စ အချိန်က သရာဘုန်းတော်ကြီးဘင်ပြထုတ်သော နေမိဇာတ်တော်မှ ဘုရား အလောင်း မဃဒေဝ မင်းကြီး၏ အချင့်မြတ်ဖြင့် ထူးခြားစွာ ဆောင်ရွက်ပုံဘို့ကို အာရုံရူးဟိုက် စိတ်တွင်စွဲထင်ခဲ့ မိခြင်းကြောင့် ဖြစ်ပါသည်။ ထိုအကြောင်းကို မဃဒေဝလက်ာ၁ဿာမညနိဒ္ဒုံးတွင်၊

ရှစ်ကြီးတမည်၊ မြို့ထူးသည်၌၊ မထေရ်ာဟာ၊ အကြွင် ပါလွှင်၊ ငယ်ခါရွယ်ဘူး၊ စာသင်ဦးက၊ အထူးမှတ်မှတ်၊
နေမိဇာတ်ကို၊ သောရိမြတ်ဆရာ၊ ညွှန်မိန့်မှာနှင့်၊ ဦးစွာသင် ရ၊ ယိုကစဥ်၊ မဃဒေဝ၊ ဘုရားအလောင်း၊ ကျင့်တော် ဟောင်းကို၊ နှစ်ထောင်းခဲ့ရင်း၊ ကြည်ညိုခြင်းဖြင့်၊ ဝမ်း ထွင်းဆွတ်နူး၊ ဂုဏ်အထူးအား၊ ကျေးဇူးဆပ်မည်၊ ရွယ် ဆောက်ထည့်သည်၊ ကြံစည်စိတ်က ရည်ဆုန်းသည်။
ဟုဖော်ပြခဲ့ပါသည်၊

မဃဒေဝ အကြောင်းကို စိတ်စွဲထန်း ခဲ့သည်မှာ သရာတော် အရွယ်မရောက်မီ သာမဏေ ဘဝကပင် ဖြစ်ကြောင်း သိရပါ သည်။ ရဟန်းဆယ်ဝါအရတွင် ပဉ္စမသင်္ဂါယနာပွဲကြီးနှင့် တိုးမိ ပြန်ရာ သချာတော်၏ စိတ်သန္တသည် တိတ်ဆိတ်၍နေရာမှ နိုး၍ လာသကဲ့သို့ သင့္ဂပါတို့၏ အကျိုး သာသနာတော်၏ အကျိုး များ ပါရှိသော ဤမဃဒေဝလက်ာစာကို ဥာဏ်မီးတောက်၍၊ ဒသဝဿ၊ ဆယ်ဝါအရတွင် စတင်ရေးသားပြီးမှ ရပ်နား၍ ထား ခဲ့ရသည်မှာ ၁၅ နှစ်ခန့်ပင် ကြာခဲ့ပါသည်၊ ထိုအကြောင်းကို သရာတော်၏ လက်ာနိဒါန်းစာမှာ၊

စာချီးစာသို၊ ကိစ္စဉ်ခြင့်၊ ဆုံးသို့မရောက်၊ ထို့နောက် တဘော်၊ သားတော်နေမြဲ၊ ခုနှစ်နှစ်လုံး၊ ဘုန်းသစ်ထိန် ညီး၊ ထွန်းခဲ့ပြီးမှ၊ ကျွန်းဘြီးဘိသပ်၊ နန်းရပ်ဗိမာန်၊ ထန်

ဒန့်သိဂ်ံ၊ စိုးစံမှိုသည်၊ ကောရီမြတ်၊ မိဘုန်းနတ်လျှင်၊ မြန်ရစ်ဇေယျ၊ မန်းရွှေဘုံကို၊ စိုးခြိုပိုင်းခြား၊ ဆယ့်ငါးနှစ်မျှ၊ ထိုကာလသည်း၊ မုဒ္ဒဂီ ရွှေဒေသနာ၊ အားကြီးရွာကြောင့်၊ ဝါတိမ်အုပ်၊ မနေပါ ငုပ်သို့၊ မြုပ်၍နေပြီး၊ ပျော်လုနီးလျက်၊ ဘုန်းဒီးနေထ၊ တိုက်သုံးသား၊ သတ္တဘုရား၊ သားတော်ဘုန်းထက်၊ ရှုံးမိန်စက်နှင့်၊ ဒွေ့က်ဘုရင်၊ စောနတ်သျှင်လျှင်၊ ဦးကာင်တွင့်မြောက်၊ သုံးနှစ်လောက်မှ၊ အောက်မေ့ပြုံနှိမ်၊ သတိရရ၊ နတ်ဆော်မည့်၊ လက်စမငုပ်၊ ကွယ်မမြုပ်သဲ၊ သိမ်းအုပ်ပြီးသုံး၊ ကမ္ဘတ်ဖုံးလျက်၊ နိဂုံးရောက်အောင်၊ ဘုန်းထော်ဆောင်၍၊ စာခေါင်ရွှေတုံး၊ တိုင်းသုံးကိုက်လျော်၊ ထွန်းလင်းပေါ်သည်၊ ဘုန်းတော်နေနှင့်ပြိုင်လျှဉ်းတည်း” ဟုထင်ပြခဲ့ပါသည်။

ဤကဲ့သို့ ပုဒ်ရေ ၆၂၄ မျှ ရှိသော မဃာဒေဝလင်္ကာသစ်ကျမ်းသည် မင်းတုန်းမင်းတရား၏ ပဉ္စမသင်္ဂါယနာတင်ပွဲကြီးနှင့် တိုက်ရိုက် သွယ်ကပ်အကြောင်းကြောင်း ဆက်စပ်၍နေသဖြင့် ဤလင်္ကာစာ၏ ဖြစ်ရပ်ကိစ္စ အဝဝတို့နှင့်တကွ မန်လည်ဆရာတော်ဘုရား၏ စိတ်စေတနာတို့ကို အခိုက်ကြုံစွာ ပေါ်ပြရခြင်း ဖြစ်ပါသည်။ မဃာဒေဝလင်္ကာသစ်ကျမ်းသည် စာပေသုတေသီတို့၏ လက်သုံးကျမ်းကြီးတဆူ ဖြစ်လာခဲ့ရသည်မှာ ထိုကျမ်း၌ ပါဝင်သော သုတတို့သည် တွေတွေရာရာ လွှန်စွင်ပင်စုံလင်သဖြင့် စာရေးသူ ဆရာတော်ကိုယ်တိုင်ကပင် “မဟာသုတကာရီ” ဟု၊ သညီဘပ်သင်လိုက်ခြင်း ဖြစ်ပါသည်။ မြန်မာစာပေတွင် ဧဝိဘဆူ ဖြစ်သိုဆူတိုင်းထိုလင်္ကာစာကို သတိပြု၍ကြည့်ရှုသင့်လှပါသည်။ ထိုကျမ်းကိုရေးသား၍ ပြီးချိန်မှာ ၁၂၆၆ခု တော်သလင်းလဆန်း ၁၄ရက် သောကြာနေ့ ညချမ်းအချိန်ဖြစ်သည် ဟု ဆိုပါသည်။

ပဉ္စမသင်္ဂါယနာပွဲမှ စွဲလန်းခဲ့သော စိတ်စေတ်ဖြင့် ရေးသားခဲ့ခြင်းကြောင့် မဃာဒေဝလင်္ကာသစ်သည် ပဉ္စမသင်္ဂါယနာမှ ပေါ်

ပေါက်လာသော စာပေရတနာကြီးတဆူ ဟုအသိအမှတ်ပြုသင့်ဖွယ်ပါသည်။ ထိုကဲ့သို့ ပဋ္ဌမသင်္ဂါယနာနှင့် စပ်လျဉ်း၍ အခြားရေးသားထင်ပြုကြသော တမျာလင်္ကာ စာပေတို့မှာလည်း များစွာပင် ရှိပါသည်။ လက်ထက်တော်ကြီး ခေတ်ဟု ခေါ်ကြသော မင်းတုန်းဘုရင်၏ လက်ထက်တော် အခါက တမျာစာဆိုပုဂ္ဂိုလ်ထူးကြီးများထူးထူးခြားခြားပေါ်ပေါက်ခဲ့ကြောင်းကို သတိပြုမိကြပေလိမ့်မည်။ ပဋ္ဌမသင်္ဂါယနာ အကြောင်းကို ဖွဲ့ဆိုခဲ့ကြသော တမျာလင်္ကာအပေါင်းတို့တွင်လည်း သုတရှင်များ တောင်းစွာ ဖတ်ရှုမိကြပေလိမ့်မည်။ အထူးသဖြင့် တမျာပါရဂူ တဆူဖြစ်သော "ဆီးပန်းနီ ဆရာတော်ဘုရား၏ မှတ်သားလောက်သော ပဋ္ဌမသင်္ဂါယနာတင် အန်ချင်းတပုဒ်ကို တင်ပြလိုပါသည်။ ထိုအန်ချင်းမှာ ပဋ္ဌမသင်္ဂါယနာတင်ခြင်းအကြောင်းကို စုံလင်စွာဖော်ပြထားသဖြင့် မန္တလေးမြို့တွင် ကျွန်ုပ်တို့ ငယ်ရွယ်စဉ် အခါက လူမျိုးပေါက်အရွယ်များ၊ ရှင်သာမဏေ လူထွက်များသည် အန်ချင်းကို အလွတ်ကျက်မှတ် ရွတ်ဆိုခဲ့ကြပါသည်။

## ဆီးပန်းနီဆရာတော်ရေး သေလှာရှုဖွယ် ပဋ္ဌမသင်္ဂါယနာတင် အန်ချင်း

ထူကောင်းလေ....။ ။တုန်းဘောင်ရွှေပြည်၊ တောင်ဦးထည်သား၊ ဇာနည်ဥက္ကတ်၊ တေးလောင်းနတ်မှ၊ ပြေတ်စဉ်ရုံး၊ ပွားပြီးပွားပြီး၊ မုတ္တာကုံးသို့၊ မင်းဆုံးနှင်နှင်၊ ဆဒ္ဒညျှင်တွင်၊ သိုက်ဝင်ဒသမ၊ ကွာပိန္ဒကား၊ သတ္တဘုန်းမြင့်၊ (ကုန်း၊ အင်း၊ တိုင်း၊ အ၊ မ) ငါးဌာနတွင်၊ မအေတ္တရား မန္တလာကို၊ ပထမာဒိက၊ လက်မွန်စ၍၊ ဧဇနဂရေ၊ ခင်းနေပြည့်ကြီး၊ ဆန်ဆင်းပြီးသော်၊ စောထီးမြတ်စွာ၊ နှ လေးဖြာဖြင့်၊ မှာတော်မူခဲ့၊ ပုန်းရာမဲ့ကို၊ မြိမြိ ထင်မြင်၊ ရှုဆင်ခြင်၍၊ သင်သရာဇ၊ လွတ်ပစေသော၊ ကျွတ်ဧ ပြဟု၊ မနေ့ာပဏီမိ၊ ရည်သန်ရှိလျက်၊ ပကတိငွေရောင်၊ သလင်း

တောင်မှ၊ ယူဆောင် ကျောက်ချပ်၊ တာမော့အင်၍၊ ပွတ်သပ်ပြီးခါ၊ သာသနာမူ၊ ဆံနာဝရ။ ဝေါစပုံရေး၊ ဒွေးဒွေးဒွဘာ၊ သဒ္ဒါသဘင်၊ ဦးရက်ဘွင်နှိုက်၊ ရေးထင်ဆစ်ထူ၊ လက်သားစုကို၊ သုမင်္ဂလာ၊ ဇာဂရာနှင့်၊ နရိန္ဒာဘိဓဇ၊ အတုသမိတ်၊ တံဆိပ်ထစ်မှတ်၊ ပိဋကတ်ကို၊ ဝတ်ပတ်ရစ်လှိမ့်၊ စက်နှယ်အိမ့်သား၊ နှစ်သိမ့်လောက်စွာ၊ ထေရ်သုံးဖြာလျှင်၊ သေချာဖြင့်တည်း။ ဖြင်ဆင်လည်းသည်၊ ဝိနည်းဘိဓမ္မာ၊ သုတ္တန္တာဟု၊ ရာတဆယ့်ထစ၊ နှစ်ရာ့ရှစ်နှင့်၊ ဇောက်သုည၊ ဖေါင်းသကမူ၊ ခုနှစ်ရာ့နှစ်ဆယ်၊ ကိုးသွယ်ချပ်မှန်။ မွေခန်ရှစ်ဆောင်း၊ ထေးထောင်ပေါင်းကား၊ ရှင်အောင်းသာသနာ၊ ရှစ်ထောင်သာလျက်၊ ထေးရာဆယ့်နှစ်၊ သက္ကရာဇ်မှု တစ် နှစ် သုံး နောက်၊ သုညပေါက်၍၊ လရောက်ကဆုန်၊ ပုဏ္ဏာဂိတ်နေ့၊ ပြီးစုံစေ့ရှင့်၊ ချမ်းမြေ့နှစ်သက်၊ အထက်လေးဖြာ၊ သင်ယနာတွင်၊ သေဌာရှင့်၊ ပဉ္စမသင်္ဂါယနာ၊ ထင်ပြန့်လှာသည်၊ ရတနာပုံနန်းတွင် တည့်လေး။ မေတ္တာသက်ဝေ ထူကောင်းတို့။

## မင်းတုန်းမင်းလက်ထက် သံဃာအစည်းအရုံးများ

မင်းတုန်းမင်းတရားကြီးသည် သာသနာရေးကိစ္စတွင် လွန်စွာ တိကျပြတ်သားစေလိုသဖြင့် သာသနာ့ အထောက်အကူ ဖြစ်တော်မူကြသော သမ္ဗုတိသံဃာတော် များကို ပရိယတ္တိ ပဋိပတ္တိ ညီညွတ်မျှတစွာရှိစေသည့်ပြင် ဝိနည်းတရားတော်ကိုလည်း လွန်စွာကြည်ညိုသဖြင့် သံဃာတော်မှန်သမျှ ဝိနည်းတော်နှင့်အညီကျင့်သုံးနေထိုင်ကြရန် ဖန်တီးတော်မူခဲ့ပါသည်။ မြန်မာပြည်တွင် ထေရဝါဒကျင့်စဉ်အတိုင်း အနော်ရထာမင်း လက်ထက်မှစ၍ သီပေါမင်း လက်ထက် တိုင်အောင် လဇ္ဇီ သီလဝန္တ သိက္ခာကာမ ဆရာတော်အစဉ်အဆက်ကား အကျဉ်းအားဖြင့် ၃၄ဆက် ရှိပါ

သည်။ နောက်ဆုံး ရွှေကျင်ဂိုဏ်းဆက်နှင့် ဆိုလျှင် ၃၅ ဆက်ဟု သာသနာဝင်ကျမ်း၌ဆိုပါသည်။

ထိုဆရာစဉ်ဆက်တို့မှာ ၁။မဉ္ဇိမဒေသအိန္ဒိယဆရာစဉ်ငါးဆက် ၂။ သထုံဆရာစဉ် ၁၀ ဆက် ၃။ ပုဂံဆရာစဉ်ရှစ်ဆက် ၄။ ပခန်းကြီးဆရာစဉ် ခုနှစ်ဆက်။ ၅။ ဒိဗ္ဗဲထင်း နံ့ယောဆရာစဉ် နှစ်ဆက် ၆။ ရွှေဘိုဆရာစဉ် နှစ်ဆက် ၇။ ရွှေကျင် နောက်ဆုံးဆက် ဟူ၍ ပေါင်း ၃၅ ဆက်ဖြစ်ပါသည်။ ထိုဆရာစဉ်ဆက်တို့သည် ထံသာကို ထိန်းအုပ်တော်မူကြပြီးလျှင် မြတ်စွာဘုရား၏ ဝိနည်းတော်နှင့် ကြပ်မတ်၍ သာသနာတော်ကို စောင့်ရှောက် လာခဲ့ကြပါသည်။ သာသနာသက္ကရာဇ် ၁၂၄၂ခု၊ ကောဇာ ၁၀၆၀ ခုနှစ် စနေမင်း လက်ထက်တွင်''တုံဂိုဏ်း၊ ရုံဂိုဏ်း''ဟူ၍ ဂိုဏ်းကွဲပေါ်လာပါသည်။ အထင်ဂိုဏ်း။ အရုံဂိုဏ်းဟုလည်း ခေါ်ပါသည်။ အတင်ဂိုဏ်းဆိုသည်မှာ အနံသုံးမိုက်ခန့် အလျားလေးတောင်ခန့်ရှိသော သင်္ကန်းငယ်ကို အသွန့်အသွန့်ချုံးလိပ်၍ ပျဉ်ချပ်ပြင့်ကြပ်တည်းစွာဖိထားပြီး မှရပါန်း ပဥ္စင်းများ ပုခုံးပေါ်မှာတင်သော ဒုကုဋ်နှစ်ထပ်သင်္ကန်း ခေါက်ကဲ့သို့ ဒုကုဋ်ပြုလုပ်၍ ဆောင်ခြင်းဖြစ်ပါသည်။ မြို့ရွာတွင်းသို့ သာမဏေများ ဆွမ်းခံထွက်သော အခါ ယခုကာလတွင် သင်္ကန်းရုံသကဲ့သို့ မရုံရပဲ ကျောင်း၊မှာနေသလို ပခုံးတဖက်ပေါ် ခေါက်ရိုးဖိထားသော ဒုကုဋ်အတုကို ပခုံးပေါ်မှာတင်ပြီး ထို ဒုကုဋ်အတု သင်္ကန်းပခုံးပေါ်မှမကျစေရန် အလျားလေးတောင် အနံဘတ္ထာထမိုက်မျှရှိသောသင်္ကန်းစဖြင့် အမြိတ်နှစ်စထွက်အောင် ရင်မှာစည်းရပါသည်။ ဤကို အထင်ဂိုဏ်းဟု ခေါ်ပါသည်။ အရုံဂိုဏ်းမှာ ယခုကာလ သင်္ကန်းရုံသကဲ့သို့ ဖြစ်ပါသည်။

ထိုကဲ့သို့ အတင် အရုံ ဂိုဏ်းအရှုပ်အထွေးသည် ဘိုးတော်မင်းတရား လက်ထက်သို့ ရောက်သောအခါ သဘာဂ-ဝိသဘာဂ၊ စူဠဂဏ္ဍိ-မဟာဂဏ္ဍိ ဟူ၍ ကွဲပြားခဲ့ပြီး နောက်ဆုံး မင်းတုန်းဘုရင်လက်ထက်တွင် ရွှေကျင်းဂိုဏ်း သုဓမ္မာဂိုဏ်းဟူ၍ ဂိုဏ်းကြီး နှစ်ဂိုဏ်း ကွဲလျက်ရှိပါသည်။ ထိုသော် ဘုရားဝိနည်းတော် အရ

သာလျှင် ထိုက်နာကြသဖြင့် ဂိုဏ်းကွဲများကို ပေ့စပ်ရန် ကိစ္စသွင် ဘုရင်ကိုယ်တိုင်က လုံ့လထုတ်ဟန် မတူတော့ပါ။ အဘယ်ကြောင့် ဆိုသော် ရွှေဘိုနယ်တွင် သာသနာ ပြုနေသော စာချ ရွှေကျင် ဆရာတော်ကို မန္တလေးသို့ပင့်၍ မြောက်ပြင် မန္တလေးတောင်ခြေ၌ "မဟာဓမ္မိကာရာမတိုက်တော်"ကိုလှူဒါန်းပါသည်။ ထိုအချိန်က ရွှေကျင်ဆရာတော်မှာ ၁၉ ဝါမျှရှိ၍ ရွှေကျင်တိုက် ဆရာတော်ဟု ကျော်ကြားခဲ့ပါသည်။ ထိုရွှေကျင်တိုက် နေရာတွင် အခြေခံ ဖြစ်သော ထရံကာတိုက်(မှိုင်းလုံးတိုက်ဟု လည်းခေါ်သည်၊) ရမည်းသင်းတိုက်၊ မင်းခင်းတိုက်၊ မြေတောင်တိုက စသည်တို့ ကိုလည်း ဆောက်လုပ် လှူဒါန်းပါသည်။ ရွှေကျင်ငါးတိုက်ဟု ကျော်ကြားခဲ့သည်။

ရွှေကျင်ဂိုဏ်းကို ထောက်မသကဲ့သို့ပင် သုဓမ္မာဂိုဏ်းအတွက် မန္တလေးတောင်ခြေအနီး ယခုတိုင်ရှိနေသော သုဓမ္မာဇရပ်ကြီးများကို ဆောက်လုပ်လှူဒါန်းပါသည်။ ထိုဇရပ်ကြီးများတွင် သာသနာရေးကိစ္စနှင့်စပ်လျဉ်းသော မှုခင်းများကို ဆရာတော်ကြီးရှစ်ပါးက စည်းဝေးဆုံးဖြတ်ကြပါသည်။ သုဓမ္မာသဘင်ဟုကျော်ကြား၍ သီတင်းနှစ်တိုင်းပင် သာသနာရေး အစည်းအဝေးပွဲကြီး ပြုလုပ်ပါသည်။ ဦးစီးသော သုဓမ္မာဝင်ဆရာတော်ကြီး ရှစ်ပါးမှာ ၁။ ပြည်ဆရာတော် ၂။ မတ္တရာဆရာတော် ၃။ မောင်းထောင်ဆရာတော် ၄။ သက်ပန်းဆရာတော် ၅။ လောင်းဆရာတော် ၆။ စံကျောင်းဆရာတော် ၇။ ထယ်ဇာဆရာတော် ၈။ ပုခန်းဆရာတော်တို့ဖြစ်၍ သာသနာပိုင်မှာ ဆရာတော် ဦးဉေယျ ဖြစ်ပါသည်။ လှေတွဲဆရာတော်အား အမှုဆောင်ပုဂ္ဂိုလ် ဖြစ်သည်။

## ဓမ္မဝိနယ သမိန့်တော် ပြန်တမ်းထုတ်ခြင်း

မင်းတုန်းဘုရင်သည် ရွှေကျင်နှင့် သုဓမ္မာဂိုဏ်းနှစ်ရပ်ကို ပူးပေါင်းမိအောင်ဖန်တီး၍ပေးသဖြင့် ဂိုဏ်းပြဿနာ ငြိမ်းအေး၍

နေခဲ့ရာမှ တနေ့တွင် သုဓမ္မာဆရာတော်တို့ အမိန့်ဖြင့် ရွှေကျင်ဆရာတော်ကို သုဓမ္မာသဘင်သို့ ကြွရောက်ရန် ဆင့်ခေါ်ပါသည်။ ထိုအခါ ရွှေကျင်ဆရာတော်က ကြွလာခြင်းမရှိပါ။ အခါခါဆင့်ခေါ်၍ မရသဖြင့် မင်းလုလင်တို့ကိုလွှတ်၍ အတင်းပင်ဆွဲခေါ်ရန် ဆုံးဖြတ်လိုက်ကြပါသည်။ ထိုအခါ ရွှေကျင်ဆရာတော်ကို မေတ္တာသက်ဝင်နေသော သည်ဒါဆရာတော် သက်ပန်းဆရာတော်နှင့် သုဓမ္မာဝင် အချို့ဆရာတော်များက ရွှေကျင် ဆရာတော်အား ခေတ္တအခြားနေရာသို့တိမ်းရှောင်နေရန် အကြံပေးသဖြင့် ရွှေကျင်ဆရာတော်သည် အင်္ဂလိပ်ပိုင်အောက်မြို့ ကျေးရွာများသို့ဖြစ်စေ သီတိုဦးသို့ဖြစ်စေသွားရန် ကြံရွယ်တော်မူပါသည်။ ထိုအကြောင်းစုံကို မင်းတုန်းမင်းတရားကြီးအချိန်မှီကြားသိသွားသဖြင့် ရွှေကျင်ဆရာတော်ကို တပါးနေရာသို့ မကြွစေရန် တားမြစ်ပြီး သုဓမ္မာဆရာတော်များကိုလည်း ရွှေကျင်ဆရာတော်တို့ ဖိတ်ကြားခြင်းမပြုကြရန် တားမြစ်ရပါသည်။

ထိုကဲ့သို့ သာသနာနှင့် စပ်လျဉ်းပြီး အဆင် မပြေသော ကြောင်းရပ်များ ပေါ်ပေါက်လာသဖြင့် မင်းတုန်းမင်းတရားကြီး၊ သည် ထိုကိစ္စကို လျှင်မြန်စွာ အရေးယူပြီးလျှင် မန္တလေးမြို့တော် ထည်ထောင်စက ခေါ်တော်ရွာမှ ပင့်ဆောင်လာခဲ့သော ရှမ်းတလေးကျွန်းဆရာတော်ဘုရားကြီး ကိုယ်တိုင်ပင် လျှောက်ထားရပါသည်။ ထို့နောက် ၁၂၃၇ ခုနှစ်တွင် "မဂ္ဂဝိနယသအမိန့်တော်ပြန်တမ်း"ကို ရှမ်းကလေးကျွန်းဆရာတော်ရေးသား၍ ဘုရင့်ထံသွင်းရပါသည်။ ဘုရင်ကိုယ်တိုင် မှန်စီဆောင်၌ သုဓမ္မာသာသနာပြုဆရာတော်များက ကြည့်ရှုပြုပြင်စေပြီးနောက် သာသနာပိုင်ဆရာတော်ကြီးထံအပ်နှံ၍ တနိုင်ငံလုံးကို ထုတ်ပြန်လိုက်ပါသည်။ ထိုပြန်တမ်းတွင် မဂ္ဂဝိနယနှင့်အညီကျင့်သုံးနေထိုင်ခြင်းပြုသော သံဃာကိုသာ ကိုးကွယ်ရမည်။ ထိုပြန်တမ်းနှင့်မညီသော သံဃာကိုမကိုးကွယ်ရ ဟုအမိန့်ထုတ်ပါသည်။ ထိုပြန်တမ်းထွက်ပြီးနောက် အထက်အောက် မြန်မာတနိုင်ငံလုံး သံဃာအဓိကရုဏ်း ဖြစ်ပေါ်လာပါ

တော့သည်။ ထို "ဓမ္မဝိနယပြန်တမ်း" ကား ရှမ်းကလေးကျွန်း ဆရာတော်သည် အမရပူရမြို့ဟောင်း၌နေစဉ်ကပင် ရေးသားခဲ့သော ပြန်တမ်းဖြစ်ပါသည်။

## သာသနာပိုင်ဆရာတော် ပြန်လွန်တော်မူခြင်း

မင်းတုန်းဘုရင်မင်းမြတ် ကိုယ်တိုင်ရွေးချယ်လျက် တံဆိပ်တော် ဆက်ကပ်ထားသော ပိဋကတ်ကျွမ်းကျင်သည့် စလေပေါက်ရွာ ဆရာ တော်ကြီးအပါးရှစ်သယ်တို့၏ ဥက္ကဋ္ဌ ဖြစ်တော်မူသော "ဉေယျ ဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရိဓဇ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော တတိယမြောက် သာသနာပိုင်တံဆိပ်တော်ရ ဆရာတော်ကြီးဦးဉေယျသည် မင်းတုန်းမင်းတရားကြီး၏ ဘာသနာ့ မြို့ကြီးတွင် အကြီးဆုံးသော ထောင်ခန်းကို ကိုးကွယ်ဆောင်ရွက် တော်မူနေစဉ် သက္ကရာဇ် ၁၂၂၇ ခု တပို့တွဲလဆန်း ၁၂ ရက် သက်တော် ၆၆ နှစ်တွင် ပြန်လွန်တော်မူရှာပါသည်။ ဆရာတော် ဘုရားကြီးသည် ရွှေဘိုဘုရင်လက်ထက်တော်ကပင် သာသနာ့ကြီး ကိုင်သာသနာပိုင်အဖြစ်နှင့် ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာ တော်ဘုရား၏ အလောင်းတော်ကို ထိုနှစ်တပေါင်းလပြည့်ကျော် ၅ရက်နေ့တွင် မီးသင်္ဂြိုဟ်ခဲ့ပါသည်။

ထိုအချိန်မှစ၍ မင်းတုန်းဘုရင်လက်ထက်တွင် သာသနာပိုင်ကို ဆရာတော်တပါးတည်းသို့ ချီးမြှင့်ခြင်းမပြုဘဲ ဆရာတော်ကြီးရှစ်ပါး တွဲလျက် သုဓမ္မာအဖွဲ့ကြီးကိုဖွဲ့ထားကြောင်းသိရပါသည်။ မြန်မာ့ နောက်ဆုံးမင်းဖြစ်သော သီပေါဘုရင် လက်ထက်တွင်လည်း သာ သနာပိုင်ဆရာတော် ဟူ၍ သီးခြားမရှိခဲ့ပါ။ ထို့နောက် တနိုင်ငံ လုံး ဗြိတိသျှလက်အောက် ကျရောက်ပြီးစခေတ်တွင် အင်္ဂလိပ်အစိုး ရက တောင်ခွင်ဆရာတော်ကို သာသနာပိုင်အဖြစ်အပ်နှင်း၍ သာသ နာရေးကိစ္စများကို ထိန်းသိမ်းခွင့် ပြုပါသည်။ မန္တလေးမြို့ကား သာသနာ့အမြို့တော်ဌာနတခုဟု ကောင်းစွာ အသိအမှတ်ပြုထား

သော မြတ်သြုအစိုးရသည် သာသနာရေးကိစ္စကို ဘယ်နည်းနှင့်မျှ ထင်းလွှတ်ထားမည် မဟုတ်ကြောင်းသိရပါသည်။

ထို့ကြောင့် မြန်မာလူမျိုးတို့၏ ဥဒ္ဒေသျှာင်သရဖူ ဖြစ်သော ဗုဒ္ဓသာသနာတော်ကို ကူညီသည့်သဘောပေါက်စေရန် ၁၂၆၅ခု တန်ခူးလဆန်း ၁၀ရက်နေ့တွင် တောင်ခွင်ဆရာတော်ဘုရားကြီးအား သာသနာပိုင်အဖြစ် ခြီးမြှောက်ခဲ့ပါသည်။ ထိုသာသနာပိုင်ခန့်အပ်ပွဲကို ခမ်းနား ကြီးကျယ်စွာ ကျင်းပ၍ အခြောက်ကိုးချက် ပစ်ဖောက်ဖွင့်လှစ်ပြီး သာသနာပိုင် တံဆိပ်တော်ကို ကပ်လှူခဲ့ပါသည်။ ထိုအကြောင်းကို မျက်မှောက်ခေတ်ကဗျာပညာရှင်တဦးက အောက်ပါ တေးထပ်ဖြင့် ခြီးကျူးခဲ့ပါသည်။

မန္တလေးသာသနာပိုင် အစ်နှင်းကြောင်းတေးထပ်

ဒွေက်သျှင်နရဒိုဝယ်က၊ သဒ္ဓါပြိစိတ်တော်၊ ကမ္ဘာသိ
ဟိတ်ကျော်အောင် အတိတ်မြှော်ရည်ရွှ၊ တခွင်ထုံးဘုရင်
ခံပါ၊ သာဘင်ရံကျွင်းပထေဟု၊ သည်ရာဇကျွင်ဖြစ်မည်စေ၊
ရှင်ချစ်ထေရ်လိုဆု၊ ဘင်စစ်သည်မိုလ်ထုနှင့်၊ ပြိုလုံလုပတ်မြီ၊
သာသနာဆာယာမြဲရန်တို့၊ ဒါဘာပွဲခြီးမြှောက်စိမံ၊ ကြွင်း
နှင့်နစင်းသံမှာ၊ ခပင်းညံ့ဝေနောက်မျှ၊ ရွှေအမြောက်ကိုး
ဆင့်ဝရေဇိန်။ ရိုးသင့်အရှိန်၊ မိုးတပြင့်၊ ပိုးသင့်ထိန့်အောင်၊
နိုးမြင့်ချိန်ခါထူးမျှလေး။

# ရွှေမြို့တော်၏
# လူမှုရေး စီးပွားရေးနှင့် အထွေထွေ

ဗုဒ္ဓသာသနာ့ရောင် ဖိတ်ဖိတ်တောက်လျှမ်းသော ရွှေနန်းမြို့တွင် ထိုစဉ်အခါက မြို့နေလူတန်းစား အသီးသီးတို့မှာ စားဝတ်နေရေးအတွက် စိတ်အေးလက်အေး ရှိကြသဖြင့် လုပ်ငန်းခွင်များတွင် ရွှင်ရွှင်ပျပျ နေထိုင်စားသောက်ကြရပါသည်။ မြို့တွင်းရှိ ရပ်ကွက်ကြီးများတွင် တရုတ် ကုလား လူမျိုးခြားနှင့် ဥရောပတိုက်သားများ အပါအဝင် ထာဝစဉ် ဝင်ထွက်သွားလာ လုပ်ကိုင်ရောင်းဝယ်လျက်နေကြသဖြင့် ကြက်ပျံမကျ စည်ကားလှပါသည်။ မန္တလေးမြို့တော်သား မြို့နန်းတည်ဦးစကာဝင် စနစ်တကျ တည်ဆောက်ထားသော မြို့တော်ဖြစ်၍ မြို့တော်ကြီး တခုလုံးကို တိုက်အိမ်ကြီးတလုံး တည်ဆောက် သကဲ့သို့ မြို့တော် ဒေသဖက်တွင် ဇယားချ၍ ဆောက်လုပ်ခဲ့ရာ မြို့နေလူထုအဖို့မှာ စိတ်ချမ်းသာသည့်ပြင် လူ့၏ကျန်းမာရေးကိုပင် အပြည့်အဝ အကျိုးထူးခံစားကြရပါသည်။

အထက်တွင် ပြခဲ့ပြီးသည့်အတိုင်း မြို့တော်၏ ရပ်ကွက်ကြီးများမှာ တုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၏ အဆိုအရ ရပ်

ကွက် ၅၅ ဟုဆိုသော်လည်း အမှန်အရအတွက်ကား အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်၊ စုစုပေါင်းဆိုလျှင် ၅၄ ရပ်ကွက်သာ ရေတွက်၍ရပါသည်။ ထို့ကြောင့် ဝက်မစွတ်မြို့စား ဝန်ထောက်မင်း၏ ရတနာပုံ လေးပြင်ရပ်ကွက် ၅၄ ဌာန ထက်၌၊

## မန္တလေးရပ်ကွက် ၅၄ ၏ အမည်များလင်္ကာ

ရတနာပုံ၊ ဇေယျာကြံ့ဖွန်း၊ ပြည်ရွှေမန်းစယ်၊ နန်းဆော်ဝန်းကျင်၊ လေးပြင်မျက်နှာ၊ ရံကာဝင်ညောင်း၊ ရပ်ကွက်ပေါင်းတို့၊ ဖြိုးသောင်ပြဇာ၊ မင်္ဂလာဖြင့်၊ သညာပညတ်၊ တံဆိပ်ခတ်၍၊ ထပ်နှုတ်တော်မူ၊ လိုကြူပျံ့မွှား၊ ငါးဆယ့်လေးကို၊ တပေးလူမိုလ်၊ မှတ်စေလို၍၊ သံချိုဖျူးဘား၊ လင်္ကာအားဖြင့်၊ ပျံ့ရှားချီလွှင်၊ သံပိုင်းတင်စိမ့်။

ရှေ့ပြင်မှာသော်၊ ကျွန်းထုံးမော်နှင့်၊ ထင်ပေါ်ပေါက်ပြ၊ ဝိဇယပတိ၊ ကျော်ညီဒွံ့မျှ၊ ဇေယျာဂုဏ်လာ၊ သညာတင်ဘိ၊ ဘူမိဇေယျာ၊ မဟာဇေယျာဘုံ၊ ဗိုလ်ပုံကျော်မှီး၊ ပြည်ကြီးမျက်မှန်၊ တဖန့်ဗွဲ့မြိုး၊ ပြည်ကြီးချက်ချင်၊ ခုနစ်အင်တည်း။ (ရပ်ကွက် ခုနစ်ခု)

တောင်ပြင်မှတ်ထုံး၊ ပတ်ကုံးပျော်တွယ်၊ ပေါ်ယယ်ထောရှု၊ ဇမ္ဗူချက်ရှင်၊ ငုံယင်ပေါင်းရုံး၊ ပတ်ကုံးဝန်းကျင်၊ ကြည်လွှင်မိုးသိပုံ၊ ရန်မျိုးလုံနှင့်၊ မျိုးပုံမြဘုံရ၊ မဟာနွယ်စဉ်၊ စီလျဉ်ဝံသ၊ သဘုန္နသိစဉ်၊ ပေါင်းရှင်ထက္ကူ၊ ဓနရာဂါ၊ ကြေငြာပေါက်ပြ၊ စိတြပသီ၊ သညီတင်စွာ၊ ဟေမာဇလ၊ ကန္ဒနမ္ပတိ၊ ပျော်ညီသာစွ၊ ဟေမမာလာ၊ ဗိုလ်ဒါရှင်ဖျူး၊ ချမ်းမြဘာစည်၊ ပတ်သည်ကြငြာ၊ အောင်ချမ်းသာဟု၊ သချာဖွဲ့၍၊ ထဆယ့်သုံးရှင့်။ (ရပ်ကွက် ၁၃ ခု)

ထွက်ကျုံးမှန်လှ၊ ပဒ္ဒမ္မဝင်ယ်၊ အမရစံခေါင်၊ ကိုနောင်လာဝ၊ အမ္ဘရဒ္ဒါနီ၊ ကျော်ညီသာဆုံး၊ ပြည်လုံးချမ်းသာ၊ ရေစာမပြာဝ၊ မေဃဂီရိ၊ နှံ့သိကျော်သဲ၊ ပုလဲငွေရောင်၊ မြန်မဆောင်ဂွဲကြီး၊ ပြည်ကြီးကျက်သရေ၊ အောင်မြေနှံလုံ၊ မိုလ်ပုံမြေသထု၊ ဇမ္ဗူကြငှန်း၊ ထွစ်မှန်းပုံမွှေး၊ ချမ်းအေးသာစံ၊ ပတ်မိုးပျော်မှတ်၊ ဘုသွတ်ရန်အောင်၊ ထို့နောင်မှတ်ဘွဲ့၊ ဘေးမဲ့လွှတ်ရှောင်၊ ခအောင်နန်းရိပ်သာ၊ ရတနာဘူမိ၊ လွှံ့သိကြော်ပြာ၊ မဟာအောင်မြေ၊ မိုလ်မြေရှင်ဆုံး၊ ကျွန်းလုံးကြော်ပြာ၊ နတ်ရွာစံနန်း၊ ရွှေဘုန်းရှင်တုန်း၊ ကျွန်းလုံးဥသျှောင်၊ မြန်အောင်ပေါက်ပြ၊ တမ္ဗဝတီ၊ သညီမြေပေါ်၊ ထံတျှက်မော်နှင့်၊ မွှေ့လျော်ပျော်ခန်း၊ စိန်ပန်းဒေးဝန်း၊ ရှင်လန်းကျော်ကြီး၊ ပြည်ကြီးပျော်ဘွယ်၊ ဟေရဏ်နှံ့သိ၊ သီရိဟေမာ၊ ကြော်ပြာကျော်သိ၊ သီရိမာလာ၊ မိုလ်ပါအုတ်တွေ၊ အောင်မြေသာစံ၊ ကျော်လျှံဂွဲကြီး၊ ပြည်ကြီးရန်လုံ၊ ကြည်ယုံပျော်နွဲ့၊ မင်းတဲအိကင်း၊ လျှံဝင်းတောက်ပြောင်၊ ဘုန်းတော်ရောင်နှန်၊ ညောင်ကွဲဒွာန၊ အမ္ဗိကွာမူ၊ ကျေနတိန်း၊ မှတ်ကိန်းပုံယင်၊ ဤသို့စင်ထည့်။ (ရပ်ကွက် ၂၉ ခု)

မြောက်ခွင်ဥတ္တရ၊ စီစဉ်မြို့မှု၊ မြကျွန်းတန်ဆောင်၊ မန်းတောင်နောက်ယွန်း၊ မြန်နန်းအောင်မြေ၊ ဝေသွမှတ်ခန်း၊ မြနန်းစံရာ၊ ဗိုလ်ပေါ်ရှင်ထန်း၊ မြနန်းဘုံသာ၊ သာယာတင့်ရှန်း၊ မြကျွန်းမြေဂူ၊ ငါးရပ်ဟူ၏။ (ရပ်ကွက် ၅ ခု)

ရှင်လူမှတ်ရန်၊ ပေါင်းတုံသွန်မူ၊ ရှေ့ဒွာန်သတ္တ၊ တောင်မှ တေရသ်၊ နောက်မှတ်နှစ်ဆယ်။ တိုးစွန်းကာယ်လျက်၊ မြောက်ဝယ်ငါးမြာ၊ သချာတွက်ရေး၊ ငါးဆယ့်ထေးကိုး၊ ပျံ့မွှေးသာချို၊ အမျာဆိုသည်၊ ဆီလိုဘူ၏လက်သုံးထည်း။

(အရှေ့ရပ်ကွက် ခုနစ်ခု၊ တောင် ၁၃၊ . အနောက် ၂၉။ မြောက်ရပ် ငါးခု၊ ပေါင်း ၅၄ ရပ်ကွက်)

၎င်းအထက်ပါ လက်ာလည်း "သုထင်ခုနှစ်တောမ်း"တွက် ဖြစ်ပါသည်။

ကုန်သွယ်စီးပွားရေး

၎င်းအချိန်ကား မြန်မာနိုင်ငံအောက်ပိုင်း ဒေသအချို့၌ အင်္ဂလိပ်များ ဝင်ရောက်သိမ်းပိုက်ထားချိန်ဖြစ်သည်။ မင်းခနုမြည်ဖြစ်သော မန္တလေးနှင့် အထက်ပိုင်း မြန်မာ ပြည်သူပြည်သားများ၏ အခြေအနေမှာ မင်းတုန်းဘုရင်၏ အိမ်ခြေသိက္ခာနှင့် ထူးကဲသော ဉာဏ်ပညာစွမ်းကိုသာ မှီခိုရှိနေကြသည်ဟု ဆိုရပါသည်။ ဘုရင်ကြီးမှာ လွန်စွာထက်မြက်သော ဉာဏ်အမြင်ဖြင့် အင်္ဂလိပ်တို့ကို စစ်ရေးဖြင့် အနိုင်ယူရန် ခဲယဉ်းလှကြောင်း သိပြီးဖြစ်၍ ပြည်တွင်းစီးပွားရေးနှင့် အုပ်ချုပ်မှုကိုသာ အထူးဂရုပြုတော် မူပါသည်။ စီးပွားရေးမှာ ပြည်တွင်း သဘာဝထွက်ကုန်ဖြစ်သော သစ်ထောရေနံ သတ္တု ကျောက်တွင်း စသည်တို့နှင့် ဆန်စပါး ငါးခြမ်း ပဲပြောင်းတို့ကို ရောင်းဝယ်ဖောက်ကားခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ဆောထွက် တွင်းထွက် မြေထွက် ပစ္စည်းများကို မြန်မာပြည်အောက်ပိုင်းနှင့် နိုင်ငံခြား အဝယ်တော်များအတွက် အထူးကြပ်မတ် ရောင်းဝယ် စေပါသည်။ ၎င်းတွင် မြန်မာဘုရင့် အဝယ်တော်များ ကိုယ်စားလှယ်တော် များမှတဆင့် နိုင်ငံခြားသားများကို ရောင်းဝယ်ဖောက်ကားခြင်း ပြုကြရပါသည်။ တိုင်းပြည်သားတို့အဖို့ နိုင်ငံခြားနှင့် အလွတ်ရောင်းဝယ်မှုကိုကား ခွင့်ပြုတော်မမူပါ။ ထိုအချိန်အခါက ဘုရင့်အမှုထမ်းအရာထမ်း များမှာလည်း ရှေးကလို မြို့စားရွာစားများ မဟုတ်ကြပဲ လခရိက္ခာဘော်ဆားများသာ ဖြစ်ကြ၍ အုပ်ချုပ်ရေးမှာ ရှေးကထက် စနစ်ကျသဖြင့် စီးပွားရေး၌လည်း လွန်စွာတိကျပါသည်။ ဌာနအသီးသီးတွင်အုပ်ချုပ်ရသော လခစား အရာရှိ ကြီးငယ်များကိုထည့်တိုး၍ခန့်ထားပါသည်။ ရောင်းဝယ်ရေးတွင် ပတ္တမြား ရေနံနှင့်

ကျွန်းသင်များကို ဘုရင်၏ အထူးအရာရှိကြီးများနှင့်သာ ဆက်သွယ်သုပ်ကိုင်ရပါသည်။

ဘုရင်မင်းတရားသည် ပြည်တွင်း စီးပွားရေး တိုးတက်မှုကို အထူးဂရုပြုသည်မှာ နိုင်ငံခြားကို အားမထားပဲ ပြည်တွင်း ဖူလုံရေးကို အဓိကပြုနိုင်မှသာ တိုင်းပြည်အေးချမ်းသာယာ၍ တဖြေးဖြေး အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရေးကို ဆွဲဆောင် အောင်မြင်နိုင်မည်ဟု ယူဆထားခြင်းကြောင့် ဖြစ်ပါသည်။ ပြည်တွင်း စီးပွားရေး ခိုင်လုံရန် ငွေကြေးကိစ္စများကိုလည်း အထူးကြပ်မတ်၍ ဒင်္ဂါးစက်ကြီးကို မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ် တန်ဆောင်မုန်းလမှာ သစ်ဘဲဝင်းတော် အတွင်း အရှေ့မြောက်ထောင့်၌ အပြီးတည်ဆောက်ခဲ့ပါသည်။

ပြည်တွင်းနှင့် အုပ်ချုပ်စီးပွားရေးအတွက် ဘဏ္ဍာရေး ကိစ္စကို ဒင်္ဂါးသွန်းလုပ်ပြီးလျှင် ငွေကြေးသုံးစွဲရေးကို တိတိကျကျ တွက်ကိန်းချ၍ ဆုတ်လုပ်လျက်ရှိပါသည်။ ငွေဒင်္ဂါးများမှာ တဖက်တွင် ဥဒေါင်းပုံဆိပ် အခြားတဖက်တွင် ရတနာပုံနေပြည်တော်ဟုစာဖြင့်ရေး၍ မင်းတုန်းမင်းနန်းတက် သက္ကရာဇ် ၁၂၁၄ အပြင် ပန်းနွယ်ဝိုင်းလျက် ကျပ်သုံးဒင်္ဂါးဟုပါရှိပါသည်။ ကျပ်သုံးဒင်္ဂါးမှတပါး ငါးမူးသုံး တမတ်သုံး၊ တမူးသုံး၊ တပဲသုံး ငွေဒင်္ဂါးများကိုလည်း ခတ်လုပ်ပါပါသည်။ ထိုမှတပါး ကြေးနီပိုက်ဆံများကိုလည်း ခတ်လုပ်သည်။ ထိုမှနောက် သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် ခြင်္သေ့တံဆိပ် ရွှေဒင်္ဂါး အရွယ်အားဖြင့် အင်္ဂလိပ်ခေတ်သုံး မတ်စေ့ပြားလောက်ကို ထုတ်ဝေခဲ့ပါသည်။ ရွှေဒင်္ဂါး အလယ်တွင် (၂ူးငပဲသုံးဒင်္ဂါး)ဟူသော စာတမ်းရေးထိုးထားပါသည်။ ထိုကဲ့သို့ ရွှေ ငွေ ကြေးနီဒင်္ဂါးများအပြင် သံနှင့်ခဲဒင်္ဂါးများကိုလည်း အဆိုပါ ဒင်္ဂါးစက်ရုံမှ ထုတ်လုပ်ပါသည်။

၁၂၃၀ ပြည့်နှစ်တွင် ယုန်တံဆိပ်ခဲဒင်္ဂါးများကို အထူးအပါးဟူ၍ နှစ်မျိုးနှစ်စားထုတ်ပါသည်။ အထူးစားမှာ ကြေးနီဒင်္ဂါး၏ ထေး

ပုံတပုံတန်ဖိုးသား၍ အဒါးစားဒင်္ဂါးမှာ ကြေးနီဒင်္ဂါး၏ ရှစ်ပုံတပုံ တန်ဖိုးသားပါသည်။ သီပေါမင်းလက်ထက်မှာ ၁၂၄၀ ပြည့်နှစ် ထိုး တံဆိပ် ကြေးနီဒင်္ဂါးများဖြစ်ပါသည်။ ငွေကြေးသုံး စွဲရေးကိစ္စ ကိုဘဏ္ဍာရေးတော်ဌာနက တိုင်းပြည်၏အခြေအနေအရ အထူး ကြည့်ကြပ် ထုတ်ဝေရပါသည်။ ထို့မှတပါး ပြည်တွင်းသုံး အချိန်အတွယ် အတိုင်းအတာစသော စီးပွားရေးဆိုင်ရာ သတ်မှတ်ချက်များ ကို ဘိုးတော်မင်းတရားလက်ထက်က သတ်မှတ်ချက် အတိုင်းပင် သုံးစွဲရပါသည်။

ထိုငွေကြေးသုံးစွဲရေးကိစ္စများ စည်းကြပ်ချိန်မှစ၍ ခရစ်၁၈၅၇ နှစ်မှစပြီး သဿမေဓအခွန်တော်စနစ်ကို စတင်အသုံးပြုခဲ့ပါသည်။ ထိုစနစ်မှာမန္တလေးမြို့တော်မှအပ မြို့ကျေးလက်နယ်များတွင် လုပ်ငန်းအခြေအနေအရ ချမ်းသာကြွယ်ဝသူများကို ပိုမိုကောက်ခံ၍ ဆင်းရဲသူ အထိုက်အလျောက်လျော့၍ ကောက်ခံ စေပါသည်။ ပျမ်းမျှအားဖြင့် တအိမ်ထောင်လျှင် ငွေ ၁၀ကျပ်မျှ ဖြစ်ပါသည်။ မိုးခေါင် ရေရှား၍ ဇလအပူပိုင်း ဒေသဖြစ်သောပုဂံ တောင် တွင်း ယင်းတော်၊ နတ်မောက် ကျောက်ပန်းတောင်းစသော ဒေသ များ၌ ပဲ ပြောင်းနှမ်း ဂျုံ တို့ကိုအမှီပြု၍နေထိုင်သူများအဖို့ အထူး သက်သာခွင့် ရကြပါသည်။

ဆန်စပါး အထွက်များသော ချင်းတွင်းထက်တွင်းဟု ခေါ် သော ကျောက်ဆည်မြိုင် စလင်း စသောနယ်များ၌နေထိုင်သူ များသည် သဿမေဓအခွန်တော် ကြည့်ကြပ်ရာ၌ အပြည့်အဝ ထမ်းဆောင်ကြရပါသည်။ စပါးများမှာ လယ်သမားတို့၌ ပိုလျှံ သောစပါးကို ဘုရင့်အစိုးရလယ်ရုံးတော်သို့ပေါက်ဈေးနှင့်သွင်း နိုင်ကြပါသည်။ ထိုအချိန်အခါက စပါးဈေးနှုန်းမှာ (သီပေါ မင်းလက်ထက်တိုင်အောင်) ကောက်ကြီးစပါး တင်းတရာလျှင် ၁၅ိ၊ မုရင်းစပါးတင်းတရာလျှင် ခုနှစ်ကျပ်ခွဲမျှသာ ပေါက်ဈေးရှိ ပါသည်။ တောနယ်ဒေသများတွင် ငွေသား အသုံးအစွဲများကို

ရွှေသား အတုံးအခဲများနှင့် လဲလှယ်ရောင်းဝယ်ကြပါသည်။ ငွေသားအချိန် ၂၀ ကျပ်လျှင် ရွှေတကျပ်သားရပါသည်။ ငွေသားအချိန်ပိဿာ ၁၀၀ လျှင်အင်္ဂလိပ်များမြန်မာပြည်တွင်သုံးစွဲသောကျပ်ဒင်္ဂါး ၁၄၀၀၀ နှင့် ညီမျှပါသည်။ ရှေးအခါက ငွေကြေးဟုခေါ်ကြသော်လည်း အမှန်အားဖြင့် ခဲဒင်္ဂါး ခဲပုပ်ကို ကြေးဟုခေါ်ခြင်းဖြစ်ပါသည်။

## ရှတ်နာပုံမ်ခေတ် မြန်မာ့ပိုင်မီးသင်္ဘောများ

အထက် မြန်မာပြည်တွင် ကိုယ်ပိုင်ငွေကြေး ထုတ်လုပ်ပြီးလျှင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ မင်းတုန်းဘုရင်ကြီး ရည်ရွယ်တော်မူချင်းအတိုင်း ပြင်းပြည်၌ စီးပွါးရေး ဖွံ့ဖြိုးပြီးနောက် အင်္ဂလိပ်တို့နှင့် လမ်းပန်းဆက်သွယ်ရေးထုံးစွမ်းများကို ဆွေးနွေးပြီး ငြိမ်းချမ်းရေးကို တပြေးပြေးဆောင်ရွက်မည့်အကြံမှာ အောင်မြင်ဖို့ အသားအသာများ ပေါ်ထွက်၍ လာပါသည်။ အင်္ဂလိပ်တို့သည် မြန်မာပြည်အောက်ပိုင်းမှနေ၍ မင်းတုန်းမင်း၏ နေပြည်တော်ဖြစ်သော အထက်ပိုင်းတိုင်းပြည်နှင့် လမ်းပန်းဆက်သွယ်ရေး များကို ပြုလုပ်ရန်ကမ်းလှမ်းဆက်သွယ်ပါသည်။

ထိုအချိန်သည် ခရစ် ၁၈၇၇ ခုနှစ်ဖြစ်၍ ပြည်နှင့်ရန်ကုန်ကို မီးရထားလမ်း ဖောက်လုပ်ပြီးစီးခဲ့ပါသည်။ အထက်မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးလာကြောင်းကိုသိရှိကြသောအချိန်ကာလ၌ အင်္ဂလိပ်တို့သည် အထက်မြန်မာနိုင်ငံနှင့် ကုန်းကြောင်းဆက်သွယ်ရေးရရှိရန် မြန်မာဘုရင်နှင့် ကမ်းလှမ်း စေ့စပ်ခဲ့ပါသည်။ သို့သော် အထမမြောက်ခဲ့ပါ။

ဧရာဝတီမြစ်ကြောင်းမှ ရေလမ်းခရီးဖြင့် ဆက်သွယ်ရန်ကိုမူ အကြိုပြု၍ အခွင့်ရသဖြင့် မြစ်ကြောင်းမှ ကူးသန်း ရောင်းဝယ်ရေး သင်္ဘောများ အထက်မြန်မာနိုင်ငံသို့ ရောက်လာကြပါသည်။ ဧရာဝတီမီးသင်္ဘော ကုမ္ပဏီကို ခရစ် ၁၈၆၈ ခုနှစ်တွင် စတင်တည်

ထောင်ပြီး မန္တလေးသို့ တပတ်လျှင်တကြိမ် အထက်ဗန်းမော်မြို့သို့ တလလျှင်တကြိမ်ကျ သန်းရောင်းဝယ်ရေးကိစ္စဖြင့် ခုတ်မောင်းခဲ့ပါ သည်။

ထို့နောက် မြန်မာ့စီးပွားရေးလုပ်ငန်းများသည် အရှိန်မပျက် ဆက်လက် ဖွံ့ဖြိုးခဲ့နေစဉ် ခရစ်၁၈၇၁ ခုနှစ်၌ ဇူးအက်တူးမြောင်း ဖွင့်လှစ်လိုက်သောအခါ ဥရောပတခွင်မှ စီးပွားရေးကုန်သွယ်ရေး သင်္ဘောများသည် မြန်မာနိုင်ငံသို့ရောက်လာကြပါသည်။ ထိုအချိန် တွင် မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းသည် ရှေးအ ချိန်အခါကဲ့သို့ ဝမ်းစာနှင့် မင်းမှုထိုင်း အခွန်တော်အတွက်မျှစိုက် ပျိုးသော မိသားစုစိုက်ပျိုးခြင်းမှ တဆင့်တက်လာပြီးလျှင် ကူး သန်းရောင်းဝယ်ရေးအတွက် လယ်ယာများကိုတိုးချဲ့စိုက်ပျိုးလာကြ ပါသည်။ ဘုရင်မင်းတရားကလည်း ရှေးကစနစ်ဟောင်းဖြစ်သော အရာတော်လယ်မြေများကို လယ်လုပ်သားတို့အား လွှဲပေး၍ ဆန် စပါး ကောက်ပဲသီးနှံများကို ပိုမိုထုတ်လုပ်စေပါသည်။ အထက် အောက်မြန်မာနိုင်ငံတွင် အနှစ်၂၀အတွင်း စပါးစိုက်ဧက သုံးဆ မျှတိုးလာပါသည်။

မင်းတုန်းမင်းတရားသည် တိုင်းပြည်၏ အခြေအနေကိုတွေ့မြင်ရ သဖြင့် လွန်စွာအားရတော်မူပြီးလျှင် မီးသင်္ဘောငါးစင်းကိုဝယ်ယူ ၍ အထက်အောက်မြန်မာနိုင်ငံကို စုန်ဆန်ကူးသန်းသွားလာစေပါ သည်။ ထို့မှတပါး သင်္ဘောငယ်များကိုလည်း ဝယ်ယူ အသုံးပြုသ ဖြင့် အထက်မြန်မာနိုင်ငံ၏ အခြေအနေမှာ ကျေနပ်ဖွယ်ဟု ယူဆ နိုင်အောင်ပင် ကောင်းမွန်လာပါသည်။ မင်းတုန်းမင်းတရားသက် ဝယ်ယူသော သင်္ဘောများ အကြောင်းကို မကွေးဝန်ကြီးနှင့် အင်္ဂ လိပ်ဝန်ကြီးဖယ်ယာတို့ပေးစာ မှတ်တမ်း ပုရပိုက်များအရ အကျဉ်း အားဖြင့်သိရသည်မှာ သက္ကရာဇ် ၁၂၂၃ခု ပြာသိုလပြည့်ကျော် ၁၃ ရက်နေ့ မှာတော်မူသည့် သံမီးသင်္ဘောတော် အလျားအတောင် ၁၃၀၊ အနံရှစ်တောင်ကို အရပ်ရုပ်ငွေ ၁၆၅၀၀ ရုန်ကျလျှင် နေ

ပြည်တော်သို့ အရောက်ရောက်သည့်အကြောင်း၊ ရေဆန် တနာဂီရှင်တိုင် သွား သံသင်္ဘောလေးစင်းကို မလုပ်နိုင်ကြောင်းကို ဖော်ပြထား ပါသည်၊

အဆိုပါမြန်မာနှင့် အင်္ဂလိပ်ဝန်ကြီးနှစ်ဦး၏ ပေးစာတစောင်တွင် သက္ကရာဇ် ၁၂၂၂ နယုန်လပြည့်ကျော် ၅ ရက် အင်္ဂလိပ်ဝန်ကြီးက မကွေးဝန်ကြီးသို့ အလိုတော်ရှိသည့်သံမီးသင်္ဘောတော် ရန်ကုန်မြို့သို့ရောက်၍ ပြင်ဆင်လုပ်ကိုင် သည့်အရေး၊ တနှစ်ခွဲအတွင်းပြီးစီးသည် ဟုဖော်ပြထားပါသည်၊ ထိုသ အတွင်း နောက်စာတစောင်တွင် ဟံသာဝတီမြို့ရှိသံမီးသင်္ဘောကြီးကို "မြနန်းစကြာ" အမည်တွင်စေရသည်ဟု ပါရှိပါသည်။ ၁၂၂၄ ခု ဝါဆိုပြည့်ကျော် တရက်နေ့ပေးစာအရမှာ "စကြာယင်မွန်" သင်္ဘောတော်ကို အဖိုးငွေ ၁၂၆၅၀၀ ဖြင့်ဝယ်ယူတော်မူသောစာချုပ်နှင့် ထိုနှစ် ဝါဆိုလဆန်း ၉ ရက်နေ့ "ရေနန်းစကြာ" သင်္ဘောတော်ကို အဖိုးငွေ၁၂၆၀၀ နှင့်ဝယ်ယူတော်မူသော စာချုပ်အကြောင်း ဖြစ်သည်။

မြန်မာအကောက်ဝန် ရွှေဘိုက်စိုးနှင့် အင်္ဂလိပ် သင်္ဘောကိုယ်စားဆွယ်ကာလာဂရီတီ တို့ပေးစာ သက္ကရာဇ်၁၂၂၆ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့စွဲ အရမှာ ဝယ်ယူတော် မူသည့်သင်္ဘောတော်ကို ခံဝန်သည့်နေ့က ခြောက်လအတွင်း ပေးအပ်ပါမည့်အကြောင်း၊ မအပ်နိုင်လျှင် ထားရာအဖြစ်ဒဏ်ကို ခံပါမည့်အကြောင်းပါရှိသည်။ ထို့နောက် ခရစ်၁၈၅၉ခုနှစ်တွင် ပြင်သစ်ဗိုလ်ချုပ်တဦးဖြစ်သူ ဒီနအော်ဂိုသည် "အဓိသောင်းဘုရား" ဟုအမည်ရေးထိုးထားသော ပြင်သစ်လုပ်-သင်္ဘောတစင်းကို ရောင်းချပါသည်။ တဖန် ၁၂၂၆ တပို့တွဲလဆန်း၈ရက် ခရစ်၁၈၆၅ ခုနှစ် ဇန္နဝါရီ၂ရက်နေ့စွဲနှင့် ဟယ်လီဒေဘူလုပ် ကုမ္ပဏီသို့က သံတော်ဦးတင်ဘမှာ သင်္ဘောတော်ဆည်ထုပ်ပြီးစီးကြောင်း အဖိုးငွေ ၂၁၀၀၀၀ ကျကြောင်း ၅၀၀၀၀ အနုန်တန်ကြောင်း သည်ဖြင့်တွေ့ရပါသည်။ ဤကဲ့သို့ သင်္ဘောများကို အင်္ဂလိပ်နှင့် နိုင်ငံခြား

ကုမ္ပဏီများထံမှ ဝယ်ယူရာငယ် နိုင်ငံခြား ကုမ္ပဏီများ ကောင်း မတည် ဖောက်ပြန်ကြသဖြင့် သင်္ဘောအတွက် ငွေအကုန်အကျ များရကြောင်း စသည်တို့ကို တွေ့ရပါသည်။ "ကြောယဉ်မွန်" သင်္ဘောသည် စာချုပ်ရင်းငွေ ၁၂၇၅ဝဝိ အောက် နည်းမည် ထင်၍ ကုန်ကျစရိတ်ပေးမည်ဟု ဝန်ခံခဲ့သည်။ စရိတ်နှင့် တကွ ကုန်ကျငွေ လွန်စွာပိုမိုကြောင်း မှတ်တမ်း၌ဆိုပါသည်။

မြန်မာပိုင် သင်္ဘောများ အကြောင်းနှင့် ပတ်သက်၍ သုတ အဖြစ် သိသာရုံမျှသာ တင်ပြခြင်းဖြစ်ပါသည်။ မင်းတုန်းဘုရင် မင်းတရား၏ တိုင်းပြည်အတွက် တိုးတက်ဖွံ့ဖြိုးစေရန် ကြိုးပမ်းမှု များကို မသိကြသော နှောင်းလူများအတွက် အကျဉ်းအားဖြင့် သိမှတ်ကြစေလိုပါသည်။ အဆိုပါ မီးသင်္ဘောများဖြင့် ကူးသန်း ရောင်းဝယ်ရေးကို တိုးချဲ့ထားရာ မင်းတရားကြီးလက်ထက် ခရစ် ၁၈၅၇ ခုနှစ်မှ ၁၈၅၉ ခုနှစ်အတွင်း ထွက်ကုန်တန်ဖိုး ၃၁.၉ သိန်းဖြစ်၍ ဝင်ကုန်တန်ဖိုး ၃၉.၈ သိန်းဖြစ်သည်ဟု ဆိုပါသည်။ ထိုမှနောက် ၁၈၇၀ ခုနှစ်အထိ အနှစ် ၂၀ အတွင်း ထွက်ကုန် သိန်း ၂၀၀ ဖိုး ဝင်ကုန် ၁၇၇.၆ သိန်းဖိုးအထိ တိုးတက်လာ ကြောင်း သိရပါသည်။ ပြည်တွင်းသုံး ထွက်ကုန်အဖြစ် မင်းတုန်း မင်းတရားကြီး၏ သားတော် မကွေးမင်းသားကြီး အုပ်စီးသော ပြည်တွင်းစက်ရုံကြီးများမှ ထွက်ကုန်များမှာ ပိုလျှံ၍ပင် နေသည် ဟု သိရပါသည်။ ထိုအချိန်က မြန်မာပိုင်သင်္ဘောများသည် ဧရာ ဝတီ မြစ်ကြော တလျှောက် ကုန်အမျိုးမျိုးကို သယ်ဆောင်ပြီး ကူးသန်း သွားလာလျက် ရှိနေကြပါသည်။

မြန်မာပိုင် မီးသင်္ဘောများနှင့် ပတ်သက်၍ ကုန်သည်ပွဲစား များ ကူးသန်းသွားလာကြပုံကို စာဆိုတော်ကြီးများ ဖွဲ့ဆိုခဲ့သည့် တျာဂီတ အမျိုးမျိုးရှိခဲ့ပါသည်။ အထူးသဖြင့် စာဆိုတော်ကြီး ဦးပုညသည် မြန်မာပိုင် အထူးသင်္ဘော "မြမန်းစကြာ" သင်္ဘော

အကြောင်းကို "ရေသံ အန်ချင်း"ဖြင့် ဖွဲ့ဆိုရင်း မှတ်တမ်းတင်ခဲ့ ပါသည်။ ထိုမှတ်တမ်းတွင် ဦးပုည သည် ထိုသင်္ဘောတွင် ကိုယ်တိုင် စီးနင်း လိုက်ပါခဲ့ရသောကြောင့် ထမ်းခရီး တလျှောက် သင်္ဘောဆိုက်ကပ်ခဲ့သော မြို့ရွာဌာနများ၏ အမည်နှင့်တကွ အချိန် နာရီပိုင်းများကို ကိုယ်တွေ့ကြုံရသည့်အတိုင်း မှတ်သားခဲ့ပါသည်။ ဦးပုည၏ "ရေသံ အန်ချင်း"မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

## မြမန်းစကြာဖွဲ့ ရေသံအန်ချင်း

မြမန်းစကြာ၊ မြစ်ရေလမ်းမှာ လေသော့၊ ရွှေဒေါင်း ဖျံကာသန်းပါလို့၊ စံခန်းမြစ်ကွေး၊ ဒူးရင်းတော်ဆက်ကို လေလေ့၊ ဆန်တက်မည့်ရေး။

နေ့ရက်မကြာ၊ ပြည့်ဟံသာစွန်းက ဖြန့်ချီ၊ ခရာစုံ နှောရှက်ပွေ့လီ၊ မိုးချုပ်နာရီ၊ ဆားမလောက်ဆီမြင်ပြီတဲ့။

အို....သည်ကနွဲ့ပါလို့၊ ဆင့်ကဲခုခုတ်ပြန်လေလျှင်၊ ထွက်လှုမြစ်ပြင်၊ မိုးမသောက်ခင်၊ မြစ်ပြင် ဟိုအကူးမှာ ခထလျှော၊ တပ္ပဂိဟန်မာလိန်မှူးငယ်နှင့်၊ ကြည်နူးဘွယ်ပ၊ ရောက်လွယ် အောင် ခဲတယ်လေး၊ ဆိုင်းအိပ်ခဲ့ပြီ။

တိက်ခိုးကြီးစည်၊ လင်းရောင်နီသောက်ကခုတ်ပြန်၊ မြစ် နဒီအုံ့ကြွက်ဆူညံ၊ မိုးဘဝက်လျှံ၊ စက်ရဟတ်သံညံ့ မြိမ့် သဲသဲ။

မြို့ကနောင် အောက်ဆွဲမှာ၊ ကျောက်ခွဲကြ ညခြောက် နာရီ၊ ဆိုင်းအိပ်ခဲ့ပြီ။

ဆန့်တက်အညီ၊ ပုဏ္ဏမိသုံးဘိုလ၊ ကြယ်နီထွက်ပေါ်တုန်း တွင်မှ၊ ရှင့်ဘုန်းတော်ကြောင့်၊ စက်ကုန်အောင် နှိုးထယ် လေး၊ လူသွားစား။

ထံ့းဗျာဒိဟာ၊ ခေတ္တရာတိုင်းဘို့ရောက်သော်၊ ပါကုန် သည် အပေါင်းတို့ပျော်ပျော်၊ ထင်းတင်ကြနော်၊ ထုံးပယိုရ် ဆော်ညီးသံသံ။

နှစ်နာရီသွားသော်ကြောင့်၊ ရှေ့ဖျားက စလုံလှော်တွေ၊ ခွဲကျောက်ချနေ။

သေးရက်အမှန်၊ စလုံရွာထွက်ကိုလေ၊ အိမ်ခေါင်ဗဟို ထက်သီကာ၊ ရွှေကြက်ပါဒ မြေကိုဆင်းတယ် နော်ကွယ်၊ စက်မီးစုံနှင်း။

ဖြူးမြင့်သီခေါင်၊ ဗိုးဦးတောင်ရိုးကမိုးပြာ၊ သီးပိတ်ခါ ပျိုးတဲ့ဒေဝါ၊ မိုးအမွန္တာ၊ ငြိုးမှာန်သောခါ၊ ရွာသွန်း ဖျန်းဖျန်း။

မင်းလှဆိပ်ကမ်းမှာလ၊ ရေစမ်းခု မမြင်တမြင်၊ ဆိုင်း အိပ်ခမ်းပြင်၊ လက်ကြားသိမြင်၊ လုင်ခေါင်ချုပ်ကိုလေး၊ နှစ်ကြိမ်ခရာမှုတ်ပါလို့၊ ကျောက်နုတ်ဖော်ကြ၊ ကြွေးကြော် ပြီးမှနော်ကွယ်၊ စက်မီးစုံသွား။

မျှားသည့်ကြော်ငြာ၊ ပြိုင်ဘက်တော်ရှားတဲ့နာဝါ၊ မျှား ဗိုလ်သူပေါင်၊ တို့ စုံရွာ၊ "မန်းမြစကြာ" ချီးအံ့နိုင်ရာ၊ သာ ဆင့်ကဲကဲ။

ဆိတ်စာရေနဲ့ရင်တဲ့၊ အိပ်ပဲခု စသေ နဂရာ၊ ထင်းတင် ကြရှာ။

ခြောက်ရက်အမှန်၊ လင်းရောင်သျှံဖြိုးလို့လေး၊ အငွေ့ာ ကောင်းကင်ရိုးသိ ၊ တိတ်နိုးကြီးတဲ့၊ မနေ့သွားတယ်နော် ကွယ်၊ ယောကျ်ားသူရဲ။

လွှဲ သွ ရှောင်၊ ကျိုးတော်ဆောင် တမ်းရွက်စေ့စုံ၊ မြို့ဆံဒြည်ခြမ်းမျှ မသုန်၊ နှင်းအပ်ကျွန်ယုံ၊ ရွှေခဲယဉ်ပုံ၊ ကုန်စုံပေါင်း။

နှစ်နာရီ ပြောင်းပါလို့၊ စက်ညှောင်းမှ ဆိမ်းခုံရွာ၊ ကွန်းထောက်တော်သာ။

ကျွန်းရှေ့ မြို့ဘွား၊ ပိဒေစွန်းမှာလေး၊ ဖန်ဝါသူရိန်ထွန်း ပါလို့၊ ကွန့်ရှန်းချိုကြွ၊ ညို့ညို့မှိုင်းတယ်နော်ကွယ်၊ ရွှေ ကိုင်းတောစ်တန်း။

မြန်းထွက်ခုတ်ပြန်၊ ညနန်းရံမှီးတဲ့နာဝါ၊ ရွှေဝရင်နှ် စက်သို့ပမာ၊ "မန်းမြစကြာ" နှန့်းမြို့အောင်ချာ၊ ဦးလှည့် ညွတ်ခါ၊ မကြာခင်။

နေချိန်လွေ့ခင်က၊ အောင်ပွဲရ၊ ရတနာရွှေသုံ၊ ဦးညွတ် နိုလ့ုံ။ ။

အထက်ပါ ရေလိုင်းသံအန်ချင်းတွင် မြန်မာပိုင်သင်္ဘောပေါ်၌ မြန်မာလူမျိုး သင်္ဘောသားများ ရာထူးအလိုက် ဆောင်ရွက် ကြပုံနှင့်တကွ ခရီးသည် ကုန်သည်အများတို့ သွားလာကြပုံတို့ကို စုံလင်စွာ ဖော်ပြထားပါသည်။ ထိုမှတပါး ရေဆန်ကို ခြောက် ရက်ကြာမျှ ချော်ခောင်းနေစဉ် မီးသင်္ဘော၌ မီးထိုးရန် ထင်းများ ကို သယ်ယူရပုံ ခရီးတလျှောက်ရှိ ဆိပ်ကမ်းမြို့ရွာများ၏ အမည် တို့ကိုလည်း စုံလင်စွာဖော်ပြထားသဖြင့် ထိုအန်ချင်းမှာ ဂီတသံ ဖြစ်ရုံမျှ ရေးသားထားသည် မဟုတ်။ နောင်လာနောက်သားတို့ မှတ်သားဘွယ် ခရီးသွားမှတ်တမ်းသဘွယ် အချက်အလက်ကလေး များကို ထွတ်သွင်းလျက် ရေးသားသော မှတ်တမ်းစာတပုဒ်ဖြစ် သည်ဟု ယူဆမိပါသည်။

ထိုစဉ်အချိန်အခါကပင် မြန်မာတို့သည်သုခုမအတတ် လက်မှု ပညာ၌သာ စိတ်ပါဝင်စားကြသည်မဟုတ်ပါ။ စက်မှုပညာအတတ် များ၌လည်း ရူးစိုက်ကာအာရုံပြုလျက် သုခုမပညာကဲ့သို့ပင် စိတ် ဝင်စားကြသည်ဟု သိရပါသည်။ မြန်မာပိုင် စက်မှုလုပ်ငန်းများ ပေါ်ထွက်မည့် လက္ခဏာမှာ ထိုအချိန်အခါကပင် စတင်ခဲ့သည် ဟု ဆိုရပါမည်။ စိတ်ဓာတ်ထက်ကြွလျက် ရှိကြသော မြန်မာ မင်း

၍ မင်းလှောင်ကိုသည် စက်မှုလုပ်ငန်းများတွင် လုံ့လထုတ်၍ ပါဝင်လုပ်ကိုင်လျက် ရှိကြရာ စက်မှုလက်မှုဌာန အရောရှိချုပ် မကွေးရာမင်းသားကြီး၏ ညွှန်ကြားချက်များကို အစဉ်အမြဲ လိုက်နာလုပ်ကိုင်ကြပါသည်။

တရုတ်သားတော်ကြီးများမှာ တိုင်းပြည် စီးပွားရေး အတွက် အထူးသဖြင့် စက်မှုလုပ်ငန်းရပ်များကို စင်ရောက် လုပ်ကိုင်ကြသဖြင့် ဌာနအသီးသီးတို့မှာ မင်းသားကြီးတို့၏ ကွပ်ကဲမှုကြောင့် စည်းကမ်းခသာဝင်ကြပြီးလျှင် ထွက်ကုန်များ ပိုမိုရရှိခဲ့ ကြသည်။ ထွက်ကုန်များကို အောက်ခမြို့ အောက်ရွာများသို့ တင်ပို့ရောင်းချကြပါသည်။ နိုင်ငံခြားဖြစ်သော ဇူတလီ၊ ပြင်သစ် စသော တိုင်းပြည်များမှ စက်မှုဆိုင်ရာ ပါရဂူများကိုလည်း အချိန်အားလျော်စွာ ရိက္ခာငွေတော်များပေး၍ ထားပါသည်။ ထိုပညာရှင်များထံမှ စက်မှုပညာများကို မြန်မာစက်မှုလုပ်ငန်းမှူထမ်းများက သင်ကြားလျက် ဆောင်ရွက်ကြပါသည်။

ညီတော် ဖိမ်ရှေ့စံ ကနောင်မင်းကလည်း တိုင်းပြည် ကာကွယ်ရေးအတွက် တာဝန်ယူ လုံးပမ်းလျက် ယက်နက်စက်ရုံကြီးများကို ကွပ်ကဲ၍ လက်နက်မျိုးစုံတို့ကို နိုင်ငံခြားသား အထက်ပညာရှင်များအား လခကြီးပေးပြီး ဦးစီးလုပ်ကိုင်စေပါသည်၊ ထိုအချိန်က နိုင်ငံခြားသို့ မြန်မာသံအမန်ကြီးများကို စေလွှတ်သည့်ပြင် မြန်မာလူငယ် လူရည်ချွန်များကို ရွေးချယ်လျက် နိုင်ငံခြားပညာတော်သင်အဖြစ် နိုင်ငံတကာသို့ စေလွှတ်ခဲ့ပါသည်။ မင်းတုန်းဘုရင်၏ သဘောထားမှာ အင်္ဂလိပ်ကို ရန်သူကြီး အနေဖြင့် သဘောမထားပဲ တနေ့တွင် မြန်မာနိုင်ငံသည် အင်အားတောင့်တင်းလာပြီး အင်္ဂလိပ်တို့နှင့် သင့်မြတ်သော မိတ်ဆွေနိုင်ငံတခု ဖြစ်လာမည်ဟု ယုံကြည်နေဟန် တူပါသည်။

ထို့ကြောင့်ပင် အင်္ဂလိပ်များကို တတ်နိုင်သမျှ လိုက်လျော၍ ဆက်ဆံပါသည်။ ခရစ် ၁၈၅၇ ခုနှစ်က အင်္ဂလိပ် သိမ်းယူထား

သော နယ်အချို့တွင် အိန္ဒိယပြည်စစ်တပ်များ ပုန်ကန်ထကြွလာရာ အင်္ဂလိပ်အစိုးရ အဖို့မှာ မိမိတို့သိမ်းယူပြီး နယ်များကိုပင် စွန့်လွှတ်ရတော့မည်ဟု ယူဆပြီး ကြီးစွာစိုးရိမ်နေကြပါသည်။ ထိုအချိန်တွင် မင်းတုန်းဘုရင်သည် ထိုအဖြစ်အပျက်ကို အခွင့်အရေးကောင်းဟု သဘောမထား။ ရန်သူကို ဖိ၍ မတိုက်ခိုက်သည့်ပြင် မိမိရန်သူကိုပင် မဟာမိတ်ဟု ယူဆပြီး စစ်အတွင်းမှာ ထိခိုက်ဒဏ်ရာ ရရှိသူများ အတွက် အကူအညီအဖြစ် ငွေဒင်္ဂါး ပေါင်တသောင်းကို လှူဒါန်းလိုက်ပါသည်။ ထို့နောက် အနည်းငယ်ငြိမ်သက်၍ လာသောအချိန်တွင် မင်းတုန်းဘုရင်က အင်္ဂလိပ်တို့သိမ်းယူထားသော ပဲခူးနယ်ကို ပြန်၍တောင်းခံရာ အင်္ဂလိပ် အစိုးရက ငြင်းဆိုခဲ့ပါသည်။

သို့တိုင်အောင်ပင် မင်းတုန်းဘုရင်ကြီးမှာ အင်္ဂလိပ်တို့အပေါ်၌ စိတ်စေတနာကောင်းထားလျက် ရှိပါသည်။ အင်္ဂလိပ်၊ အမေရိကန်နှင့် ပြင်သစ်တို့၏ ခရစ်ယာန် သာသနာပြုဂိုဏ်းများကို မြေနေရာပေး၍ ဘာသာရေးအဆောက်အအုံများ တည်ဆောက်စေခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ဘုရင်ကြီးသည် ဗုဒ္ဓဘာသာကို သူမတူအောင် ကြည်ညိုလေးစားသူ တဦးဖြစ်ပါသည်။ ခေတ်အားလျော်စွာ ကမ္ဘာအနှံ့ ဗဟုသုတပညာများကို ရရှိကြစေရန် ရည်ရွယ်လျက် အင်္ဂလိပ်ဘုန်းကြီး ဒေါက်တာမတ် (ဆရာမှတ်ကြီး)အား မန္တလေးအနောက်ပြင်တွင် မြေနေရာပေး၍ အင်္ဂလိပ်စာသင်ကျောင်းကို ဖွင့်လှစ်စေပါသည်။ ထိုကျောင်းမှာ အက်စ်ပီဂျီ[၁] ကျောင်း ဖြစ်ပါသည်။ ထိုကျောင်းတွင် သားတော်များကို အင်္ဂလိပ်စာသင်ကြားစေခဲ့ပါသည်။ ထို့မှတပါး အင်္ဂလိပ်ဘုန်းကြီး ဘိဂန်ဒက်[၂] အား မြေနေရာပေး၍ ခရစ်ယာန် သာသနာပြုကျောင်း ဆောက်လုပ်ခွင့် ပြုခဲ့ပါသည်။

---

၁။ S.P.G.
၂။ Bigandet

ထိုအချိန်က မင်းတုန်းမင်းတရားကြီး၏ အုပ်ချုပ်ရေး ပိုင်နက်မှာ မြန်မာနိုင်ငံတဝက်မျှသာ ဖြစ်၍ ရန်သူနှင့် လွန်စွာနီးကပ်ပြီး စစ်ရေးစစ်ရာကိစ္စများ လုံးဝငြိမ်းချမ်းခြင်းမရှိ၊ စစ်မီးကြွားများကို တဖက်က အထူးဂရုစိုက်လျက် အခြားတဖက်က တိုင်းပြည် ဖွံ့ဖြိုးရေး လူမျိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နေရသဖြင့် လွန်စွာ ထက်မြက်သောဉာဏ် လျင်မြန်သော သတိဖြင့် နှစ်ဖက်စွန်းကို ကြည့်လျက် အုပ်ချုပ်နေရသောအချိန် ဖြစ်ပါသည်။ မင်းတုန်းမင်းတရားကြီး အပေါ်၌ အပြစ်တင်နေသူအချို့က ဘုရင်ကြီး၏ အပြစ်များကို ဖော်ထုတ်ရာ၌ မင်းတုန်းဘုရင်သည် မည်သူ့အသက်ကိုမျှ သတ်ရန်အကြံ၊ သေစေအမိန့်မပေးခဲ့သည့်ပြင် မိမိအသက်ကို ရန်ရှာသောသူပုန်များကိုပင် အသက်ဘေးမှ ခွင့်လွှတ်၍ ချမ်းသာ ပေးခဲ့ခြင်းကို ဖော်ထုတ်ထောက်ပြပြီး အပြစ်ဆိုကြပါသည်။ လူ အမျိုးမျိုး အတွေးအခေါ် အမျိုးမျိုး ရှိကြသဖြင့် နာနာဆန္ဒ နာနာအဇ္ဈာသယ ဆိုသည့်အတိုင်း ကိုယ့်အမြင် ကိုယ့်အထင်နှင့် ပြောဆိုကြမည်မှာ ဆိုဖွယ်မရှိ ဖြစ်ပါသည်။

## ရတနာပုံခေတ် ဝတ်စားဆင်ယင် ထုံးဖွဲ့မှု

မင်းတုန်းမင်းတရားကြီးနှင့် ပတ်သက်၍ ရာဇဝင်သမိုင်း အမျိုးမျိုးတို့တွင် ပါဝင်ခဲ့ပြီးအတိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတို့နှင့် ဆက်သွယ်၍ ရောင်းဝယ်ဖောက်ကား စီးပွားရေး အဆက်အသွယ်ပြုရန် အမျိုးမျိုးသော နည်းလမ်းတို့ဖြင့် ဖန်တီး ကြိုးပမ်းခဲ့ပါသည်။ မန္တလေးမြို့တော်နှင့်တကွ အထက်အညာတခွင်မှာ နေထိုင်ကြသော မြန်မာပြည်ဖွား တိုင်းရင်းသားတို့မှာ ထိုအချိန်က ဥရောပနှင့်တကွ ပြည်နှင့်နီးချင်းနိုင်ငံမှ လာရောက်၍ စီးပွားရှာဖွေ စားသောက်နေကြသူများနှင့် ရင်းနှီးစွာ ရောင်းဝယ်လုပ်ကိုင်လျက် နေထိုင်ကြပါသည်။ ထိုအချိန်က မန္တလေးမြို့သူမြို့သားတို့မှာ စီးပွားရေး ဖွံ့ဖြိုးကြသဖြင့် မန္တလေးမြို့တွင် ရရှိနိုင်သော ပိုး ဖဲ ပုဆိုး ကတ္တီပါနှင့် ချည်ထည်များ၊ သားမွေးဖြင့်ပြုလုပ်သော တရုတ်ပြည်ဖြစ်

အဝတ်အထည်များကို ဝတ်ဆင်ကြပါသည်။ မင်းပိုင်းစိုးပိုင်းတွင် ဝတ်ဆင်ကြသော အထည်များမှာ တိုင်းတပါးဖြစ် အထည်နှင့် တိုင်းရင်းဖြစ် အထည်များကို ရောနှော၍ ဝတ်ဆင်ကြသည်။

တိုင်းရင်းသားတို့၏ အိမ်သုံးပစ္စည်း ဒိုးခွက်ပန်းကန် များမှာ တိုင်းရင်းဖြစ် ယွန်းထည် ကြေထည်နှင့် ဖန်ထည် ကြွေထည် သံထည် ပစ္စည်းများ၊ စဥ့်နှင့်မြေထုပ် ပစ္စည်းများကိုရောနှောသုံးစွဲကြသည်။ ခရီးလမ်းပန်း သွားလာရေးတွင် ကုန်းလမ်း၌ နွားလှည်းများဖြင့် ၎င်း၊ မြင်းများဖြင့်၎င်း၊ ရေလမ်းတွင် လှေများဖြင့်၎င်း၊ မီးသင်္ဘော များဖြင့်၎င်း သွားလာနိုင်ကြပါသည်။ ထီးသုံးနန်းသုံးယာဉ်များမှာ ဝေါယာဉ်၊ လှည်းယာဉ်နှင့် ဘိရိုလှည်းခေါ် ရထားလုံးပုံ ချပ်စုံ မြိတ်လွှယ်သော လှည်းယာဉ်တမျိုးကို အသုံးပြုကြသည်။ ခေတ် နှင့်လျော်စွာ ဖျော်ဖျော်ပါးပါး ခေါ်ဆောက်နေထိုင်သွားလာ၍ ပျော်ချိုစွာ အသက်မွေးကြရသဖြင့် ခေတ်ကောင်းကြီး သူများဟု၍ သာ ယူဆရပါတော့မည်။

ထိုခေတ်က ရွှေမန်းသူတို့၏ ဝတ်စားဆင်ယင်ပုံကို ရွှေမန်း သားများ ဘယ်ကဲ့သို့ မြင်ခဲ့ကြောင်း ကဗျာဆရာကြီး ဦးမောင် ကလေးရေး တေးထပ်တွင်၊

ရွှေမန်းသူ့ဘွဲ့ တေးထပ်

မှုဟန်ပုံဘိ၊ဆံပတ်နှင့်၊ မြနားကပ်မဆင်၊ ဥဿဖယား
အညွှန့်ဇင်သည့်၊ ကြေး့နည်းယဥ်တခန်း၊ အရောင်ထက်
မဟူရာကို၊ ပန်သခါ ခုမှဆင်မြန်း၊ တန်ကောက်ဖြစ် ထည်
ရွှေလုံကို၊ ဝတ်နည်းပုံဘူဆန်း၊ မမြင်ဘူ ဘဝင်နွမ်းခစဖို၊
ရွှေမန်းရှူ ပုံသဏ္ဌာန်၊ သွားမူဟန် လွန်ကြေး့ရှင်းပါဘိ၊
ခြောက်ပြစ်ကင်း သိန်းမကတန်၊ ပမာထုံး ပုံနှုန်းစံလျှင်၊
မယ်ဥမ္မ ဒေဝီ လှကဲ့သို့၊ မြင်သမျှကရုဏာ ရှိကြမေတ္တာ၊
ခုလောကခေတ်အခါမှာ၊ မယ်လိုဟာ ရှားပါတော့ဘိ။

ထိုစာစောင်တွင် ပါဝင်သည့်အတိုင်း ရှမ်းသုတ်ချီမှာ ထိုခေတ်အခါက ဆံကေသာတုံးဖွဲ့ပုံမှာ ဘီးဆံပတ်ထုံးများ ဖြစ်ကြောင်း သိရပါသည်။ မြန်မာ့ရိုးရာစဉ်လာ ဆံထုံးများမှာ အများသိရှိကြသော ပုဂံခေတ်ဆံထုံးထုံးနည်း ၅၅ မျိုးရှိခဲ့သော်လည်း ခေတ်အမျိုးမျိုးပြောင်းလဲလာခဲ့သဖြင့် အဝတ်တန်ဆာနှင့် လိုက်အောင် ထုံးဖွဲ့နည်းများကိုလည်း ပြုပြင်၍လာခဲ့ကြသည်။ ပုဂံခေတ် ထုံးဖွဲ့နည်း ၅၅ မျိုးမှာ အင်းဝ ညောင်ရမ်းခေတ်သို့ ရောက်လာသောအခါ ဆံထုံးနည်း ၃၇ မျိုးသာ ကျန်တော့သည်။ ထိုမှ နောက် ဘကြီးတော် မင်းတရားလက်ထက် ရောက်ပြန်ရာ ဆံထုံးနည်းမှာ ခုနစ်မျိုးသာ ကျန်ပါသည်။ ထိုအကြောင်းကို ပညာရှိများကလင်္ကာဖြင့် မှတ်တမ်းတင်ခဲ့သည်မှာ ဤသို့ ဖြစ်ပါသည်။

> ရွှေနန်းသုံးကို၊ ပိုက်ကျုံးမှတ်ဘွယ်၊ သိစေသော်မူလော့၊ မြတ်
> ဖြူသို့ညို့၊ မြတ်စို့ထွတ်ထွတ်၊ မြတ်သွတ်မည်းမည်း၊ စုလည်း
> ရှင်ရှင်၊ ယကာင်ထုံးထုံး၊ ထုံးသင်သစ်သစ်၊ မြတ်ရစ်မြတ်ခံ၊
> မြတ်ပုံရတနာ၊ သိင်္ဂါရွှေသား၊ ပတ္တမြားရောင်ပြုံး၊ ခုနစ်ထုံး
> သည်၊ ဆံထုံးမင်္ဂလာတင့်ရှန်းတည်း။

ထိုအကြောင်းကို လှေသင်းအတွင်းဝန် ဦးချိန်၏ အတိမာနုဿဝိဓောဒနီကျမ်းမှာ "နန်းတော် အိမ်တော်များ၌ ဆံထုံးထုံး၊ ဘသက်ဝတ်၊ ဒက်ဆင်မင်္ဂလာ အခမ်းအနားတွင် ထုံးလေ့ သုံးလေ့ ရှိကုန်သည်"ဟု အဆိုပါ ဆံထုံးခုနစ်မျိုးကို ဖော်ပြထားပါသည်။ ထိုခုနစ်မျိုးကို ၁၂၃၇ ခုနှစ်တိုင် အသုံးပြုကြောင်း ထိုနှစ် စုဗုရားကလေးနှင့် အခြား မင်းသား မင်းသမီးတို့ ဆံထုံးထုံး၊ ဥဒေသျာခ်ထုံး၊ တသက်ဝတ်၊ ဒက်ဆင် မင်္ဂလာများမှာ ဆံထုံးခုနစ်မျိုး ထုံးကြောင်း "မင်္ဂလာစကား ခုနစ်မျိုး"အရ သိရပါသည်။ မင်္ဂလာစကားခုနစ်မျိုးမှာ၊

၁။ ဆံထုံးတော်မြတ်ဖြူ နတ်တူစိုးမည့်သူဘုရား၊
၂။ ဆံထုံးတော်မြတ်စို့ နတ်သို့တင့်မည့်သူဘုရား၊

၃။ ဆံထုံးခေါင်ပြတ်လျှံ နက်တွက်စံမည့်သူဘုရား၊

၄။ ဆံထုံးခေါင်စုလည်း ပစ္စည်းရတနာ များစွာပွားမည့်သူ ဘုရား၊

၅။ ဆံထုံးဒေါင်ယကင် နန်းတွင်စံမည့်သူဘုရား၊

၆။ ဆံထုံးခေါင်လုံးတင် လသွင်တင့်မည့်သူဘုရား၊

၇။ ဆံထုံးခေါင်ပြတ်ရစ် သက်ဆစ်ရာကျော်ရှည်ထော်မှုမည့် သူဘုရား။

ဟု လာရှိပါသည်။

ထိုကဲ့သို့ စာပေမှတ်တမ်းများ၌ ဆံထုံးထုံးနည်းများကို မှတ်သားထားသော်လည်း မင်းတုန်းနှင့် သီပေါခေတ်တွင် ဘီးဆံပတ်များကို နန်းတွင်း၊နန်းပြင် ထုံးလေ့ရှိကြကြောင်း ထိုခေတ်ကို မှီသူများထံ၌ကြားသိရပါသည်။ထိုဘီးဆံပတ် ထုံးမှာ မြကလေးမိဖုရားကိုယ်တိုင် ထုံးဖွဲ့ခဲ့သော ပူပုံပန်းထုံးနည်းဟု အချို့ခေတ်ဟောင်း ပုဂ္ဂိုလ်ကြီးများထံမှ ကြားသိရပါသည်။ ဝတ်ဆင်ပုံ အဝတ်များမှာလည်း အသက်ပါ ဦးခေါင်းကလေး၏ တေးထပ်အတိုင်း တန်ကောက် လုံချည်များပင်ဝတ်ဆင်ကြပါသည်။ သို့သော် ထဘီဝတ်ခေတ်ကား မကုန်သေးပါ။ လူမျိုးစုရောရော စုံပေါင်းနေထိုင်ကြသော မန္တလေး ရွှေမြို့ကြီးမှာ နန်းတွင်းသူများပင်လျှင် မင်းပွဲစိုးပွဲမှ လွဲ၍ အချိန်အခါ အားလျော်စွာ အကျအဆန်းများကို ဝတ်ဆင်ကြောင်း သိရပါသည်။ အနောက်တိုင်း အရှေ့တိုင်းများမှ လူမျိုးစုံတို့ ဝတ်ဆင်ပုံကို အတုယူကြလိမ့်မည်ဟု ယူဆမိပါသည်။

ထိုအခါက အချို့ ယောက်ျားမိန်းမတို့၏ အင်္ကျီမှာ ရင်စေ့နှင့် ရင်ဖုံးများကို ဝတ်ဆင်ထားကြောင်း ရှေးပန်းချီကားများတွင်၎င်း ထိုခေတ် ဓာတ်ပုံဟောင်းများ၌၎င်း တွေ့မြင်ရပါသည်။ ရင်ဖုံး အင်္ကျီကို ရှေးက တရုတ်ဝတ် အင်္ကျီဟု ခေါ်ကြပါသည်။ လူမျိုးစုံနှင့် ရောရှက်နေထိုင်ရသဖြင့် ဝတ်စားဆင်ယင်ပုံများလည်း ခေတ်

အားခလျှော့စွာ ပြောင်းလဲ လာရပါသည်။ ထိုသို့ ဝတ်ဆင်ပုံ ပြောင်းလဲပုံကြောင်းကို လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီး ကိုယ်တိုင် ရေးသားသော လေးဆစ်တပုဒ်ဖြင့် သိရပါသည်။

လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီးရေး ဝတ်ဆင်ရပုံ လေးဆစ်

မန်းနက်သန်နန်းဟန်လေ့မှာဖြင့်၊ ငွေ့ငွေ့ဝဲကျန်တော့
တယ်၊ ဥရောပဘိုက်မှုကို၊ မယူသင့်ခနေအင့်ပြီလို့၊ ခြေနှင့်
ဦးချောင်ဆုံးအောင်၊ကိုယ်လုံးသုံ ခြုံဘရစ်ကာယနှင့်၊ ပြင်သစ်
မယ်ဘူ ဖန်တီးသမျှ၊ ဖြီးစေရမယ်၊ ရှေးချွပ်ပုံဟန် အဟောင်း
ဟာဖြင့်၊ ကျန်တောင်းကျန်ရာ ရှိတော့ဘယ်။ ။ခန်းဘူမိ
ရွှေတုံနယ်မှာ၊ ခုနှယ်ပုံမှုထား။ ။သူမြင်စေစမ်းချင်လှ၊
ဆိုင်သမ်းမှာကြိုလှာဖန်တဲ့၊ ဥဏှာကံ ပန်းရည်တွေငယ်သို့၊
စုံစေ့စွာကာဟန်မှုမို့၊ ကိုယ့်သူကို အမှန်ပဲငယ်၊ စွဲဝံ့သိမ့်
သား။ ။

ထိုလေးဆစ်ကို လယ်ကိုင်းမြို့စား သေနတ်ဝန်မင်းသည် သံငယ်အဖြစ်ဖြင့် ပြင်သစ်နိုင်ငံသို့သွားစဉ်က ဥရောပဝတ်စုံကို ဝတ်ဆင်ရကြောင်း ရေးသားခြင်းဖြစ်ပါသည်။ ထိုကြောင့် ထိုခေတ်က နန်းတွင်းသားများပင်လျှင် ဝတ်ဆင်ပုံ ထွေထွေရာရာ ဖြစ်ကြောင်း သိရပါသည်။ သို့သော် ယောက်ျားများမှာ "ကမြစ်အင်္ကျီ" ရှပ်အင်္ကျီကို ဝတ်ကြ၍ "မော်ဇာ" (ခြေအိတ်)နှင့် ဖြေနင်းများကို စီးကြပါသည်။ ဝတ်ဆင်ပုံ ထွေထွေရာရာများနှင့်ထက္က ထိုအခါက မန်းသူမန်းသားတို့၏ အစား အသောက် များမှာလည်း ဗန်းမော်၊ ကျိုင်းတုံ စသော ဒေသများမှ ယူနန် တရုတ်လူမျိုးတို့၏ အစားအသောက် ခေါက်ဆွဲ၊ ဝမ်းတောင်ဟူး၊ ပေါက်စီ၊ မြည်းရှေ စသော အစားအစာ များနှင့်တကွ ယိုးဒယားမှ လာသော ကနေဘမ် ခေါ်ကင် မြန်မာအခေါ် နန္ဒင်းမကာင်း၊ ယိုးဒယားအခေါ် "သောတ်ဆောင်" မြန်မာအခေါ် မုံလက်ဆောင်း၊

ယိုးဒယားအခေါ် "ကောဝ်လမ်" မြန်မာအခေါ် ခဲယံချောင်း ကောက်ညှင်းကျည်တောက်၊ ယိုးဒယားအခေါ် "ကောဝ်ခေါ်အေး" မြန်မာ ဆန်ခေါက်ဆွဲ ပေါ်သည်ဖြင့် မုံ့အမျိုးစုံနှင့် တကွ အိန္ဒိယ ဟိန္ဒူကုလားမုန့်များဖြစ်သော ဂျလေဗီ၊ ဟာလဝါ တို့ကိုလည်း စားသုံးကြသည်ဟု ဆိုပါသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တွင် ရွှေခန်းသူ ရွှေမန်းသားများသည် မိမိတို့တိုင်းပြည်တဝက်မှာ ရန်သူ့လက်သို့ ရောက်ရှိနေသဖြင့် စိတ်တွင်းမှာ အခဲမကျေရှိ၍နေကြစေကာမူ ဘုရင်မင်းတရားကြီး၏ အာသာဆန္ဒအတိုင်း ငြူစူမုန်းတီးသော စေတနာများကို ထပါးသူအပေါ်၌ မထားကြချေ၊ တိုင်းပြည်အင်အားတိုသာ အပြည့်အဝရရှိရန် နေ့ရှိတိုင်း ကြိုးစားလျက် အနေ့နေ့တွင် တို့အမွေဖြစ်သော တို့ပြည် တို့မြေသည် တို့လူတွေအတွက်သာ ဖြစ်ရမည်ဟူသော ဇွဲထုံ့လဖြင့် လုပ်ငန်းရှိသမျှကိုသာ ကြိုးပမ်းလုပ်ကိုင်နေကြပါသည်။ ထိုကဲ့သို့ မင်းနှင့်ပြည်သူ ကြည်ဖြူချမ်းမြေ့စွာ နေထိုင်၍လာခဲ့ကြသော မန္တလေးမြို့တော်ကြီး၏ ကျက်သရေ မင်္လာ အစစ်အမှန်ကိုရှာလျှင် ဗုဒ္ဓသာသနာတော် ထွန်းကားရော ဘူမိနက်သန် မြေကောင်းမှန်တွင် တည်ရှိခြင်းကြောင့်ပင် ဟု ထင်ထင်ရှားရှား သိနိုင်ကြပါသည်။ သာသနာတော် ထုံးရစ် ခိုင်ခံ့စွာ တည်ငြိမ်သောဒေသဖြစ်၍ လွန်စွာပင် ကျက်သရေ ရှိလှပါသည်။

# ကျောင်းကန် ဘုရားနှင့် စေတီပုထိုးများ

ရွှေမန်း မြို့တော်ကြီးတွင် နံနက်ချိန် နေအရှက်ကျင်း၍ လင်းရောင်ခြည် ပေါ်သည်နှင့်တပြိုင်နက် ထွမ်းခံထွက် ကြွတော်မူကြသော သံဃာတော်အရှင်မြတ်များကို မင်္ဂလာရှိစွာ ဖူးတွေ့ကြရပါသည်။ နေအရှက်နှင့်အတူ ထွက်ပြူတော်မူလာကုန်သော အရှင်မြတ်တို့အား ပိဏ္ဍပါတ်ဝတ်ကို မချွတ်အောင် ထုံ့လစိုက်လျက် ဆွမ်းဦးကွမ်းဦးကို လောင်းလှူကြသည်မှာ အိမ်တိုင်းစေ့ ဟုပင် ဆိုရပါမည်။ ထိုကဲ့သို့ သာသနာရောင်ဝါ ဖုံးလွှမ်းသော ရွှေမန်းမြို့တော်ကြီးတွင် သာသနာအမွေအနှစ်အဖြစ် နှစ်ပေါင်းရှည်ကြာစွာ တည်တံ့ရစ်စေ ဟူသော ရည်ရွယ်ချက်ဖြင့် ဘုရင်မင်းထများကြီး တည်ထားတော်မူခဲ့သော စေတီပုထိုးနှင့်တကွ ကျောင်းကန်ဘုရား များမှာလည်း လက်ညှိုးထိုး မလွဲအောင်ပင် ထင်ရှားသပ္ပါယ်စွာရစ်တည်လျက် ယနေ့တိုင်ပင် ရှိကြပါသည်။

အထူးသဖြင့် ရွှေမြို့တော်ကြီး၏ အမည်ကို ဖန်တီးပေးတော်မူခဲ့သော သိကြားမိုင်းဝင် မန္တလေးတောင်တော်ကြီးသည် သာသနာ့ ထီးကြီးသဖွယ် မြေပေါက်စေတီတော်ကြီး တဆူကဲ့သို့ ထီးထီးမတ်မတ် ကမ္ဘာဆုံးတိုင်အောင်ပင် ရစ်တည်လျက် ရှိနေပါသည်။

သိုက်သမိုင်းအရ ကောဏ္ဍာဂုံဘုရားရှင်လက်ထက်တော်က အဆိုပါ တောင်တော်ကြီးကို ဓိနာသာပူရတောင် ဟူ၍ခေါ်ခဲ့ရင်း၊ ကဿပဘုရား လက်ထက်တွင် ဝေလာမပူရတောင် ဟူ၍ခေါ်ခဲ့ရင်း၊ ကဿပ ဘုရား လက်ထက်တွင် ပါဒသပူရတောင် ဟူ၍ခေါ်ခဲ့ရင်း၊ ဂေါတမ ဘုရားရှင်လက်ထက်တွင် မဏ္ဍာဂေဝုစ်တောင် မန္တလေးတောင်ဟူ၍ ရင်း ခေါ်ကြောင်းဖြင့် သိရပါသည်။ ဝိဋ္ဌကတ်ဝန်ကြီး ဦးရန်၏ သမိုင်းတွက် အဆိုမှာ မင်းတုန်းမင်းတရားကြီး၏ အတိတ် ဘဝ ဟောင်းက ခြင်္သေ့ဖြစ်ခဲ့၍ ဘုရားရှင်အား သစ်သီးဖန်းတို့ လှူခဲ့ ဘူးသည်ကို အစွဲပြု၍ သီဟပဗ္ဗတတောင်ဟု ခေါ်ကြောင်းနှင့် တွေ့ ရှိရပါသည်။ မန္တလေးတောင်၏အထက် အနေ့ရှူတောင်ဘက်စွန်း တွင် ထူးခြားသော ဘုရားဓာတ်တော်တိုက်ကိုဖူးတွေ့နိုင်ပါသည်။ ဓာတ်တော်များမှာ မြို့တော်တည်ပြီး ၁၀ နှစ်ကျော်လောက်တွင် အိန္ဒိယပြည် ပက်ရှဝါမြို့ အိန္ဒိယ ကျောက်စာဌာနမှူး ဒေါက် ထာ ဒီ၊ ဘီ၊ စပွန်းဆား တူးဖော်ရရှိသော ဓာတ်တော်များ ဖြစ် ပါသည်။

အမြင့်အားဖြင့် ယခုခေတ် အတိုင်းအတွာမှာ ၉၅၄ ပေ မြင့် သော မန္တလေးတောင်ထိပ်မှ နေ၍ စတုရန်းပေ ၂၅ မိုင်မျှ ရှိ သော ရွှေမန်းမြို့တော်ကြီးကို မျှော်ကြည့်လိုက်ပါလျှင် သာသနာ့ အဆောက်အအုံများဖြစ်သော စေတီပုထိုးအမျိုးမျိုးကို ဖူးတွေ့ရ ပေလိမ့်မည်။ ရှေးဦးစွာတွေ့ရမည်မှာ မန္တလေးတောင်ခြေရင်း မှ တောင်ဖက်ဟောင်ဘန်းနှင့် ကပ်လျက်ရှိသော ကျောက်တော် ကြီးဘုရားတန်ဆောင်း ဖြစ်ပါသည်။ စေတီပုံသဏ္ဍာန်နှင့်တူသော တန်ဆောင်း အတွင်းရှိ ရုပ်ပွားတော်မှာ တလုံးတည်းသော စကျင်ကျောက်ဖြင့် ထုလုပ်ထားပြီးလျှင် မြင်ပ လေးမျက်နှာတွင် ရဟန္တာရှင်ပွားတော် တဖက်အဆူ ၂၀ စီ ပေါင်းရှစ်ဆယ် ရှိပါ သည်။ မင်းတုန်းမင်းတရားကြီး၏ ဘောင်းမှူးတော်ဘဆူ ဖြစ် သည့် မင်းတုန်းဘုရင် မြေနန်းစံစဉ်အခါက နန်းတော်ရာ၌ စန္ဒာမုနိစေ

ထိ ရှိပါသည်။ ခရစ် ၁၈၆၆ ခုနှစ် နန်းတွင်းအရေးတော်ပုံ ဖြစ်စဉ်က ကျဆုံးခဲ့ကြသော အိမ်ရှေ့မင်းနှင့် မင်းညီမင်းသား တို့၏ အုတ်ဂူ နေရာ၌ တည်ထားခြင်းဖြစ်သည်ဟု သိရပါသည်။

ခရစ် ၁၈၅၇ ခုနှစ်က မင်းတရားတည် ဆောက်ခဲ့သော ကုသိုလ်တော်ဘုရားမှာ အထက်က ဖော်ပြခဲ့ပြီးသော သင်္ဂါယနာတင် ပိဋကတ်တော်များကို ကိန်းဝပ်တော်မူသည့် စေတီတော်ကြီးဖြစ်၍ မြန်မာ့ကျက်သရေဆောင် သာသနာ့ တန်ဆောင်တိုင်ကြီး ဖြစ်ရကား ထူးခြားလှပါသည်။ ဝင်္ဂ ရွှေစည်းခုံပုံတော်ကိုယူ၍ တည်ဆောက်ထားသဖြင့် လွန်စွာ သပ္ပါယ်သော စေတီတော် ဖြစ်ပါသည်။ "ကုသိုလ်တော်" ဟု တင်စား၍ ခေါ်ကြသော်လည်း စေတီ၏ ဘွဲ့တော်ရင်းမှာ "မဟာလောကမာရဇိန်" ဟု တွင်ပါသည်။ လယ်ဝန်ခင်း ဦးစိန်၏ "မန္တလေးဘွဲ့" ပိုကြီးသံ ထပုဒ်တွင် "ရာထီးပိုင်မွေ့တော်သတဲ့၊ သုံးလောကမာရဇိန်၊ ဘုန်းရှိန်ပျံ့မွှေးထေ့။ ကျွတ်တန်းငယ်ရှည်၊ မောင်နှင့်မယ် ရွှေလိုက်ဦးမှာ၊ ဖူးချည်စို့လေး" ဟု စပ်ဆိုခဲ့သည့်အတိုင်း ယနေ့တိုင်ပင် ရွှေမန်းသူ ရွှေမန်းသားများ ဝင်လာမစဲ ဖူးမြော်လျက် ရှိနေကြပါသည်။

ကုသိုလ်တော်ဘုရားအနီးသွင် ယနေ့တိုင် ကမ္ဘာ့လှည့်ခရီးသည်များ မရှောင်ထမ်း လာရောက်ကြည့်ရှုကြလျက် မြန်မာ့ယဉ်ကျေးမှုဟောင်းများကို တအံ့တသြ ပြောဆိုချီးကျူးရသော "အတုမရှိ ကျောင်းတော်ကြီး" သည်လည်း ဘုရင်မင်းတရားကြီး၏ ကုသိုလ်ထူးပင်ဖြစ်ပါသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ စာတမ်းအမျိုးမျိုး၌ ပါဝင်ပြီးဖြစ်ခြင်းကြောင့် အကျယ်ကိုချန်ခဲ့ပါသည်၊ အတုမရှိ ကျောင်းတော်ကြီး အတွင်းမှာ တည်ထား ကိုးကွယ်ခဲ့သော ဘုရင့်ဟောင်းမှုတော် ရုပ်ပွားတဆူရှိပါသည်။ ထိုရုပ်ပွားတော်၏ နဖူးတော်မှာ ဌာပနာထားသော အဖိုးတန် စိန်ပစ်ကြီးမှာ ခရစ် ၁၈၈၅ ခုနှစ်က အထက်မြန်မာပြည်ကို အင်္ဂလိပ်များ တိုက်ခိုက်ယူစဉ်က ပျောက်ဆုံးခဲ့ရပါသည်။ ကျောင်းတော်ကြီးကို

၁၈၉၅ ခုနှစ်တွင် မီးသင့်လောင်သဖြင့် ပျက်စီးခဲ့ရပါသည်။ ယခု အခါ အကြွင်းအကျန်မျှကိုသာ တွေ့နိုင်ကြပါသည်။

ထိုကျောင်းတော်ကြီး အနီးတွင် ''ရွှေနန်းတော်ကျောင်း''ဟု တွင်သော ပြာသာဒ်ကျောင်းတော်ကြီး ထဆောင် ရှိပါသည်။ မူလက နန်းတော်မှ အဆောင်ထဆောင် ဖြစ်ပါသည်။ မင်းတုန်း မင်းတရားကြီးသည် ထိုအဆောင်တွင် ရက်ရှည်လများ မမာ မကျန်းဖြစ်၍ ဆေးဝါးကုသမှုကို ခံယူခဲ့ပါသည်။ မင်းတရားကြီး သည် ထိုအဆောင်၌ပင် နတ်ရွာစံတော် မူခဲ့သည်။ သီပေါမင်း လက်ထက်တွင် ထိုအဆောင်ကိုဖျက်၍ ရွှေကျောင်းတော်ကြီးကို တည်ဆောက်ခဲ့သည်။ ရွှေပိန်းချ၍ ထားသဖြင့် ရွှေကျောင်းတော် ကြီးဟု အခေါ်များခဲ့ပါသည်။ အလွန်လက်ရာမြောက်သော သစ် ပန်းပုရုပ်လုံးများဖြင့် မွမ်းမံထားပါသည်။ သီပေါဘုရင်နှင့်မိဖုရား တို့သည် ထိုရွှေကျောင်းတော်ကြီးတွင် ဥပုသ်သီတင်း ဆောက်တည် လေ့ ရှိကြသည်ဟု ဆိုကြပါသည်။

မင်းတုန်းမင်း တည်ထားသော စေတီပုထိုးများမှတပါး သာ သနာတွန်းကားရာ ဤရွှေမန်းမြို့ကြီးမှာ ရှေးမြန်မာများ၏ ကုသိုလ် တော် စေတီပုထိုးနှင့် ရုပ်ပွားဆင်းတုတော်များတို့ကိုလည်း ဖူးမြင် နိုင်ကြပါသည်။ ပုဂံအလောင်းစည်သူမင်း၏ သားတော် မင်းရှင် စော တည်ထားခဲ့သော မြို့သယ်ရှိ တန်ခိုးကြီးဘုရားတဆူမှာ ရွှေ ကျိုးမြင့် ဖြစ်ပါသည်။ ဘုရားအတွင်းမှာ ပုဂံခေတ်က နန်းစဉ် ရုပ် တုတော်နှင့်တကွ မန္တလေးနန်းတွင်းမှ ဆင်းတုတော်များသည် ထို စေတီဘန်ဆောင်းတွင်းမှာပင် ထိန်းဝပ်လျက် ရှိကြပါသည်။

အောင်နန်းရိပ်သာရပ်ကွက် ရွှေဘဲချောင်း အရှေ့ကမ်းနဖူး တွင် မဟာသကျသီဟ ဘုရား ရှိသည်။ ထိုဘုရားအတွင်းရှိ ဓမ္မ လောဟာ ဆင်းတုတော်ကြီးကို အင်းဝခေတ် ဘကြီးတော်ဘုရား ကိုယ်တိုင် သက္ကရာဇ် ၁၁၈၆ ခုနှစ်ကာစ၍ ဖယောင်းပုံတော်က

ပြီး သွန်းလုပ်သည်။ ၁၁၈၈ ခု တပေါင်းလပြည့်ကျော် ၃ ရက်
နေ့အစ၍ ကြေးနီ၊ သံ၊ သလဲ စသော ပဉ္စလောဟာဖြင့် သွန်း
လောင်းတော်မူပါသည်။ ကြေးစင်ပိဿာချိန် တသောင်းခြောက်
ထောင် (ငွေသပြာ တသောင်း၊ ရွှေသပြာတထောင်) အစုစုပဉ္စ
လောဟာချိန် ပိဿာ တသောင်း ခြောက်ထောင် တရာ့ တဆယ်
ရှိကြောင်း ဒုတိယ မဟာရာဇဝင်တော်ကြီး၌ ပါရှိပါသည်။
ပုံတော်မှာ အရိမေတ္တေယျဘုရား၏ ပမာဏတော်အတိုင်း အမြင့်
တော် ကိုးတောင်နှစ်မိုက်၊ ထက်ဝယ်အချင်း ပမာဏတော် ခုနစ်
တောင်တမိုက်လေးသစ်၊ မွေ့ခန်းနေရာတော် အချင်း ရှစ်တောင်
တမိုက်လေးသစ်၊ အမြင့်နှစ်မိုက်လေးသစ်၊ မျောင်းတော်လုံးပတ်
သုံးတောင်နှစ်မိုက်လေးသစ် ရှိပါသည်။ ခေတ် အတိုင်းအတွာ
အားဖြင့် ၁၆ ပေ ရှစ်လက်မရှိပါသည်။ ထို အတိုင်းအတွာမှာ
အဋ္ဌကထာ၌လာသည့် အရိမေတ္တေယျဘုရားရှင်၏ ပမာဏတော်
အတိုင်း သွန်းလုပ်သည်ဟုဆိုပါသည်။ အင်းဝမြို့မှ ရုပ်ပွားတော်ကို
ခရစ် ၁၈၄၉ ခုနှစ် တွင် အမရပူရမြို့သို့ ပြောင်းရွှေ့ ပင့်ဆောင်
ခဲ့ပါသည်။ တဖန် ၁၈၈၄ ခုတွင် မန္တလေးသို့ ပြောင်းရွှေ့ခဲ့ပါ
သည်။ သကျသီဟဘုရား၏ ယခုရှိသော အုတ်စိန်တောင်နှင့် ငလွှင်
တော်ကို ဇူဘလီ ပိဋကာများ၏ အကူအညီဖြင့် ဆောက်လုပ်
ကြောင်း သိရပါသည်။

ပုဂံမင်း၏ ကုသိုလ်တော်စေတီ ဖြစ်သော ထောကရံသိ အိမ်
တော်ရာစေတီကြီးမှာ သက္ကရာဇ် ၁၂၀၈ ခုနှစ်တွင် ပုဂံမင်း တည်
ဆောက်ခဲ့၍ရုပ်ပွားတော်များမှာ ဇမ္ဗူ°ယပြည့် ဗုဒ္ဓဂါယာမှ ခရစ်
၁၀၃၉ ခုနှစ်၊ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ပင့်ဆောင်ခဲ့
ကြောင်း သိရသည်။ မြန်မာနိုင်ငံ အရပ်ရပ်မှ ဘုရားဖူး များ ဖြင့်
အစဉ်အမြဲ ညီကားနေသော ဝန်ခိုးကြီးဘုရားထဲမှာ မဟာမုနိ
ခေါ် ဘုရားကြီးဖြစ်ပါသည်။ ဘိုးတော်မင်းတရား၏ သားတော်
အိမ်ရှေ့မင်းကိုယ်တိုင် သက္ကရာဇ် ၁၁၄၅ ခုနှစ်က ရခိုင်ပြည် မြို့

ဟောင်းမြို့မှ ပင့်ဆောင်ခဲ့သည်။ ထိုးတော်ခင်းတရားသည် အမရပူရမြို့တော်၏ မြောက်ယွန်းယွန်း တောင်တမထောင်အကွာ မြေညီညာ ပြေပြစ်သော အရပ်၌ ခံ့ကိုးဆင့်ရှိသော ပြာသာဒ်တွင်းဝယ် သွင်း၍ ကိုးကွယ်ထားခဲ့သည်။ ပထမတည်ဆောက်ခဲ့သော ဘုရားထန်သောင်းတော်များမှာ သက္ကရာဇ် ၁၂၄၅ ခုနှစ်က မီးသင့် လောင်ခဲ့သဖြင့် ယခုရှိနေသော အဆောက်အအုံများသည်အသစ် မွမ်းမံပြုပြင်ထားခြင်းဖြစ်ပါသည်။ ယင်းဘုရားကြီးမှာ အမရပူရနှင့် မန္တလေးမြို့ နှစ်မြို့အကြား၌ရှိ၍ အမရပူရ၏မြောက်ဖက်၊ မန္တလေး၏ တောင်ဖက်၌ရှိလေသည်။

ထိုမျှလောက် သာသနာတော် ထွန်းကားသော မြို့တော်တွင် နေထိုင်ကြသူများမှာ မုံ့ဒွေ၏ဩဝါဒခံ ထံသာတော်အရှင်မြတ်တို့၏ ကြွမ်ဆည်သွန်သြားမှုတို့ကြောင့် လွန်စွာ ယဉ်ကျေးသိမ်မွေ့လှပါ သည်။ အနေအထိုင် အစားအသောက် ကျစ်လစ်လှသဖြင့် အသက် ရှည်၍ အသင်းသွကြပါသည်။ ထို့ကြောင့် ရှေးကမျာ ခိုရိကြီးများ က "အသက်ရှည်စေလို၊ မြန်နန်းမရည်ပြည်သနုံးတဲ့၊ မန်းတောင်ရိပ်ခို၊ ခေါင်းဘောင်းဆံ ချီချိုနှဲ၊ ရွှေပတိုရ်စည်တော် ဟိန်းတယ်၊ ဘေးရန်ကင်းငြိမ်း" ဟု ဆိုခဲ့ကြပါသည်။ ရွှေမန်းမြို့ကိုပင် မန်းတောင်ရိပ်ဟု ဆိုပါသည်။

ထိုကဲ့သို့ သာသနာထွန်းကားရာ လွန်စွာ ညြာဆိုသာယာလှသော မြို့ဖြစ်ကြီးကို ပသာဒဖန်ဆင်းတော်မူသော မင်းတုန်း တဝ ရှင်ဘုရင်ကြီးဘုရားသည် ရွှေဘိုခင်း၏ လောင်ဆောင်တော် ပုဂံဝင်ရို၊ သာယာဝတီမြို့အခြင် ဖဒေ့သာဘိုက်ခ်း မိဖုရားတွင် သက္ကရာဇ် ၁၁၇၆ ခု ဝါဆိုလပြည့်ကျော် ၄ ရက် အင်္ဂါနေ့ ၂ ချက်တီးကျော် အချိန်တွင် မွေးဖွားပါ၍ ၃၀ နှစ် အရွယ် ၁၂၁၄ ခု တပေါင်းလဆန်း ၁၀ ရက် ကြာသပတေးနေ့တွင် မင်းပြုပါသည်။ ၁၂၄၀ ပြည့် သီတင်းကျွတ်လဆန်း ၆ ရက်

အင်္ဂါနေ့ သက်တော် ၆၄ နှစ်တွင် နတ်ရွာစံတော် မူပါသည်။ ရှေးမြန်မာကြီးများ၏ အယူအဆအတိုင်း မင်းဖြစ်ချိန် အခါက တဆောင်သံမှာ "မိုးခေါင်ခေါင် တိုင်ထောင်ရွှေ့ရမယ်၊ လဲလှ အောင်သီး၊ ခြောက်ဆယ်ကျော် သူတော်စိတ်ပုတီးနှင့်၊ ဘုန်းသာ ထိုကြီး" ဟူ၍ ဖြစ်ပါသည်။ ခင်းတရားကြီး နတ်ရွာစံကာနီးတွင် တကြိမ်ပေါ်လာပြန်သော တမဆောင်သံမှာ "နေမင်းရယ် ညိုပေ ငယ်သို့၊ ပျို့ကိုယ်မအေး၊ ရွှေစာအံ ပျိုတို့လူသည်မနိုးဆံနှင့်၊ ပထမ မြန် ရှင်လူသွက်၊ နန်းသက်မှာအေး" ဟူ၍ဖြစ်ပါသည်။ ထိုတဆောင် သံတို့ ဆိုသည်မှာ အရှေ့မ မျှော်ပုံဖြစ်ကြောင်းကို ပြောကြပါသည်။

## လက်ထက်တော်ကလေး

လက်ထက်တော်ကလေးဟု ခေါ်ကြသော မင်းတုန်းဘုရင်၏ သားတော် သီပေါမင်းလက်ထက်ကား နန်းတွင်း အရေးတော်ပုံ များ၊ လွန်စွာ ရှုပ်ထွေးလာပြီးလျှင် အထက်မြန်မာနိုင်ငံကို သိမ်း ရန် ကြံယူနေကြသော အင်္ဂလိပ်တို့၏ စစ်မီးကြီး နီးကပ်လာချိန် ဖြစ်သည်။ ထိုအကြောင်းအရာများကို ရာဇဝင်သမိုင်းရေးဆရာ တို့လည်း အမျိုးမျိုးသောရှုထောင့်တို့မှ ယင်းတို့၏ အမြင်အထင် တို့ကို မှတ်တမ်းတင် ရေးသားခဲ့ကြသည်မှာ စာတိုစာရှည်များစွာ ပေါ်ရှိခဲ့ပါသည်။ ဤ"ရတနာပုံမိန္ဒါန်း"ကား ကျမ်းငယ်ကလေး မျှသာဖြစ်၍ ရာဇဝင်သမိုင်းကဲ့သို့ အကျယ်ကိုတင်ပြရန် ခဲယဉ်း သောကြောင့် အချက်အချာများမှတပါး ဖြစ်ရပ်စုံကို ချန်ခဲ့ရပါ မည်။ ဤစာအုပ်ငယ်၏ ရည်ရွယ်ရင်းအာသီသမှာ ရှေးဦးအစတွင် တင်ပြ ခဲ့သည့်အတိုင်း စာပေနှင့် ကဗျာလင်္ကာကို နောက်ခံ ထားလျက် အဓိကမှတ်သားချက်များကိုသာ သင့်တင့်စွာစုံအောင် အကျဉ်းအားဖြင့် ရေးသားရမည် ဖြစ်ပါသည်။ သီပေါမင်း၏ အကြောင်းများမှာ အကျဉ်းအားဖြင့် ဤသို့ဖြစ်ပါသည်။

သက္ကရာဇ် ၁၂၂၀ ပြည့်နှစ် ခရစ် ၁၈၅၈ ခုနှစ်တွင် ဖွားသည်၊ ၁၂၃၆ခု(၁၈၇၄)နှစ်မှာ ရှင်ပြုသည်၊ မောင်းထောင်ဆရာတော်ထံမှာ နိသျည်းခံအပ်နှံ စာပေသင်ကြားနေထိုင်ရသည်၊ ၁၂၃၇ (၁၈၇၅)နှစ်တွင် ပထမငယ် စာမေးပွဲပြန်ဆိုသည်၊ သာမဏေအဖြစ်မှ လူထွက်လဲ၍ ပြန်ဆိုသည်၊ တဖန် ပြန်၍သာမဏေတက်သည်၊ သက္ကရာဇ် ၁၂၃၈ခု နှစ် ခရစ်(၁၈၇၆)တွင် ပထမလတ်ပြန်သည်၊ လူဝတ်လဲ၍ပင်ပြန်သည်။ ၁၂၃၉ ခုနှစ်(၁၈၇၇) ခုနှစ်မှာ ပထမကြီး အထက်နည်းအတိုင်း ပြန်ဆိုပြီးနောက် ကျောင်းကထွက်၍ နန်းဆောင်အတွင်းမှာပင် တံခါးနီပြင်လွှတ်တော်မြောက်ဖက်တွင် အိမ်တော်ကလေး ဆောက်ပေးထားသည်၊ ထိုအချိန်က ရတနာသုံးပါးကို လွန်စွာကြည်ညိုမြတ်နိုးသည်၊ နောင်တော်မင်းသားတို့ကို လွန်စွာရိုသေကိုင်းညွတ်သည်။ မှူးကြီးမတ်ကြီးတို့နှင့်လည်း လွန်စွာချေငံချေပြပြစ်စွာဆက်ဆံသည်၊ သို့သော် လွှတ်ထက်မင်းသား မဖြစ်ရ၍ လောကမှုကို ကောင်းစွာ နားမလည် သမြင့်ယုတ္တိရှိအောင်ပြောတတ်လျှင် ယုံကြည်တတ်သည်၊

သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်(ခရစ် ၁၈၇၈ ခု)တွင် အိမ်ရှေ့နှင်းကြောင်း အမိန့်တော်ကို ခံယူရရှိပြီး မကြာမီ ရှင်ဘုရင်ဖြစ်လာသည်၊ သို့သော် အိမ်ရှေ့မင်း၏ အခမ်းအနား အစ်နှင်းမှုများမှာ ထုံးစံအတိုင်း မပြုလုပ်ရ၊ ရုတ်ချည်းဘုရင်ဖြစ်လာရသည်၊ မကြာခဏချစ်ပါ၊သီဟဆောက်ဆည်ရှုံမက တလ နှစ်လဆက်ပြီး ဥပုသ်စောင့်ရန် ကြိုးစားသည်၊ သို့သော် ထိုအကြံမှာ မိဖုရားကြီးနှင့်မှူးမတ်ကြီးများက ဖျက်ဆီး၍ မပြုလုပ်ရပါ၊ ထို့နောက် ပညာရှိလယ်ကိုင်းဝန် ဦးသိုင်းထံတွင် ဗေဒင်သင်ကြားသည်၊ ထိုအခါပိဋကတ်နှင့် ဗေဒင်ကို စုံလင်အောင် တတ်ပြီးသော မိမိကံယံကိုအထင်ကြီးလာခဲ့သည်၊ ထို့နောက် စိတ်အမျိုးမျိုးဖောက်ပြန်လာပြီးလျှင်နန်းတွင်း အရှုပ်အထွေး အရေးတော်များပေါ်ပေါက်လာ၍ သူများပြောလျှင်ယုံကြည်ပြီး ပြောမှားပြီမှား အမှားများကိုပြုခဲ့သည်

အိမ်နိမ့် ၁၉ နှစ်နှင့် ၁၁ လ၊ အသက် ၂၆နှစ်နှင့် ၁၁ လ၊ သက္ကရာဇ် ၁၂၄၇ ခု(ခရစ် ၁၈၈၅ ခု)တွင် နန်းကျ၍ မဒရပ်မြို့သို့ လိုက်ပါခဲ့ရပါသည်။ ထိုအကျဉ်းချုပ်မှတ်တမ်းကို ပညာရှိကြီး ပုဂံ ဦးတင်၏ မှတ်စုမှ ရရှိခြင်းဖြစ်ပါသည်။

သီပေါဘုရင် နန်းတက်သည့်နှစ်မှစ၍ မန္တလေးမြို့ကြီးသည် တဖြေးဖြေး ကျက်သရေ ညှိုးမှိန်၍လာပြီးလျှင် အလုပ်အကိုင်နှင့် ထကွ စီးပွားရေးများ ယုတ်လျော့လာပါသည်။ မြို့တော်ကြီးဝန်းခုံလုံး ခြောက်ချားလျက် အချို့ စီးပွားရေးသမားများသည် ရေကြည်ရာ မြက်နုရာဖြစ်သော အောက်ပြည်အောက်ရွာသို့ ပြောင်းရွှေ့ သွားကြသည်။ ထို့ကြောင့် တိုင်းပြည်တွင် သာသနာ့အခွန်တော် များ အကောက်တော်များ နည်းပါးခဲ့သည်၊ မင်းတုန်းမင်းတရား လက်ထက်က ရွှေနန်းမြို့တော်တွင် လူနေအိမ်ခြေ ခြောက်သိန်းကျော် ရှိခဲ့ရာ သီပေါမင်းလက်ထက်တွင် နှစ်သိန်းမျှသာ ကျန်ရှိခဲ့သည်။ မင်းတုန်းဘုရင် လက်ထက်က ကိုးခရိုင် တနယ်ထည်းမှ ရရှိသော သာသနာ့ အခွန်တော်ငွေမှာ တသောင်းခွဲလောက် ရှိသော်လည်း သီပေါမင်း လက်ထက်မှာ ငွေကိုးထောင်မျှသာ ရရှိခဲ့ပါသည်။

မြို့နှင့်နယ်ပယ်လူဦးရေ လျော့နည်းသည့်ပြင် စစ်မှုထမ်းဦးရေ မှာလည်း တဖြေးဖြေးနည်းပါးခဲ့သည်။ သီပေါမင်း နန်းတက်စ အချိန် သက္ကရာဇ် ၁၂၄၃ ခုနှစ်က စစ်သည်တော်မှာ ကုန်းကြောင်း ရေကြောင်း နှစ်ရပ်ပေါင်းမှ လေးသောင်းမျှသာရှိပါသည်။ ထို လေးသောင်းအနက် အဝေးထမ်းစစ်နှင့် မြို့စောင့်တပ်သားဦးရေ ကို ဖယ်ထားလျှင် မြို့တော်ရှိ စစ်သည်ပေါင်း ၂၆၃၂၉ ယောက် သာရှိသည်။ ထို စစ်သည်များကို လေးယောက်တွဲစီတန်းလျက် ဘုရင့်ရှေ့တော်သို့ စစ်ရေးပြသသော အခါက နန်းတော်အရှေ့ တံခါးကဝင်၍ အနောက်တံခါးသို့ ထွက်ပြီး မြို့ထောင်ကို လကျာ

ရစ်ပတ်၍ မြဲသရသည်။ အရှည်အဝေးပမာဏမှာ မြန်မာသုံးတိုင် အင်္ဂလိပ်ခြောက်မိုင်ခန့်ရှိသည်ကို မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းမှာ တွေ့ရပါသည်။

၁၂၄၇ ခုနှစ်က အင်္ဂလိပ်တို့နှင့် စစ်ပြိုင်ဆိုင်ရတော့မည် ဖြစ်၍ စစ်ဦးစီးများသာ စီစဉ်ကြရာ မှူးမတ်ချင်း သဘောကွဲလွဲကြပြီးလျှင် ထိုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့က စစ်ထွက်ရန် အမိန့်ချပြီး ဖြစ်သော်လည်း ထိုလ ၅ ရက်နေ့မှ စတင်ထွက်ရသည်။ ထိုအချိန်က စစ်သည်ရဲမက်ဦးရေမှာ စစ်မှုထမ်း၅၆၉၆၊ ထူကောင်း ဖြစ်ထမ်း ကိုယ်ရံအသည်းသွ (ဗော်လံတီယာစစ်သား) ၁၁၅၃၊ နှစ်ရပ်ပေါင်း ၆၈၄၉ ယောက်မျှသာ ရှိသည့်ပြင် လက်နက်မျိုးစုံ မပြည့်စုံ၊ စစ်အင်္ဂါ မညီညွတ်သဖြင့် စစ်ရှုံးပြီး ရင်ဆိုင်ခြင်း မပြုနိုင်ကြောင်းကို ဝန်ထောက်မင်း ဦးတင်၏ မှတ်တမ်းဟောင်း၌ ဆိုပါသည်။ အင်္ဂလိပ်တို့နှင့် ယှဉ်ပြိုင် တိုက်ခိုက်နိုင်လောက်သော လူအင်အား လက်နက်အင်အား မရှိခြင်းကြောင့် နောက်ဆုံးတွင် အရှုံးပေးလိုက်ရပါသည်။

## ကုန်းဘောင်မင်းဆက်၏ နိဂုံးပိုင်း

ကုန်းဘောင်မင်း ၁၁ ဆက်တွင် သီပေါဘုရင် လက်ထက်မှာ မြန်မာတို့၏ ရာဇဝင်သမိုင်းဟောင်းသည် နိဂုံးပိုင်းသို့ရောက်ခဲ့ရပါသည်။ ထိုကဲ့သို့ ထီးသုဉ်း နန်းသုဉ်း နိဂုံး ကံပတ်သို့ ရောက်ရသောအချိန်ကား ၁၂၄၇ ခု တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့၊ နေ့သုံးချက်တီးကျော် အချိန် ဖြစ်ပါသည်။ ထို့ကြောင့် ကန္ဒီမြို့စား စစ်ကဲ မင်းသင်ရာဇာက "ဘောင်နှစ်ရာ လေးဆယ်ကြွလို့၊ ဒွတ်သတ္တနှစ်အဝင်၊ လ-တန်ဆောင်ကျော် ကာသွက်၊ စွန်းရှစ်ရက်တွင်၊ နေအဝင်၊ နံရက်မှာဂဠုန်ပင်တဲ့၊ မကြို ချင်ခင်လယ်နန်းမှာ၊ မြန်းရနှစ်ပါး" ဟုစပ်ဆိုခဲ့ပါသည်။

သက္ကရာဇ် ၁၂၂၀ ခုနှစ်မှ စထင်တည်ဆောက်ခဲ့သော ရတနာပုံ ရွှေမြို့တော်ကြီးသည် ၁၂၄၇ ခုနှစ်အထိ ၂၈ နှစ်တိုင်တိုင် သာသနာပြု မြန်မာမင်းတို့ မင်းကျင့်တရားနှင့်အညီ တည်ကြည်စွဲမြဲစွာ အုပ်ချုပ်လာခဲ့ရာမှ ဘာသာမျိုးခြား တိုင်းတပါးသား ဖြစ်သော အင်္ဂလိပ်တို့လက်သို့ ကူးပြောင်း လွှဲပြောင်းသည်ကို နောင်လာနောက် သားတို့ အမြဲမပြတ် သတိချပ်စေလိုပါသည်။ ထိုခေတ် ထိုအချိန်ကို မှီလိုက်ကြသော မြန်မာစာဆိုကဗိသုခမိန်ကြီးများသည် နောင်လာ နောင်သားတို့အား အထူးသဖြင့် ထိုဖြစ်ရပ်များကို မမေ့မလျော့စွဲမြဲစွာ မှတ်သားရန်ကြံစေရန် ကဗျာလင်္ကာ အမျိုးမျိုးတို့ဖြင့် ဖော်ကျူးသီးခဲ့ကြပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့ငယ်ရွယ်စဉ်က နှုတ်တက်အာဂုံကျက်မှတ်ခဲ့ဘူးသော မြန်မာနိုင်ငံ ဆုံးရှုံးရကြောင်း မြန်မာပညာရှိတဦး၏ "မဲဇာတောင်ခြေ" အလင်္ကာ ကေဗိုဒ်ရတုတခုမှာ ဤသို့ဖြစ်ပါသည်။

## မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းယူကြောင်း ကေဗိုဒ်ရတု

ပွဲမှာအောင်နေ၊ ဆုတွေဓတွတည်၊ ရေမြေသနင်း၊ မြန်မာမင်းလျှော်၊ ဆက်ဆင်းပထမ၊ ကပ်ဦးစက၊ သမ္မတရာဇာ၊ ဆင့်ဆင့်ဖြာ၍၊ စံသာဥတ္တာ၌၊ မင်းမျိုးဇာတ်မှ၊ မပြတ်စဉ်စီ၊ နေ့သာကီတည်၊ ပေါ်ပတိ၊ အရှိများပြောင်၊ ပွားခဲ့နောင်ဝယ်၊ ကုန်းဘောင်ဘုရင့်၊ ခုနစ်ဆင့်တွင်၊ နေမင့်နွယ်မြစ်၊ ဘိုးတော်ချစ်၏၊ မြေးစစ်သူရင်၊ ဖန်နန်းရှင်လျှင်၊ မြန်နွှင်အလုံး၊ လက်ရကြိုး၍၊ နယ်ဆုံးမိုးစံ၊ အင်္ဂလန်က၊ နိုင်ငံအဖျား၊ သိမ်းယူပြား၍၊ ဆုံးပါးခဲ့ရ၊ ရှေးဦးစတည်၊ အမရပူရ၊ မြို့နန်းစံသည်၊ ပုဂံမင်းနောက်၊ ကိုးဆက်မြောက်တွင်၊ အောက်နယ်သရက်၊ တောင်ငူတက်၍၊ နောက်ဆက်ထဖန်၊ သိမ်းယူပြန်ရှင့်၊ ကဗျာထိုးဖွင့်၊ ဆဲ

ထဆဲ့လျှင်၊ ရာခင့်တုရင်၊ သိပေါရှင်လျှင်၊ မြန်ခွစ်ခိုခဲ့။
ဘန်ဒိုးမဲ့၍၊ နှစ်ဆယ့်ခုနစ်နှစ်၊ နန်းစံရှစ်ဘွင်၊ စင်ပိုသ်ခသ
နင်၊ စခလဒင်လျှင်၊ နန်းခွင်ဝင်ရောက်၊ မင်းရွှေမှောက်
ကို၊ သူ့နှောက်ခေါ်ရာ၊ ယာဉ်စကြာဖြင့်၊ ရတနာဝိရိ
မျိုတူ ရှိသည့်၊ အိန္ဒြိသဘို၊ ဆောင်ယူပို့ရှင့်၊ နန်းမြို့တိုင်
ရောက် သုံးကြိမ်မြောက်၍၊ ထက်ခေအောင်မြန်မာ၊ မင်းပေါ်
ပြည့်လုံး၊ နယ်ကုန်ဆုံး၍၊ ယူဘုန်းမရ၊ နှမြောကြ၏၊ သာ
သနာ့ဒါယကာ၊ မင်းရာဇာ့ကို၊ မြော်ကာတ-သ၊ မျိုး
မြန်မာ့ကို၊ လွမ်းတကြည်၊ စိတ်ဘမ်းမြည့်သည်၊ ရွှေပြည်
ရာဇ၊ ဝေးဘောကြောင့်၊ ။

ဤရတုကများကို ရေးသားသော ပညာရှင်၏ အာခေါ်မှာ နောင်လာနောက်သားတို့ မျိုးချစ်စိတ်ဓာတ်ဆို မပြတ်ကိန်းဝင်လျက် ရှိစေသိမ့်ငှါသာ ရန်မြန်မာနိုင်ငံသည် တိုင်းတပါးလက်အောက်ခံဘဝသို့ ရောက်ခဲ့ရကြောင်း၊ ထိုဘဝမှ လွတ်မြောက်ရန် အမြဲကြိုးဆလျက် မြန်မာ့သတ္တိကို မမေ့မြဲကြဖို့ သတိပေးနှိုးဆော်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုကများ၏ ဘန်ဖိုးရှိပုံကို အနာဂတ်အမျိုးသားတို့ သိရှိကြစေရန် ထပ်မံ၍ ထင်ပြလိုက်ရပါသည်။ မြန်မာဘုရင်တို့၏ နောက်ဆုံး မြို့တော်ဖြစ်သော ရတနာပုံမန္တလေးမြို့ကြီးသည် မင်းတုန်းဘုရင်၏ လက်ထက်တော် အချိန်က မင်းနှင့် ပြည်သူ ကြည်ဖြူသင့်မြတ် ပနံတော်သဖြင့် နတ်ဗိမာန်ဆင်း သောမြို့ကဲ့သို့ လွန်စွာသာယာသော်လည်း၊ သိပေါမင်းလက်ထက်မှာ ပြည်သူနှင့်မင်း ကင်းကွာသီးခြား၊ ဖြစ်ရပ်များကြောင့်၊ တိုင်းတပါး၏လက်အောက်သို့ ရောက်ရကြောင်းကို မမေ့နိုင်ကြသော ပညာရှင်တို့မှာ မှတ်တမ်းအမျိုးမျိုး တင်ခဲ့ကြပါသည်။

ထိုကဲ့သို့ တိုင်းပြည်နှင့်တကွ လူမျိုးပါ နစ်နာဆုံးရှုံးခဲ့ရသော အဖြစ်ဆိုးကြီးကို မျက်မှောက်ခေတ်တွင် တွေ့မြင်ဆုံးစည်း ခဲ့ရသော

စာဆိုကြီးတို့မှာ ကမ္ဘာကျော်သော်လည်း ဥနာင်္ဂနီးမကျေ ဆိုသကဲ့ မကျေချမ်းသော စိတ်ကိုဖုံးပိတ်၍ မထားနိုင်ကြသဖြင့် အပြစ်ထင်သင့်သူကို ဖိ၍ အပြစ်ဆိုခဲ့ကြပါသည်။ စာဆိုကြီး မဟာဒဏ်ဝန် ဦးရွှေဝက သူမြင်ရသော ရှုထောင့်မှ သူ့အမြင်ကို ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်၊

## မဟာဒဏ်ဝန် ဦးရွှေဝရေး မင်္ဂလာလေးပျက်ကြောင်း လေးချိုး

မုန်းမကိုင့်မှာလ၊ နန်းသိုက်ရမှာဘုံ၊ မြေဝယ်ကပ်ဆိုး
ဒအာင်၊ မှတ်တုံးနောင် ပေါ်ထွန်းစေသို့၊ စော်ကွန်းထင်
ဆက်သည့်၊ မင်ရှက်စား။ ။သာတန့်နန်းဆောင်၊ ရွှေဘုန်း
ငယ်ပြောင်၊ ကုန်းဘောင်ဂဝရ၊ နေသမ္ဘိနှင်ငယ်၊ အာဟိန္ဒ
မှ၊ ဝံသလွှစ်ထွေ၊ ဆယ်ဆင့်နေလျှင်၊ မြေဇမ္ဗူစိုး၊ မြို့နန်း
ငယ်ထူ၊ ရိပ်ဖြူမိုးကာ၊ ရှေးရိုးစဉ်ဆက်၊ ထီးခပျက်လှန့်၊
နန်းဘက်ကယ်စံကွာ၊ ဘုန်းအာဏာနှင့်၊ ရေစာမရှား၊
မိဿာရန်ငယ်၊ မခန့်မထား၍၊ ဖြစ်ပွားသာနာ၊ ထွန်း
လင်းသာဖြာတော့ပ၊ ရေကြာခတ္တပုံတူသို၊ များမိုက်လူရင်
နှဟန်းငယ်တို့၊ နိဗ္ဗူစိတ်ယူမှန်၊ ရှာကြံထယ်၊ ချမ်းမြေ့ကြည်
စွာ၊ ဆယ့်ထပြာငယ်၊ နေအာဒိစ်၊ သယာစိုးသည့်၊ မြို့မိုး
လှစ်ကာ၊ အနှစ်ပညာ၊ အရှင်းကွာ၍၊ စဉ်လာမင်းသုံး၊ ရှေး
ကျင့်ထုံးကို၊ အလုံးဖြစ်ရှဲ၊ ငွေနှင့်မြူလျှင်၊ လူခပဲဟု၊ စိတ်စွဲ
မှတ်ကြီး၊ တိုင်းအလုံးကို၊ ချေနန်းနှင့်ထပ်၊ အာမွေသစ်သော်၊
ရှေအောင်နွားကြောင့်၊ နောက်သွားတဟိုက်၊ လမ်းခတာက်
လိုက်ဘို့၊ အမိုက်ဖြင့်ပြွမ်း၊ လူရဟန်းတို့၊ မချမ်းမသာ၊ ခရ
ဝမ္ဘာရှာ။ ။တလားမမှန်၊ ကျင့်ပေါက်ပြန်၊ ရန်မငြိမ်း၍၊
ကိန်းသောဥသာ၊ ကောသလ၏၊ သောဥတစာ၊ ဤရာဇာကို၊

မြတ်စွာရှင်စောက၊ မြွက်သော်တိ။ ။ စီစဥ္စတွတ်ထား၊ မိန့်ဟောကြားသည်၊ ထင်ရှားရှိချက်၊ ညောသူ့တွက်ဟု၊ ဝှဲကွက်ပြစ်သာ၊ မတာင်သာခွဲ၊ ဝေါဇာနှစ်တုံ၊ ဂဠုန်နှင့်၊ ကျား၊ ဆင် နဂါးတို့၊ ပျော်ပါးစဥ်ပ၊ ကြာငါးစုံငယ်၊ ကြိုက်တုံခမိ့၊ လကြတ္တိကာ၊ ပုဏ္ဏမာကျော်တက်၊ ဆင္ဒရက်ငယ်၊ ထက်အာကာကြီး၊ လေခရီးမှာ၊ မီးလျှံသဖွယ်၊ ဥက္ကာကြယ်တို့၊ သွယ်ထွယ်ကျူးလတ်၊ တိသိသတ်တွင်၊ မြတ်ရွှေနန်းတွင်၊ ရန်စစ်ချဥ်း၍၊ မင်းကိုကိုမြောက်၊ ရှစ်ရက်ရောက်က၊ နောက်ဂေါယာခန်း၊ ဝင်ချိန်ယွန်းဝယ်၊ မန်းဇဗ္ဗူဘုန်း၊ တံမတူ–ရန်သူမှုန်း၍၊ တိုင်းသုံးပစ်ခွါ၊ သူခေါ်ရာ၊ ပါတော်သ၊ သင်္ချိုင်းပြစ်ပုံကို၊ စိတ်အာရုံ၊ ထင်မနေသမှာ၊ စောတော့ဥာဏ်ရှိ။ ။

ဤလေးချိုးကဗျာကို အချို့က ကင်းဝန်မင်းကြီး ရေးသည့်စာ ဟု ဆိုကြပါသည်။ စာ၏အဓိပ္ပါယ်ကို ကောင်းစွာ ထေ့လာမိသော ပညာရှိများကား ဤစာကို ဝေဖန်မိကြပေလိမ့်မည်။ မန္တလေး၏ အတ္ထုပ္ပတ်ကို ဌာတ္ထုဇာတ်အမြင်ဖြင့် တစ်စား၍ ကြည့်ပါလျှင် ရွှေမန်းမြို့၏ငယ်စဥ်ဘဝသည် ဖခမည်းတော် မင်းတုန်းမင်း၏ အယုအယကို ခံယူရသဖြင့် စိတ္တကာယ သုခနှစ်ပါးကို အပြည့်အဝ ခံစားခဲ့ရပါသည်။ ထိုသို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်နှင့် အမျှ စီးပွားဥစ္စာ ရဆနာရွှေငွေနှင့် တကွ ပညာရှိကဗိထူးမွန် လူရည်ချွန်တို့က တံခွန်စိုက်ထူ လွှင့်တော်မူကြသဖြင့် ဂုဏ်ရည်တူ မြိုင် ဖက်တို့ မကြဲရကြဲဝဲ ရန်စဲခဲ့သည် ဟု ဆိုရပါမည်။ သို့မှတပါး ခမည်းတော်၏ မေတ္တာဓာတ်ငွေ့သည် ရုပ်စေ့ရွာကုန် လွှမ်းခြုံရစ်ပတ်ထားသဖြင့် ထသွားထည်း ထလွှားထည်း စည်းစည်းလုံးလုံး ရှိခဲ့ခြင်းကြောင့် ရွှေမန်း၏အင်အားမှာ ကေသရာ ဟားပေါက် ကဲ့သို့ မခြိမ်းမချောက် မဟောက်ရသေးမီကပင် မြင်ရုံနှင့်ကြောက်

နှံ့တုန်လှုပ်သွယ်ဖြစ်အောင် တင့်တယ်လှပါသည်။ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်ဝသော မင်းသားများမှာ အားမွေးတုန်းအရွယ် မင်းလောင်းကလေးများဖြစ်ကြ၍ တပ်မတော်အတွက် လွန်စွာ တင့်တယ်လှပါသည်။

မင်းသားတို့၏ အိမ်တော်မှာရှိသော အခံ့စစ်ကူ လူရည်ချွန် လူပျိုတော်သားတို့ကို ကြည့်ရသူများမှာ လွန်စွာ စိတ်အားတက် ကြွဘွယ် ရှိလှသဖြင့် အိမ်တော်သားများကို ဖွဲ့ဆိုသော ကဗျာ တပုဒ်ဘွင်၊

တင်ပကာရှိန်မော်ကြွားပါတိ၊ မင်္ဂလာ အိမ်တော်သား
တွေထို့၊ မျှားပါတိအခွေစထွ၊ ကျောက်စီဓား၊ ပန်းပွား
ငွေခြည်နှင့်၊ စီအရီ မှုတော်တမ်းရှာကြ၊ စွမ်းတဲ့လူရည်၊
ဒ-လွှားကာ ခေါင်းမော်လို့ မဖူးစံ့ပါဘု၊ ခစားကာ
လျှောင်းတော်ဦးမှာ၊ ထူးပါတိုကျက်သရေ၊ တက်နေထို
သွင်အလား၊ နှုံးစိတ်မဖော်၊ ဘုန်းရိပ်တော်ခိုလှုံမြော်လို့၊
လက်ဖွေ့တော် ငယ်ကျွန်ရင်းတို့မှာ၊ သင်းဖွဲ့ကစား။ ။

ဟု တွေ့ရပါသည်။

ထိုကဲ့သို့ ရှုတိုင်းယဉ် ဆင်တိုင်းသွဲ့ခဲ့သော ရွှေမန္တလေးမှာ သက်တော် ၂၆ အရွယ်တော်မှိုလောက်မှ ကျွန်သဘောက်အဝသို့ ရောက်ခြင်းမလှ ရောက်ရသည့်ဟုသာ နိဂုံးသတ်ရပါတော့မည်။ ရွှေမန္တလေးကို တစိမ့်စိမ့် အရိပ်ကြည့်ပြီး စိတ်ထင်သလောက် ချီးမြှောက် ရေးသားခဲ့ကြသော စာဆိုကြီးများသည်လည်း ရေခန်းသော ကြာအိုင်ရှိ ကြာပန်းနိုင်များကဲ့သို့ ယိမ်းယိုင်ညွတ်လဲ၍ ရှုံ့ထဲ နှစ်ထဲ၌ပင် ခန္ဓာစဲခဲ့ကြ ရရှာပါသည်။ ထိုစာဆိုကြီးတွေထဲတွင် ရွှေမန္တလေး၏ အသည်းနှလုံး၊ ဘုရင်မင်းတုန်း၏ လက်ရုံးထဆူ၊

နန်းတွင်းသူတို့၏ ဆရာအရင်း မင်းသားတို့၏ အာစရိယ ဖြစ်သော စာဆိုတော်ကြီး ဦး ပုညမှာ မဟာဥပရာဇ် ပျက်သောနှစ်ဟုဆိုအပ်သော ၁၂၂၀ ခုနှစ်တွင် မြင်ကွန်းမြင်းခုန်တိုင်တို့၏အရေးကြောင့် မင်းဒဏ်သင့်ခဲ့ရရှာပါသည်။

မန္တလေးတည်ထောင်စ အချိန်ကပင် မန္တလေးတွဲမော်ကွန်းနှင့်တကွ "သာသနာကို၊ မမွှာမမွေ့ယာ၊ ဖြင့်မျှသိသိ၊ မြောက်ချီးစေရန်၊ နတ်ရှင့်ဝန်ဟု၊ ပြည့်ကြွန်အိပ်မက်၊ သိကြားဆက်သည်၊ မန်းနက်သန်ယို့ ရည်ရွယ်တည်း" ဟု ရတနာနဒီတွဲဖြင့် ချီးကျူး ရေးသားခဲ့ပါသည်။ ထိုကဲ့သို့ မန်းမြို့တည်စကပင် ပျော်ရွှင်စွာနေခဲ့ရသော ဆရာကြီးမှာ မန္တလေးမပျက်မီပင် ဆရာကြီးမှာ ပျက်စီးခဲ့ရှာသဖြင့် ရွှေမန်းတည်ကဗျာများကိုသာ အားပါးတရ ရေးခဲ့ရ၍ မန်းပျက်ကဗျာကို တပုဒ်တလေမျှ ရေးမသွားရတော့ပေ။

မန္တလေးမြို့တော်ဟောင်းနှင့်တကွ ထီးနိုင်နန်းနိုင် ဘုရင်နှစ်ပါးနှင့် မင်းဆရာထံသာ အပါအဝင် ပညာရှိစာဆိုတော် မှူးကြီးမတ်ကြီးများသည် ယခုအခါ ရွှေမန်းမြေပေါ်မှ ပျောက်ကွယ်တော်မူကြပါလေပြီ၊ ထိုမှနောက် ဗြိတိသျှအစိုးရ လက်အောက်တွင် ရွှေမန်းမြို့ကြီး ကျရောက်ခဲ့သည်မှာ ၆၂ နှစ်တိုင်မျှ ကြာခဲ့ပါသည်။ ၁၃၀၉ ခု ပြာသိုလပြည့်ကျော် ၉ ရက် တနင်္ဂနွေနေ့တွင် မြန်မာ့လွတ်လပ်ရေးမော်ကွန်း ထက်မှတ်ထိုးခဲ့ပြီးနောက်မှ မြန်မာ့လက်သို့ ပြန်လည်ရရှိခဲ့ပါသည်။ မြန်မာလူမျိုးတို့ထက်ဝယ်သို့ ပြန်လည်ရရှိချိန်တွင် ရွှေမန်းမြို့ကြီး၏ ရွှေထီး ရွှေနန်း ရွှေကြာ့နှင့် ရှုမခန်းသော ရွှေကျောင်း ရွှေဘန်ဆောင်း ရွှေစေတီအပေါင်းတို့မှာ ပွင်းယိုပြိုကျ အပျက်ကြီးပျက်စီးခဲ့ကြရလေပြီ။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေချိန် ၁၉၄၂ ခုနှစ် ဖေဖေါ်ဝါရီလ ၁၉ ရက်နေ့တွင် မန္တလေးနန်းတော်အတွင်းရှိ အထက်မြန်မာ

ပြည် အဘင်းတိုက်ကို ဂျပန်လေယာဉ် ဗုံးများချကြသဖြင့် ပျက်စီးခဲ့ပါသည်။ ထိုနှစ် ဧပြီလ ၃ ရက် သောကြာနေ့ နံနက် ၁၁ နာရီ အချိန်တွင် ဂျပန်လေယာဉ်တစ်ကြိမ်သည် ထပ်မံ ပျံသန်းလာ၍ မန္တလေး လူနေရပ်ကွက်များကို အနှံ့အပြား ဗုံးကြဲချသဖြင့် တမြို့လုံး မီးဟုန်းဟုန်း တောက်လောင်ပြီး သေသူသေ၊ ရှင်သူပြေး မန္တလေးတမြို့လုံး အုံးအုံးကျက်ကျက်နှင့် ပျက်စီးခဲ့ရပါသည်။ ထို့နောက် ၁၉၄၅ ခုနှစ်တိုင်အောင် ဗြိတိသျှလေယာဉ်များက ရွှေနန်းတော်ကြီး တခုလုံးကို ဗုံးကြဲချပြီးရာ မြန်မာ့ယဉ်ကျေးမှု အနှစ်စုဖြစ်သော ရှေးဟောင်း အဆောက်အအုံနှင့် ဘုရားပုထိုးများ မီးလောင်ပြာကျခဲ့ရပါသည်။

"တဘက်ကြွားကြွားကြွ၊ မြင့်လွန်းကလည်း၊ လျှောကျ နောက်ဆုံးရှိချေ၏"ဟူသော ဆောင်ပုဒ်အရ မှန်ကင်းအလှည့်မှ ထင်းအလှည့်သို့ ရောက်ခဲ့ရသော ရွှေမန္တလေးနှင့်တကွ သုဂတိဘုံသို့ ကြွရောက်တော်မူကုန်သော ရွှေနန်းရှင်များနှင့် စည်းရှိကဝိသူမွန် တို့ကို ရည်ညွှန်းထမ်းတလျက် အသျှင်မဟာရဋ္ဌသာရဘူမြတ်ကဲ့သို့ ဤစာ "ရထနာပုံမ်နိဒါန်း" ကိုထည်း ထိုသို့ပင် နိဂုံးကမ္ပတ် သတ်ရပါတော့မည်။ အရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်သည် ကျေးဇူးရှင် မွေးစားအမိ မွေးစားအဘ ဖြစ်တော်မူကြသော ဒုတိယ မင်းခေါင်နှင့် မိဖုရားကြီးတို့ နတ်ရွာစံလွန်ခဲ့ပြီးနောက် ကျေးဇူးဆပ်သော အနေဖြင့် "ကိုးခန်းပျို့"ဟု ခေါ်သော ဆရာတော်၏ စတုဓမ္မသာရ ကိုးအုပ်ဖြင့် ထုပ်ထုပ်ပိုက်ပိုက် သဖြိုဟ်တော်မူလိုက်ကြောင်း ကိုးခန်းပျို့ နိဂုံးတွင်၊

နန်းတင်သမီး၊ စောင့်သီးသီလ၊ ဒါနဖြည့်ဆည်း၊ ရှစ်နှစ်ထည်းက၊ ခမည်းတော်ခင်း၊ မယ်တော်နှင်းသား၊ အရင်းအချော၊ ငါ့တကာနှင့်၊ ငါသာရဟန်း၊ လူဝယ်ထွန်

သား၊ ရွှင်လန်းမညှိုး၊ လွှန်မြတ်နိုး၍၊ မင်းစိုးမဆွစုံ၊ ရွှေဘုံ
မပျော်ညောင်း၊ ဗိမာန်မပြောင်းလည်း၊ ဇာတ်ပေါင်းကြီး
ချုပ်၊ ဇာတ်ထုပ်အုပ်မြင့်၊ ထုပ်ထုပ်မိုက်မိုက်၊ သမြိုဟ်သိုက်
၏၊ တိုက်ရိုက်နတ်နား၊ ကြွားပါသေ၍၊ နားစေလို၊ ထောင့်
တဆိုသည့်၊ ကုသိုလ်စေ၄ ဆုတောင်းတည်း။

ထိုနည်းစွာဝင် ရွှေမန်းမြို့ကောင်းစားစဉ်က ကျေးဇူးတော်ရှင် ကမျာထိုရ်ပုဂ္ဂိုလ်ကြီးများအား ရည်မှန်းလျက် ဤစာ နိဒါန်းဖြင့် ပူဇော်သမြိုဟ်ပါသည့်ပြင် အရှင်အဋ္ဌသမာဓိ၏ "နေမိဘုံခန်းပျို့" နိဂုံးအတိုင်း "ကုသိုလ်တာ၊ ငါလျှင်ပြုသား၊ သာဓုမြွက်ဟာ၊ ကျမ်းတောစကြောင့်၊ အဝေရှုနန်း၊ မင်းကောင်းထွန်းစေ" ဆိုသကဲ့သို့ ဤမြန်မာ့ရဋ္ဌ မြန်မာ့ပူရီ ပြည်တောင်စု မြန်မာပြည်ကြီးသည်လည်း သဗ္ဗကာလံ စိရံတိဋ္ဌတု ပြည့်ပအန္တရာယ် ထာဝစဉ်ကင်းရှင်းလျက် ကမ္ဘာတိုင်တည်မြဲပါစေသတည်းဟု ဆုမွန်ကောင်းတောင်း လိုက်ပါသတည်း။

ဒဂုန်နတ်ရှင်

စာကြည့်တိုက် တွင် သုံးရန်

တိုက်ပိုင် အမှတ်

၉၅၉.၁ ဒဂုန် နတ်ရှင်။

ဒ ရတနာပုံမ်နိဒါန်း။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၆။

၉၀ စာမျက်နှာ၊ ပြည်သူ့လက်စွဲစာစဉ်။

ရတနာပုံမ်(မန္တလေး)မြို့တော် တည်သည့် အကြောင်း၊မင်းတုန်းမင်းအကြောင်းနှင့် ရတနာပုံမ်ခေတ် သာသနာရေး၊ လူမှုရေး၊ စီးပွားရေးများကို ရေးထားသည်။

အဖိုး ၂